
ပညတ်တော်နှင့်
ယဇ်ပူဇော်ခြင်းများ
LAW &
OFFERING

# ပညတ်တော်နှင့် ယဇ်ပူဇော်ခြင်းများ

## သိက္ခာတော်ရ ဆရာမောဇက်ထောင်ကျုံး

### ကျေးဇူးတော် ချီးမွမ်းခြင်း

ဤဝတ်ပြုခြင်း ဆိုင်ရာပညတ်များနှင့် ယဇ်ပူဇော်ခြင်း စာအုပ်ကို၊ ထုတ်လုပ်ခွင့်ပေးသော အဘ ဘုရားသခင်ကို ပဌမ ဦးစွာ ကျေးဇူးတော် ချီးမွမ်းလိုပါသည်။ ဤစာအုပ်ကို သင်ခန်းစာအဖြစ် ပြုလုပ်ရခြင်းသည် စာဖတ် သူများ အနေဖြင့် တိကျမှန်ကန်စွာ နားလည်နိုင်ဘို့ရန် ဖြစ်သည်။ မေးခွန်းမမေးလျှင် ပေါ့လျော့တတ်သောကြောင့် မေးခွန်းများ မေးရခြင်း ဖြစ်သည်။ အဖြေများကို စာရွက်များဖြင့် ဖြေဆိုကာပြန်လည်စစ်ဆေးနိုင်ရန်၊  ကျွန်ုပ်ထံပေးပို့စေချင်ပါသည်။

ဤစာပေးစာယူဖြေဆိုခြင်းအားဖြင့် မိတ်ဆွေ၏ ဘုရားကို ယုံကြည်ကိုးကွယ်ခြင်းမှန်ကန်၍ ကောင်းကြီးများခံစားနိုင်ပါစေ။ အခြားသော သူများကိုလည်း ဖြေဆိုနိုင်ရန် မိတ်ဆက်ပေးစေချင်ပါသည်။ ဝတ်ပြုခြင်းဆိုင်ရာပညတ်တော်နှင့် ယဇ်ပူဇော်ခြင်းများသည်၊ ဘုရားသခင်ကို ကိုးကွယ်သောသူတိုင်း သိဘို့လိုအပ်သောအရာဖြစ်သည်။ ဘုရားသခင်ကို ကိုးကွယ်နည်း မသိလျှင် ဘုရားသခင် အထံတော် မှကောင်ကြီး မရသည်သာမက၊ ကျိန်ခြင်းအမင်္ဂလာသာခံစားနိုင်သည်။ ဘုရားသခင်ကို ကိုယ်လိုချင်သလို၊ ကိုးကွယ်၍မရပါ။ ဘုရားသခင်၏ အလိုတော်အတိုင်းကိုးကွယ်ဘို့ လိုအပ်သည်။ ဘုရားသခင်က သူ၏အလိုတော်များကို ကျမ်းစာထဲ၌ ရေးထားပြီး ဖြစ်သည်။ ထို့ကြောင့် ထိုဘုရားသခင်၏ အလိုတော်များကို လေ့လာရကြမှာဖြစ်သည်။

ခရစ်တော်၌

Rev.Moses R. Cung

## မာတိကာ


- သင်ခန်းစာ (၁) ပညတ်လေးမျိုး
- သင်ခန်းစာ (၂) လူနှစ်မျိုး
- သင်ခန်းစာ (၃) ဘုရား အလိုတော်အတိုင်း ကိုးကွယ်သူများ
- သင်ခန်းစာ (၄) အသက်ရှင်တော်မူသော ဘုရားကို သာကိုးကွယ်ရမည်
- သင်ခန်းစာ (၅) ဘုရားရှိသောနေရာ၌သာ ကိုးကွယ်ရမည်
- သင်ခန်းစာ (၆) ယဇ်ပုရောဟိတ် အားဖြင့်သာ ကိုးကွယ်ရမည်
- သင်ခန်းစာ (၇) ယဇ်ကောင် အားဖြင့်သာ ကိုးကွယ်ရမည်
- သင်ခန်းစာ (၈) စစ်မှန်သောကိုးကွယ်ခြင်း
- သင်ခန်းစာ (၉) ကောင်းကင်တဲတော် အရိပ်
- သင်ခန်းစာ (၁၀) သာ၍ကြီးမြတ်သော ယဇ်ပုရောဟိတ်
- သင်ခန်းစာ (၁၁) သာ၍ ကောင်းသော ယဇ်ကောင်
- သင်ခန်းစာ (၁၂) ယဇ်ပူဇော်ခြင်းများ၊ မီးရှို့ရာယဇ်
- သင်ခန်းစာ (၁၃) ဘောဇဉ်ပူဇော်သက္ကာ
- သင်ခန်းစာ (၁၄) အဦးသီးသော အသီး
- သင်ခန်းစာ (၁၅) မိဿဟာယယဇ်
- သင်ခန်းစာ (၁၆) အပြစ် ဖြေရာယဇ်

**သင်ခန်းစာ (၁)**

# ပညတ်လေးမျိုး

ကျမ်းစာထဲ၌ ပညတ်တော် ပေါင်း ၆၁၃ ပါးရှိသည်။ ထိုပညတ်တော်များသည် မောရှေရေးထားသော ပညတ္တိကျမ်းများဖြစ်သော

-ကမ္ဘာဦးကျမ်း (Genesis)
-ထွက်မြောက်ရာကျမ်း (Exodus)
-ဝတ်ပြုရာကျမ်း (Leveticus)
-တောလည်ရာကျမ်း (Numbers)
-တရားဟောရာကျမ်း (Deuteronomy) များ၌ရှိသည်။ ထိုပညတ်တော်များကို လေးပိုင်းပိုင်းနိုင်သည်။

**၁။ ဝတ်ပြုခြင်းဆိုင်ရာပညတ် (Ceremonial law)**
မည်သည့်ဘုရားကို မည်ကဲ့သို့ ကိုးကွယ်မည့် အကြောင်းများကိုဖေါ်ပြသည်။ ပညတ်တော် ဆယ်ပါးအထဲ၌ ပဌမ မှစတုတ္ထပညတ်အထိ၌ပါသော၊ ငါမှတပါးအခြားသောဘုရားကို မကိုးကွယ်ရ၊ ရုပ်တုမကိုးကွယ်ရ၊ ဘုရားနာမကို အလွဲမသုံးရ၊ ဥပုသ်နေ့စောင့်ပါဟူသော အရာတို့သည် ဝတ်ပြုခြင်းဆိုင်ရာပညတ်များဖြစ်သည်။

**၂။ အုပ်ချုပ်ရေးဆိုင်ရာပညတ် (Civil law)**
လူလူချင်းမည်ကဲ့သို့ အုပ်ချုပ်မည့် အရာများကိုဖေါ်ပြထားသောပညတ်ဖြစ်သည်။ အုပ်ချုပ်ရေးဆိုင်ရာပညတ်တချက်ကိုဖေါ်ပြပါက၊ “လူချင်းအမှုရှိ၍ မင်းထံ၌ အစီရင်ခံလျက်၊ မင်းရှေ့မှာ တရားတွေ့ကြသောအခါ၊ ဖြောင့်မတ်သောသူကို အပြစ်လွတ်စေခြင်း ငှါငင်း၊ ဆိုးသောသူကို အရှုံးခံစေခြင်းငှါငင်း၊ စီရင်ရမည်။ ဆိုးသောသူသည် အရိုက်ခံထိုက်လျှင်၊ တရားသူကြီးသည်ကိုယ်မျက်မှောက်၌ သူ့ကိုချ၍၊ အပြစ်နှင့်အလျောက် မည်မျှသော ဒဏ်ချက်ဖြင့် ရိုက်စေရမည်။ သို့သော်လည်း ဒဏ်ချက်လေးဆယ်ထက် မလွန်စေရ။ လွန်၍ များစွာသော ဒဏ်ချက်ဖြင့်ရိုက်လျှင်၊ သင်၏အမျိုးသားချင်းသည် ယုတ်ညံ့သောသူ ဖြစ်ဟန်ရှိမည်ဟု စိုးရိမ်စရာရှိ၏။ (တရား၂၅:၁-၃)

### ၃။ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာပညတ် (Moral law)

လူလူချင်းမည်ကဲ့သို့ ပေါင်းသင်းဆက်ဆံကြမည့် အကြောင်းများကိုဖော်ပြထားသော ပညတ်ဖြစ်သည်။ ပညတ်တော်ဆယ်ပါးအထဲ၌ ပဉ္စမပညတ်မှဒသမပညတ်အထိ၌ ပါသော အောက်ပါပညတ်များသည် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာပညတ်များဖြစ်သည်၊ "သင်၏ဘုရားသခင် ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ သင်၏အသက်တာ ရှည်မည်အကြောင်း၊ သင်၏မိဘကို ရိုသေစွာပြုလော့။ လူအသက်ကိုမသတ်နှင့်။ သူ့မယားကိုမပြစ်မှားနှင့်။ သူ့ဥစ္စာကိုမခိုးနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သော သက်သေကို မခံနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အိမ်ကိုတပ်မက်လိုချင်သော စိတ်မရှိစေနှင့်။ ကိုယ်နှင့် စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန်ယောကျာ်းမိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစုံတခု ကိုမျှတပ်မက်လိုချင်သောစိတ်မရှိစေနှင့်ဟု မိန့်တော်မူ၏။ (ထွက်၂၀:၁၂-၁၇)

### ၄။ စားသောက်ခြင်း ဆိုင်ရာပညတ် (Dietary law)

မည်သည့်အစားအစာများစား၍၊ မည်သည့်အစာများရှောင်ရမည်ဟူသော ပညတ်များ ဖြစ်သည်။ လူအများစုကကိုယ်ကျင့်တရားပိုင်းဆိုင်ရာပညတ်နှင့် အုပ်ချုပ်ရေးဆိုင်ရာပညတ်များကိုသာသိ၍ စားသောက်ခြင်းဆိုင်ရာပညတ်နှင့်ဝတ်ပြုခြင်းဆိုင်ရာပညတ်များကိုမသိကြ၊ အရေးကြီးသည်ဟု မထင်သောကြောင့် မိမိကြိုက်နှစ်သက်သလိုစားသောက်ကြ၊ ကိုးကွယ်ကြသည်။ စားသောက်ခြင်း ဆိုင်ရာ ပညတ်ချိုးဖောက်လျှင် ကိုယ်ခန္ဓာကခံစားရသည်။ ဝတ်ပြုခြင်းဆိုင်ရာပညတ်ချိုးဖောက်ပါက ဝိညာဉ်ကခံစားရသည်။ ကိုယ်ကျင့်ပိုင်းဆိုင်ရာပညတ်ချိုးဖောက်ပါက၊ အဓိကအားဖြင့်စိတ်က ခံစားရသည်။ စားသောက်ခြင်း ဆိုင်ရာနှင့်ပတ်သက်၍၊ ဘုရားသခင်က သန့်ရှင်းသော အစားအစာနှင့် မသန့်ရှင်းသော အစားအစာကို ဝတ်ပြုရာကျမ်းအခန်းကြီး၁၁၌ ဤသို့ ဖော်ပြထားသည်။ "ခွါကွဲပြား၍ စားမြုံ့ပြန်သောသားများကို သင်တို့သည် စားရသောအခွင့်ရှိ၏။ သို့သော်လည်း၊ စားမြုံ့ပြန်သောသား၊ ခွါကွဲပြားသောသားတို့တွင် မစားရသောသားဟူမူကား၊ ကုလားအုပ်သည် စားမြုံ့ပြန်သော်လည်း ခွါမကွဲပြားသောကြောင့် သင်တို့၌မစင်ကြယ်။ ရှာဖန် (ယုန်) သည် စားမြုံ့ပြန်သော်လည်း၊ ခွါမကွဲပြားသောကြောင့် သင်တို့၌မစင်ကြယ်။ အာရနဘက် (ယုန်) သည်စားမြုံ့ပြန်သော်လည်း၊ ခွါမကွဲပြားသောကြောင့် သင်တို့၌မစင်ကြယ်။ ဝက်သည် ခွါကွဲပြားသော်လည်း၊ စားမြုံ့မပြန် သောကြောင့် သင်တို့၌မစင်ကြယ်။ ထိုသို့သော တိရစ္ဆာန်အသားကို မစားရ။ အသေကောင်ကိုလည်း မထိရ။ မစင်ကြယ်ဟု သင်တို့ မှတ်ရကြမည်။ (ဝတ်၁၁:၃-၈)

**အသွေးနှင့် တိရစ္ဆာန်ဆီ**

ဘုရားသခင်သည် သူဖန်ဆင်းသော တိရစ္ဆာန်များ၏ ဆီနှင့် အသွေးများကို မစားဘို့ရန် ပညတ်ထားခဲ့သည်။

"သင်တို့ အမျိုးအစဉ်အဆက်တို့သည်၊ နေလေရာရာ၌ ဆီဥကို မစားရ၊ အသွေးကို မစားရ၊ ထာဝရ ပညတ်တော် ဖြစ်သည်ဟု မိန့်တော်မူ၏။" (ဝတ်၃:၁၇)

"သင်တို့သည် နေလေရာရာ၌ ငှက်သွေး၊ သား သွေးမှစ၍ အသွေးမည်မျှကို မစားရ။" (ဝတ်၇:၂၆)

" ဣသရေလ အမျိုးသား မှစ၍၊ သင်တို့တွင် တည်း နေသော တပါးအမျိုးသား တစုံတယောက်သည်၊ အသွေးတမျိုးမျိုးကို စားလျှင်၊ ထိုသူကို ငါသည် မျက်နှာထား၍ သူ၏ အမျိုးမှငါပယ်ရှင်းမည်။ အကြောင်းမူကား၊ ကိုယ်ခန္ဓာအသက်သည် အသွေး၌ တည်၏။ သင်တို့ ပြုသော အပြစ်ကို ဖြေစေ ခြင်းငှါ၊ ထိုအသွေးကို သင်တို့အား ယဇ်ပလ္လင်ပေါ်မှာ ပါပေးပြီ။ လူအပြစ်ကို ဖြေသော အရာကား၊ အသွေး ဖြစ်သတည်း။ ထိုကြောင့် သင်တို့၌ အဘယ်သူ မျှအသွေးကို မစားရ။ သင်တို့တွင် တည်း နေသော တပါးအမျိုးသားလည်း အသွေးကို မစားရဟု ဣသရေလ အမျိုးသား တို့အား ငါအမိန့်တော် ရှိ၏။ ဣသရေလ အမျိုးသား မှစ၍ သင်တို့တွင် တည်း နေသော၊ တပါးအမျိုးသား တစုံတယောက်သည် မုဆိုးလုပ်၍ စားစရာဘို့ သား၊ ငှက်ကို ဘမ်းမိလျှင်၊ အသွေးကို သွန်၍ မြေနှင့် ဖုံးရမည်။ အသွေးသည် ခပ်သိမ်းသောကိုယ်ခန္ဓာအသက် ရှင်ရာအကြောင်း ဖြစ်၏။" (ဝတ်၁၇:၁၀-၁၄)

အချို့သော သူများက အသွေးနှင့် အဆီစားခြင်း ဖြင့် ကယ်တင်ခြင်းရှုံးမည်လောဟု မေးနိုင်သည်။ ကယ်တင်ခြင်းသည် ဆီနှင့် အသွေးစားခြင်း ဖြင့် မဆုံးရှုံးနိုင်ပါ။ သို့သော် အသွေး၌ ရောဂါများ၍ အဆီသည် သွေးကြောပိတ်စေနိုင်သည်။ ထို့ကြောင့် မိမိကိုယ်ခန္ဓာကို ကျန်းမာစေလို၍ အသက်တာ ရှည်လိုလျှင် အသွေးနှင့် ဆီကို မစားသင့်ချေ။ ဘုရားသခင်သည် သူဖန်ဆင်းထားသော အရာများကို သိသည်။ ထို့ကြောင့် လူအတွက် မစားမည့် အရာများကို သတိပေးသည်။ နားမထောင်သော သူသည် နာတာရှည် ရောဂါရနိုင်သည် သာမကလောက၌ အသက်တာတိုတောင်းနိုင်သည်။ အသွေးနှင့် အဆီသာမက မစားသင့်သော အရာများမှာ၊ ကြက်ဥအနှစ်၊ ရိုးတွင်း ခြင်ဆီမှန်သမျှ၊ ဦးနှောက်၊ မလိုင်၊ တိရစ္ဆာန်အရေခွံများ မစားသင့်ချေ။ အရသာရှိသည်ဟုဆိုသော အချိုအစိမ့်များကို ရှောင်သင့်သည်။ အထူးသဖြင့် တိုးတက်သော နိုင်ငံ၌ နေသော သူများရှောင်သင့်သည်။ ထိုအရာများ အစားဟင်းသီး

ဟင်းရွက်နှင့် သစ်သီးဝလံများများများ စားသင့်သည်။ အစားအသောက်မဆင်ခြင်သောကြောင့် အချို့သော သူများ လေဖြတ် ရောဂါ၊ နှလုံးသွေးကြော၊ ဦးနှောက်သွေးကြောပိတ်ကာမ မျှော်လင့်ဘဲ အသေစော ကြသည်။ ထိုအခါ ယုံကြည်သူ ဖြစ်လျှင် ဘုရား၏ အလိုတော်ကြောင့်ဟုဆို ကြသည်။ မယုံကြည်သူ ဖြစ်လျှင် ကံဆိုးသည်ဟုဆို ကြသည်။ အမှန်မှာ ဘုရားသခင်က ရှည်သော အသက်တာကို ပေးလိုသော်လည်း သူပညတ်ထားသော စားသောက်ခြင်း ဆိုင်ရာပညတ်ကို ချိုးဖေါက်သောကြောင့် စောစော စီးစီးသေရ ကြသည်။ သေသော သူသည် ဘာမျှ မသိတော့သော်လည်း ကျန်ရစ်သူမိသား စုများ အလွန် နာကျင်စွာ ခံစားရကြသည်။

## ကိုယ်ကျင့်တရားပိုင်းဆိုင်ရာပညတ်

ကောင်းကင် နိုင်ငံရောက်မရောက်လည်းကိုယ်ကျင့်တရားဖြင့် တိုင်း တာ ကြသည်။ ကိုယ်ကျင့်တရားကောင်းပါကကောင်းကင် နိုင်ငံသို့ ပို့ဆောင်၍ မကောင်းပါကငရဲသို့ ချပစ် ကြသည်။ သို့သော်ကောင်းကင် ပိုင်ရှင် ဘုရားသခင်က မူဝတ်ပြုခြင်း ဆိုင်ရာပညတ်ဖြင့် တိုင်း တာကြောင်း တွေ့ရသည်။ ထိုအရာကို မည်ကဲ့သို့ သိရသနည်းဟူမူကား၊ သခင်ယေရှု ကကိုယ်ကျင့်တရားပိုင်း၌ အလွန် လိုက်စားသော ဖါရိရှဲများထံ၊ "အခွန်ခံတို့နှင့် ပြည် တန်ဆာတို့သည် သင်တို့ အရင် ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်တတ်ကြ၏၊ "ဟုဆိုခဲ့သည်။ (မ၂၁:၃၁) အခွန်ခံနှင့် ပြည့်တန်ဆာ တို့သည် သူတို့ ခေတ်၌ အလွန် အပြစ် ကြီးသည်ဟု သတ်မှတ်ခြင်း ခံရ၍ မည်သူကမျှ မပေါင်းဖေါ်လိုကြ။ သို့သော်သခင်ယေရှု ကသင်တို့ အရင်ကောင်းကင် နိုင်ငံသို့ ရောက်မည်ဟုဆိုသည်။ ဘုရား တရား၌ အလွန် စိတ်အားကြီးသော ဣသရေလ များနှင့် ပတ်သက်၍ ရှင်ပေါလုက ဤသို့ ဆိုခဲ့သည်။ "ညီအစ်ကိုတို့၊ ဣသရေလ လူတို့သည် ကယ်တင် တော်မူခြင်းသို့ ရောက်စေခြင်းငှါ၊ ငါ၏ စေတနာအလိုရှိ၍ ဘုရားသခင်ကို ဆုတောင်း လျှောက်၏။ ထိုသူတို့သည် မှန်သော ပညာမရှိသော်လည်း၊ ဘုရားသခင် ဘက်၌ စိတ်အားကြီးသည်ဟု သူတို့ အဘို့ ငါသက်သေခံ၏။ ထိုသူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကို မသိဘဲ၊ ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်းငှါ ရှာကြံသောကြောင့်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကို ဝန်မခံကြ။" (ရော၁၀:၁-၃)။ ဣသရေလ လူများသည် ဘုရား ဖက်၌ စိတ်အားကြီးသော်လည်း အဘယ်ကြောင့် ကယ်တင်ခြင်းသို့ မရောက်သနည်းဟူမူကား ဘုရားသခင် ကိုးကွယ်နည်း မမှန်သောကြောင့် ဖြစ်သည်။ သူတို့သည် ဝတ်ပြုခြင်း ဆိုင်ရာ၌ မှားယွင်း၍ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ၌ ကြိုးစားအား ထုတ် ကြသည်။ သူတို့ ကဲ့သို့ ဘုရားသခင်ကို ကိုးကွယ်မမှားဘို့ အရေးကြီးသည်။

**ကိုးကွယ်မှားခြင်း**

စကားပုံ၌ ကုန်သွယ်မှားလျှင် တခေါက်၊ တောင်ယာခုတ်မှားလျှင် တနှစ်၊ အိမ်ထောင်ပြုမှားလျှင် တသက်၊ ဟုဆိုသည်။ ထိုစကား ပုံသည် အဆုံး၌ကိုးကွယ်မှားလျှင်ထာဝရဟု ထပ်ထည့်ဘို့ လိုသည်။ ကုန်သွယ်မှားလျှင် ငွေများစွာ ရှုံးသောကြောင့် နောင်တ ရစရာ ပင်။ တောင်ယာ ခုတ်မှားလျှင် တနှစ်လုံးဝမ်းစာဆုံးရှုံးသောကြောင့် ပြဿနာ၊ အိမ်ထောင်ပြုမှားလျှင် တသက်လုံးစိတ်ဒုက္ခ ရောက်နိုင်သည်။ သို့သော်ထိုအရာအားလုံးထက် အလွန် အရေးကြီးသော အမှားမခံရမည့် အရာသည်ကိုးကွယ်ခြင်း ပင်ဖြစ်သည်။ ကိုးကွယ်မှားခြင်းသည် သေပြီးမှသာလျှင် သိရမှာ ဖြစ်၍၊ ထာဝရ ကာလတိုင်အောင် ခံစားရမှာ ဖြစ်သောကြောင့်၊ အလွန် သတိထားရမည်။ သို့သော်လူအများစုကလစ်လျူရှု ကြသည်။

**သင်ခန်းစာ (၁) မေးခွန်းများ**

၁။ ကျမ်းစာ၌ ပညတ်တော် ဘယ်နှစ်ပါးရှိသနည်း။ ……..

၂။ ပညတ္တိကျမ်းများကို ဖေါ်ပြပါ။ ………..

၃။ ပညတ်တော်များကို၏ ပိုင်းပိုင်းနိုင်သည်။ ထိုအရာများ မှာ၏တို့ ဖြစ်သည်။ ……

၄။ လူအများ သိ၍ အဓိကထားသော အရာသည် ………………………..ဆိုင်ရာပညတ် ဖြစ်သည်။

၅။ စားသောက်ခြင်း ဆိုင်ရာပညတ်မလိုက်လျှင် ………………….ကခံစား၍ ဝတ်ပြုခြင်း ဆိုင်ရာပညတ်ချိုးဖေါက်လျှင် ————ကခံစားရမှာ ဖြစ်သည်။

၆။ မည်သို့သော တိရစ္ဆာန်၏ အသားများမစားရသနည်း…………..

၇။ တိရစ္ဆာန်အဆီသည် သွေးကြော———စေနိုင်သည်။

၈။ လူအများ ထင်မှတ်သည် မှာ……………………ပိုင်းရာပညတ်ဖြင့် ကောင်းကင်နိုင်ငံရောက်မရောက်သတ်မှတ်သော်လည်း ဘုရားသခင်က မူ………………………………ဆိုင်ရာပညတ်ဖြင့် သတ်မှတ်သည်။

၉။ ဣသရေလ လူများ ဘုရား ဖက်၌ စိတ်အားကြီးသော်လည်း၊ အဘယ်ကြောင့် ကယ်တင်ခြင်းသို့ မရောက်ကြသနည်း။ ……………………………………..

၁၀။ ကိုးကွယ်မှားခြင်းသည် အရေးကြီး ပါသလား။ အဘယ်ကြောင့် နည်း။ ……………………

**သင်ခန်းစာ (၂)**

# လူနှစ်မျိုး

လောက၌ လူများစွာ ရှိသော်လည်း နှစ်မျိုးအားဖြင့် ခွဲခြားနိုင်သည်။ ထိုအရာမှာကိုးကွယ်ခြင်း ဘာသာရှိသော သူနှင့်ကိုးကွယ်ခြင်း ဘာသာမရှိသော သူတို့ ဖြစ်သည်။

**ကိုးကွယ်ခြင်း ဘာသာရှိသောသူ**
ကိုးကွယ်ခြင်း ဘာသာရှိသော သူများသည် ဤလောက အသက် ရှင်စဉ်အတွက် သာ မဟုတ်ဘဲ၊ တမလွန်ဘဝအတွက် ပါ ပြင်ဆင်သော သူများ ဖြစ်ကြသည်။

**ကိုးကွယ်ခြင်း ဘာသာမရှိသောသူများ**
ဤ သူများသည် တမလွန်ဘဝအတွက် ဘာမျှမစဉ်းစား၊ လောလောဆယ်ဘဝအတွက် သာလျှင် အသက် ရှင် ကြသည်။ ထိုသူများကို ဘုရားသခင်က လူမိုက်များဟု ခေါ်သည်။ သခင်ယေရှုက၊ "တဖန် ဥပမာစကားကို မိန့်တော်မူသည်ကား၊ သူဌေးတဦး၌ မြေကောင်း၍ အသီးအနှံများ လှ၏။ ထိုသူဌေးက၊ ငါသည် အဘယ်သို့ ပြုရမည်နည်း။ အသီးအနှံများကို သိုထားစရာ အရပ်မရှိ။ ပြုမည်အကြံမူကား၊ ငါ့တိုက်များကို ဖျက်၍ ကျယ်သော တိုက်တို့ကို တည်ပြီးမှ၊ ငါ၏ အသီးအနှံဥစ္စာရှိသမျှ တို့ကို သိုထားမည်။ ငါ့ဝိညာဉ်အား လည်း၊ အချင်း ဝိညာဉ်၊ သင်သည် နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက် ရှိပြီ။ ငြိမ်ဝပ်စွာ နေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့၊ ငါပြောမည်ဟု သူဌေးအကြံရှိ၏။ ထိုသို့ အကြံရှိစဉ်တွင် ဘုရားသခင်က၊ အချင်းလူမိုက်၊ ယနေ့ ညဥ့်ပင်သင်၏ ဝိညာဉ်ကို ရုပ်သိမ်းရာအချိန် ရောက်လိမ့်မည်။ သို့ဖြစ်၍ သင်သည် ပြင်ဆင် သိုထားသော ဥစ္စာကို အဘယ်သူ ပိုင်မည်နည်းဟု၊ သူဌေးအား မိန့်တော်မူ၏။"ဟု ဥပမာပေးခဲ့သည်။ (လု၁၂:၁၆-၂၀)။

ထို့ကြောင့် တမလွန်ဘဝအတွက် ပြင်ဆင်မှု မရှိ၊ စဉ်းစားခြင်း မရှိသော သူတို့သည် လူမိုက်များ ပင် ဖြစ်သည်။ လူမိုက်များ အတွက် ကောင်းကင်နိုင်ငံ ရောက်မရောက်သည် စဉ်းစားစရာ မရှိ။ ငရဲသည်

ထိုသူများ အတွက် ဖြစ်သည်။ အကြောင်းမှာ ကောင်းကင် ဘုံအရှင်ကို မကိုးကွယ်လျှင်၊ အဘယ်ကဲ့သို့ ထိုနိုင်ငံသို့ ရောက်နိုင်မည်နည်း။ အလွန် ဝမ်းနည်းစရာပင်။

**ကိုးကွယ်သောဘုရားနှစ်မျိုး**

ကိုးကွယ်ခြင်း ပြုသော သူတို့ကို၊ သူတို့ကိုးကွယ်သည့်အရာပေါ်မှာ မူတည်၍ နှစ်မျိုးထပ်မံ ခွဲခြားနိုင်သည်။ ၎င်းတို့ မှာအခြားဘုရားကိုးကွယ်သော သူနှင့် အသက် ရှင် တော်မူသော ဘုရားကိုးကွယ်သော သူတို့ ဖြစ်သည်။

**အခြားဘုရားကိုးကွယ်သောသူ**

ကမ္ဘာပေါ်၌ကိုးကွယ်သည့်ဘာသာမြောက်များစွာ ရှိ၍ ကိုးကွယ်သော သူများလည်း များစွာ ရှိသော်လည်း အသက် ရှင် တော်မူသော ဘုရား မဟုတ်၊ အခြားဘုရားကိုးကွယ်သော သူများရှိသည် ကျမ်းစာ၌ ဤသို့ ရေးထားသည်။ " သာသနာ ပလူတို့သည်၊ ပူဇော်သော ယဇ်ကို ဘုရားသခင်အား ပူဇော်ကြသည် မဟုတ်။ နတ်ဆိုးတို့အား ပူဇော်ကြ၏။" (၁ကော၁၀:၂၀)။ ထိုသို့ အသက် ရှင် တော်မူသော ဘုရားကို မကိုးကွယ်သော သူမှန်သမျှ တို့သည် နတ်ဆိုးတို့ အားကိုးကွယ်သဖြင့် သူတို့၏ ဝိညာဉ် မည်သည့်နေရာသို့ ရောက်မည်ဟု ထင်ရှားလျက် ရှိသည်။ နတ်ဆိုး စာတန် ကိုးကွယ်သောကြောင့် စာတန် နေမည့် နေရာငရဲအိုင်ထဲသို့ ရောက်ရကြမှာ ဖြစ်သည်။ ထို့ကြောင့် သူတို့၏ အကျင့်၊ ကောင်းမှု ကုသိုလ်နှင့် ကြိုးစားအား ထုတ်မှုများ ထည့်တွက်စဉ်းစားစရာ မလိုတော့ချေ။ အလွန် ဝမ်းနည်းစရာ ပင်။

**အသက် ရှင်သော ဘုရားကိုးကွယ် သူများ**

အသက် ရှင်သော ဘုရားကိုးကွယ် သူများရှိကြသည်။ ထိုသူများသည် ကောင်းကင် ပိုင်ရှင်ကို ကိုးကွယ်သောကြောင့် ကောင်းကင် ရောက်ဘို့ရန် နီးစပ်သည်။ သို့သော်အားလုံးကောင်းကင် နိုင်ငံဝင်ရကြမည် မဟုတ်။ အကြောင်းမှာ သူတို့၏ကိုးကွယ်နည်း အပေါ်မှာ အဆုံးအဖြတ်ပေးမှာ ဖြစ်သည်။

အသက် ရှင်သော ဘုရားကို ကိုးကွယ်သော သူများကို နှစ်မျိုး ခွဲခြားနိုင်သည်။ ၎င်းတို့မှာ၊ ကိုယ့်အလိုအတိုင်းကိုးကွယ်သော သူများနှင့် ဘုရား အလိုတော် အတိုင်းကိုးကွယ်သော သူများ ဖြစ်သည်။

ဤလူများသည် အသက် ရှင်သော ဘုရားကို ကိုးကွယ်ကြပါသည်။ ကိုယ့်အလိုအတိုင်း ဘုရားကိုးကွယ်သော သူအမျိုးမျိုးရှိကြသည်။ အချို့သော သူများသည် ဘုရားသခင်ကို အမှန်ပင်ချစ်ကြသည်။ ဘုရား အလိုတော် အတိုင်းလည်း အသက် ရှင်လိုသော်လည်း မသိသောကြောင့် မှားယွင်းသော သူများရှိသည်။ ထိုသူများသည် ရိုးသားစွာ မှားယွင်းသော သူများ ဖြစ်သည်။ အချို့သော သူများသည် ဘုရားကို မချစ်။ သို့သော်မိဘများ လက်ထက် မှစ၍ ဘုရားကိုးကွယ်သောကြောင့်၊ အစဉ်အလာ ဖြစ်၍ ကိုးကွယ်သည်။ ထိုကဲ့သို့သော သူများသည် ဘုရားသခင်ကို ယုံကြည် အားကိုးခြင်း မရှိ။ ထိုကြောင့် ဘုရားသခင်၏ အလိုတော်သည် သူတို့အတွက် အရေးမကြီး၊ မိမိ အလိုဆန္ဒ ပြည့်ခြင်းသည် သာအရးကြီးသည်။ ဘုရား၏ အလိုတော်ကို စိတ်မဝင်စား။ နားလည်း မထောင်။ ပြော၍လည်း မရ။ အလွန် သနားစရာ ပင်။ အချို့သော သူများသည် ဘုရားကို ယုံကြည် သောကြောင့် မဟုတ်၊ အသက် မွေးဝမ်းကြောင်း အတွက်ကိုးကွယ်သော သူများ ဖြစ်သည်။ ထိုသူများသည် အမည်ခံဘုရား အမှု ဆောင်များ ဖြစ်သည်။ အချို့သော သူများသည် အခြား သူများနှင့် မတူညီမှာစိုးသောကြောင့် သာကိုးကွယ် ကြသည်။ ထို့ကြောင့် ဘုရား အလိုတော်သည် လုံးဝ အရေးမကြီး။ အချို့သော သူများသည်လောက ဥစ္စာပစ္စည်းရှာဖွေခြင်း၊ လောက ပျော်ရွှင်မှုများ ရှာဖွေ နေသောကြောင့် ဘုရား၏ အလိုတော်ကို ဂရုမစိုက်ကြချေ။ ဘုရား ကျောင်းရောက်နိုင်ခြင်းသည် ထိုသူများ အတွက်တော်လောက်ပြီ။ လူငယ်များ အတွက် ဘုရားကျောင်း သွားခြင်းသည် လူပျိုအပျိုငန်းဘို့ သာလျှင် ဖြစ်သောကြောင့် ဘုရားသခင်၏ အလိုတော်သည် သူတို့ အတွက် လုံးဝ အရေးမကြီးချေ။ ဘုရား ကျောင်းသည် သီချင်း နားထောင်သော နေရာလူများ တွေ့ဆုံရာသော နေရာသာလျှင် ဖြစ်သည်။ အချို့သော သူများ အတွက် အသင်းတော်၏ လုပ်ထုံးလုပ်နည်းသည် အလွန် အရေးကြီးသည်ဟု ထင်ပြန်၍ ဘုရားသခင်၏ အလိုတော် ပင် မသိနိုင်တော့ချေ။ အသင်းတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ စည်းကမ်းစည်းမျဉ်းများကို သာစိတ်ဝင်စားသည်။ အသင်းတော် ဘဏ္ဍာတိုးတက်ဘို့ သာလျှင် စိတ်ဝင်စားတတ်သည်။ ကျမ်းစာ ထဲမှကိုယ့်အလိုအတိုင်း ဘုရားကိုးကွယ် သူများ လေ့လာကြပါစို့။

**ကာဣန**

အာဒံ၏သား ကြီး ကာဣနသည် လယ်ထွက်သီးနှံများနှင့် ဘုရားသခင်ကို ပူဇော် သောအခါ၊ ဘုရားသခင်က လက်မခံခဲ့ချေ။ လက်မခံရခြင်း၏ အကြောင်းရင်းကိုလည်း ဘုရားသခင်က ဤသို့ ပြောခဲ့သည်။ “ထာဝရ ဘုရား ကလည်း၊ သင်သည် အဘယ်ကြောင့် စိတ်ဆိုးသနည်း။ အဘယ်ကြောင့် မျက်နှာပျက်သနည်း။ သင်သည် ကောင်းမွန်စွာ ပြုလျှင် အခွင့်မရလော။ ကောင်းမွန်စွာ မပြုလျှင်၊ အပြစ် ဖြေသော ယဇ်ကောင်သည် တံခါးနားမှာဝပ်လျက် ရှိ၏။ သူသည် သင်၏ အလိုသို့ လိုက်၍၊ သင်သည် သူ့ကို အုပ်စိုးရ၏ဟု ကာဣနကို မိန့်တော်မူ၏။” (ကမ္ဘာ၄:၆၊ ၇)။ ကာဣနသည်

ဘုရားသခင်ကို ကိုးကွယ်မှားခဲ့သည်။ ဘုရားသခင် အလိုရှိသော အရာကို မပေးဘဲ မိမိ အလိုရှိသော အရာကို ပေးခဲ့သည်။ ထိုအခါ ဘုရားသခင်က လက်မခံချေ။ ထိုကဲ့သို့ ကိုးကွယ်မှားပြီးသော်လည်း ဘုရားသခင်က သူ၏ အလိုတော်ကို ပြန်လည် ဖေါ်ပြသည်။ တံခါးနား၌ အပြစ် ဖြေသော ယဇ်ကောင်ကို ထားပေးခဲ့သည်။ ထိုအရာကို အသုံးပြုဘို့ ဖြစ်သည်။ ကာဣနသည် ဘုရား စီစဉ်ပေးသော ထိုယဇ်ကောင်ကို အသုံးပြုခဲ့သော်သူ့ကို ဘုရားသခင်က လက်ခံမှာ ဖြစ်သည်။ သို့သော် ကာဣနသည် ထိုယဇ်ကောင်ကို အသုံးမပြုဘဲ၊ သူ့ညီကို သတ်ခဲ့သည်။ နောက်ဆုံး၌ ဘုရားသခင် အထံတော်မှ ထွက်ခွါသွားခဲ့သည်။ ကာဣနသည် ဘုရား ကိုးကွယ်မှားသောကြောင့် ဆက်တိုက်အပြစ် ကျူးလွန်သည်။ ပဌမ ဦးစွာ စိတ်ဆိုး၍ မျက်နှာပျက်သည်။ ဘုရား ပြောသော အရာကို လက်မခံချေ။ သူ့ညီကို မနာလို ဖြစ်၍ ရန်ရှာကာ သတ်ခဲ့သည်။ ထာဝရ ဘုရား ကလည်း၊ "သင့်ညီအာဗေလသည် အဘယ်မှာ ရှိသနည်းဟု၊ ကာဣနကို မေးတော်မူ လျှင်၊ အကျွန်ုပ် မသိပါ။ အကျွန်ုပ်သည် ညီကို စောင့်ရသောသူ ဖြစ်ပါသလောဟု လျှောက်ဆို၏။" (ကမ္ဘာ၄:၉)။ သူသည် လိမ်ပြောသည်။ နောက်ဆုံး၌ ဘုရားသခင် ထံမှ ထွက်သွားသည် ကာဣနကဲ့သို့ ဘုရားသခင်က ိုု၊ ကိုးကွယ်မှားလျှင် အပြစ် တခုပြီး တခုကျူးလွန် မည်သာ ဖြစ်သည်။

**ရှင်ဘုရင်ရှောလု**

ဣသရေလ လူများ၏ ပဌမ ဦးဆုံးသော ရှင်ဘုရင်သည် ရှောလု ဖြစ်သည်။ ၁ရာ၁၃ထဲ၌ ဣသရေလ လူများသည် ဖိလိတ္တိလူများနှင့် စစ်တိုက်ဘို့ ဖြစ်သည်။ ယဇ်ပုရောဟိတ် ရှာမွေလကရှောလုထံ၊ "သင် သည်လည်း ငါ့ရှေ့မှာ ဂိလဂါလမြို့သို့ သွားရမည်။ ငါသည်လည်း မီးရှို့ရာယဇ်၊ မိဿဟာယယဇ်တို့ကို ပူဇော်ခြင်းငှါ၊ သင်ရှိရာသို့ လာမည်။ ငါလာ၍ သင်ပြုရသော အမှုကို မပြမီတိုင်အောင် သင်သည် ငံ့နေရမည်ဟုဆို၏။" (၁ ရာ ၁၀:၈) သို့သော်ရှောလုသည် စိုးရိမ် လာသည်။ ရန် သူများလည်း တဖြည်းဖြည်းနီးကပ်လာပြီ။ သူ၏ စစ်သား များလည်း တယောက်ပြီး တယောက် ထွက်ပြေးကြပြီ။ ရှောလုကယဇ်ပုရောဟိတ် ရှာမွေလကို ခြောက်ရက်လုံးလုံး စောင့်နိုင်သော်လည်း ခုနစ်ရက်မြောက်သော နေ့၌ မစောင့်နိုင်တော့ချေ။ သူကိုယ်တိုင် ယဇ်ပူဇော်လိုက်သည်။ ရှောလုကလည်း၊ " မီးရှို့ရာယဇ်နှင့် မိဿဟာယပူဇော်သက္ကာတို့ကို ငါ့ထံသို့ ယူခဲ့ကြဟုဆိုသဖြင့်၊ မီးရှို့ရာယဇ်ကို ပူဇော်လေ၏။ မီးရှို့ရာယဇ်ပူဇော်ခြင်း အမှု ပြီးသည်။ အဆုံး၌ ရှမွေလသည် လာ၏။ ရှောလုသည် ကောင်းကြီး ပေး၍ ခရီး ဦးကြိုပြုခြင်းငှာ ထွက်သွားလျှင်၊ ရှမွေလက၊ သင်သည် အဘယ်သို့ပြုသနည်းဟု မေးသော်၊ ရှောလုက၊ လူများ တို့သည် အကျွန်ုပ်ထံမှ ထွက်ပြေးကြောင်း၊ ကိုယ်တော်သည် ချိန်းချက်သော အချိန်၌ မရောက်ကြောင်း၊ ဖိလိတ္တိ လူတို့သည် မိတ်မတ်မြို့၌

စုဝေးကြောင်း များကို သိမြင် သောအခါ၊ ဖိလိတ္တိလတို့သည် ငါရှိရာဂိလဂါလမြို့သို့ စစ်ချီကြလိမ့်မည်။ ထာဝရ ဘုရားကို ငါမတောင်းပန်သေးဟု အကျွန်ုပ်အောက်မေ့သဖြင့်၊ ကိုယ်ကို အနိုင်ပြု၍ မီးရှို့ရာယဇ်ကို ပူဇော်မိပြီဟု ပြန်ပြော၏။ ရှမွေလကလည်း သင်သည် မှားပြီ။ သင်၏ ဘုရားသခင် ထာဝရ ဘုရား ထား တော်မူသော ပညတ်တရားကို မစောင့်ပါတကား။ စောင့်မိလျှင်၊ ထာဝရ ဘုရားသည် ဣသရေလ အမျိုး၌ သင်၏ အာဏာကို ယခုမှစ၍ အစဉ်အမြဲတည်စေ တော်မူ ပြီ။ ယခုမူကား သင်၏ အာဏာမတည်ရ။" (၁ရာ၁၃:၉-၁၄) ဟုဆိုသည်။ ရှောလုသည် မှားပြီ။ ဘုရား ထား တော်မူသော ပညတ်ကို မစောင့်။ သူမစောင့်သော ပညတ်သည် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာပညတ် မဟုတ်။ ဝတ်ပြုခြင်း ဆိုင်ရာပညတ်တည်း ဟူသော ယဇ်ပုရောဟိတ် အလုပ်ကို လုပ်လိုက်ခြင်း ဖြစ်သည်။ ယဇ်ပုရောဟိတ် မဟုတ်ဘဲ ယဇ်ပူဇော်ခြင်းသည် အလွန် အပြစ် ကြီးသည်။ ရှင်ဘုရင် ရှောလုသည် ဘုရားသခင်ကို ကိုးကွယ်သော်လည်း ကောင်းကြီး မရသည် သာမက ဘုရားသခင်၏ ပယ်ခြင်းကို ခံခဲ့ရသည်။

## ဣသရေလများ

ဣသရေလ များလည်း ဘုရားသခင်ကို ကိုးကွယ်ကြသော်လည်း မှားယွင်းကြကြောင်း ပရောဖက် ဟေရှာယအားဖြင့် ဤသို့ ဆိုခဲ့သည်။ "ထာဝရ ဘုရား မိန့်တော်မူသည်ကား၊ သင်တို့ ပူဇော်သော ယဇ်အများကို ငါသည် အဘယ်သို့ ဆိုင်သနည်း၊ မီးရှို့ပူဇော်သော သိုးကောင်၊ ဆူဖြိုးအောင် ကျွေးသော တိရစ္ဆာန်တို့၏ ဆီဥနှင့် ငါဝပြီ၊ နွားနှင့် သိုးသငယ်၊ ဆိတ်တို့၏ အသွေးကို ငါမနှစ်သက်၊ သင်တို့သည် ငါရှေ့မှာ မျက်နှာပြခြင်းငှါ လာကြ သောအခါ၊ ငါ့တန်တိုင်းတော်ကို ကျော်နင်းသော သင်တို့၌၊ ထိုသို့သော ဝတ်ကို အဘယ်သူ တောင်းသနည်း၊ အချည်းနှီးသော ပူဇော်သက္ကာကို နောက်တဖန် မဆောင်ခဲ့ကြနှင့်၊ သင်တို့ မီးရှို့သော နံ့သာပေါင်းကို ငါရွံရှာ၏၊ လဆန်းနေ့၊ ဥပုသ်နေ့၊ ပရိသတ် စည်းဝေးသော နေ့ကိုလည်းရွံ့ရှာ၏၊ အဓမ္မအမှုနှင့် ရောနှောသော ဓမ္မစည်းဝေးခြင်းတို့ ကိုသည်း မခံနိုင်၊ ငါ့ ဝိညာဉ်သည် သင်တို့ လဆန်းနေ့များနှင့် သင်တို့ ပွဲများကို မုန်း၏၊ ငါ့ကို နှောက်ရှက်စရာ ဖြစ်၏၊ သည်း ခံခြင်း အားဖြင့် ငါပင်ပန်း၏၊ သင်တို့သည် လက်ဝါးတို့ကို ဖြန့်ကြ သောအခါ၊ ငါသည် မျက်စိကို လွှဲမည်၊ များစွာသော ပဌာနကို ပြုကြ သောအခါ ငါသည် နားမထောင်။ သင်တို့ လက်တို့သည် အသွေးနှင့် ပြည့်ကြ၏။" (ဟေရှာယ၁:၁၁-၁၅) ဣသရေလ လူများသည် ဘုရားသခင်ကို ကိုးကွယ် ကြသည်။ များစွာသော ပူဇော်သက္ကာများ ကိုလည်း ယူဆောင်လာ ကြသည်။ ပွဲများ ကိုလည်း ကျင်းပ ကြသည်။ သို့သော် ဘုရားသခင်က သူတို့၏ကိုးကွယ်ခြင်းကို လက်မခံကြောင်း တွေ့ရသည်။ သူတို့၏ ကိုးကွယ်ခြင်းသည်။ ဘုရားသခင်ကို နှောက်ရှက်ခြင်း သာ ဖြစ်စေသည်။ ဘုရားသခင်က သူတို့

ကိုသည်း ခံနေရသည်။ သို့သော်သူတို့သည် ထိုသို့ ဘုရား အလိုတော် မပြည့်ကြောင်းကို မသိကြ။ အဘယ်ကြောင့် မသိကြသနည်း ဟူမူကား၊ သူတို့၏ အလိုအတိုင်း ကိုးကွယ်ခြင်းကို ဦးစားပေး၍ ဘုရားသခင်၏ အလိုတော်ကို ဂရုမစိုက်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့လည်း ဘုရားသခင် နောက်ရက်ဘို့ကိုးကွယ် နေကြလျှင် အလွန် ဝမ်းနည်းစရာ ဖြစ်ပေမည်။ တဖန် ထာဝရ ဘုရား ကပရောဖက် ဟေရှာယအားဖြင့် ဤသို့ ဆိုခဲ့သည်။ "ဤလူမျိုးသည် နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍၊ နှုတ်ခမ်းနှင့် ငါ့ကို ရိုသေကြ၏၊ စိတ်နှလုံးမူကား ငါနှင့် ဝေးလှ၏။ လူတို့ စီရင်သော ပညတ်တို့ကို အမှီပြု၍ ငါ့ကို ကြောက်ရွံ့ကြ၏။" (ဟေရှာ၂၉:၁၃) ဟုဆိုခဲ့သည်။ ခရစ်တော် လက်ထက်၌ လည်း ဟေရှာယလက်ထက် ကကဲ့သို့ ပင်ပြောင်းလဲခြင်း မရှိ။ ဘုရားသခင်ကို အချည်းနှီး ကိုးကွယ်ကြကြောင်းကို သခင်ယေရှု ကဤကဲ့သို့ ဆိုခဲ့သည်။ "လျှို့ဝှက်သော သူတို့၊ ဟေရှာယသည် သင်တို့ကို ရည်မှတ်လျက် ဤလူမျိုးသည် နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍ နှုတ်ခမ်းနှင့် ငါ့ကို ရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့် ဝေးလှ၏။ လူတို့ စီရင်သော ပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသပေးလျက် ပင်၊ ငါ့ကို အချည်းနှီးကိုးကွယ်ကြ၏၊ ဟု နောက် ဖြစ်လတံ့သော အရာကို လျောက်ပတ်စွာ ဟောခဲ့ပြီဟု ပြန်၍ မိန့်တော်မူ၏။" (မ၁၅:၇-၉) ဣသရေလ လူများသည် ဘုရား၏ အလိုတော်ကို ဂရုမစိုက်ဘုရားကို နှုတ်နှင့် သာကိုးကွယ် ကြသည်။ လူတို့ စီရင်သော ပညတ်တို့ကို ပို၍ ဂရုစိုက် ကြသည်။ ထို့ကြောင့် ဘုရားကိုးကွယ် နေကြသော်လည်း အချည်းနှီး ဖြစ်သည်ဟုဆိုသည်။ လူတိုင်း သိကြလျှင် အချည်းနှီးသော အလုပ်ကို လုပ်လိုကြမည် မဟုတ်။ ကျွန်ုပ်တို့လည်း ဘုရားကိုးကွယ် နေကြသော်လည်း၊ ဘုရား၏ အလိုတော်ကို မရှာ၊ ကိုယ့်အလိုကို သာဦးစားပေးနေလျှင် ဘုရားသခင်ကို ကိုးကွယ်ရကျိုးနပ်မည် မဟုတ်။ ရှင်ပေါလုကလည်း ဤသို့ ရေးခဲ့သည်။ "ညီအစ်ကိုတို့၊ ဣသရေလ လူတို့သည် ကယ်တင် တော်မူခြင်းသို့ ရောက်စေခြင်းငှါ၊ ငါ၏ စေတနာအလိုရှိ၍ ဘုရားသခင်ကို ဆုတောင်း လေ့ရှိ၏။ ထိုသူတို့သည် မှန်သော ပညာမရှိသော်လည်း၊ ဘုရားသခင် ဘက်၌ စိတ်အားကြီးသည်ဟု သူတို့ အဘို့ ငါသက်သေခံ၏။ ထိုသူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကို မသိဘဲ၊ ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်းငှါ ရှာကြံသောကြောင့်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကို ဝန်မခံကြ။" (ရော၁၀:၁-၃) ရှင်ပေါလုက ဣသရေလ များ၏ ကယ်တင်ခြင်း အတွက် ဆုတောင်း ပေးသောကြောင့်၊ သူတို့သည် ကယ်တင်ခြင်းသို့ မရောက်ကြောင်း ထင်ရှားသည်။ အဘယ်ကြောင့် မရောက်ကြသနည်း ဟူမူကား ဘုရားသခင် ပေးသော ဖြောင့်မတ်ခြင်း လက်မခံကြ။ သူတို့သည် ဘုရားသခင်ကို ကိုးကွယ်ကြသော်လည်း ဘုရား၏ အလိုတော်ကို မသိဘဲ မိမိတို့ အလိုဆန္ဒအတိုင်း ကိုးကွယ်သောကြောင့် အချည်းနှီး ကိုးကွယ် ကြသည်။ မိတ်ဆွေ၊ ဘုရားသခင်ကို အချည်းနှီးကိုးကွယ်လိုပါသလား။ ချည်းနှီးကိုးကွယ်ခြင်းကို ယခုဘဝတွင် မသိသာသော်လည်း

နောင်ဘဝတွင် သိသာမှာ ဖြစ်သည်။ ထိုအချိန်တွင် အလွန် နောက်ကျသွားမှာ ဖြစ်သောကြောင့် ယခုအချိန် ရှိစဉ်တွင် ဂရုစိုက်ကြစို့။

**သင်ခန်းစာ (၂) မေးခွန်းများ**

၁။ လောကဌ် လူဘယ်နှစ်မျိုးရှိသနည်း။ …………………မည်သည့်အရာများ ဖြစ်သနည်း။ ……………………….
၂။ ကိုးကွယ်ခြင်း ဘာသာမရှိ သူများကို ဘုရားသခင်က ………………………………ဟု ခေါ်သည်။ ကောင်းကင် နိုင်ငံရောက်နိုင်ပါမည်လော။ ……………………………………
၃။ ကိုးကွယ်သော အရာနှစ်မျိုးကို ဖော်ပြပါ။ ………………………………
၄။ အခြားဘုရားကိုးကွယ် သူများသည် မည်သူ့ထံပူဇော်ကြသနည်း။ …………………………………
၅။ အသက် ရှင်သော ဘုရားကိုးကွယ်နည်း၏ နည်းရှိသည်။ ၎င်းတို့ မှာ……………………………..
၆။ ကိုယ့်အလိုအတိုင်းကိုးကွယ်သော သူများသည် အဘယ်ကြောင့် ထိုသို့ကိုးကွယ်ကြသနည်း။ …………………..
၇။ ကာဣနသည် ဘုရား ပေးသော ……………………..ကို အသုံးမပြုသောကြောင့် ဘုရားကိုးကွယ်………..သည်။
၈။ ရှောလုရှင်ဘုရင်ချိုးဖေါက်သော ပညတ်သည် ………………… ဆိုင်ရာပညတ် ဖြစ်၍ သူမှားသော အရာသည် …………………….. ဖြစ်သည်။
၉။ ဣသရေလ လူများ၏ များစွာသော ယဇ်ပူဇော်ခြင်းသည် ဘုရားသခင်ကို ………………………စရာ ဖြစ်သည်။
၁၀။ ဣသရေလ လူများသည် ကယ်တင်ခြင်းသို့ ရောက်ကြပါသလား။ အဘယ်ကြောင့် နည်း။ ………………….

**သင်ခန်းစာ (၃)**

# ဘုရားအလိုတော်အတိုင်း ကိုးကွယ်ကြသူများ

ဘုရား အလိုတော် အတိုင်း ကိုးကွယ်သော သူများ အနေဖြင့် မိမိတို့၏ အလိုကို အဓိကမထားကြချေ။ ဘုရားသခင်၏ အလိုတော်ကို ရှာဖွေ ကြသည်။

**အာဗေလ**

အာဗေလသည် ဘုရား အလိုတော် အတိုင်းကိုးကွယ်ခဲ့သောကြောင့် သူ၏ ပူဇော်သက္ကာကို ဘုရားသခင်က လက်ခံခဲ့သည်။ ဟေဗြဲ၁၁:၄၌ "အာဗေလသည် ကာဣနပူဇော်သော ယဇ်ထက် သာ၍ မြတ်သော ယဇ်ကို၊ ယုံကြည်ခြင်း အားဖြင့် ဘုရားသခင်အား ပူဇော်၏။ ထိုသို့သော ယဇ်ကို ပူဇော်၍၊ မိမိ ဖြောင့်မတ်သည် ဟု သက်သေခံ တော်မူခြင်းကို ရလေ၏။ အဘယ်သို့ နည်းဟူမူကား၊ သူလှူသော အလှူကို ဘုရားသခင်သည် လက်ခံ တော်မူ၏။ သို့ဖြစ်၍၊ အာဗေလသည် သေလွန်သော်လည်း ယခုပင်တရားဟောသေး၏။"ဟု ရေးထားသည်။ အာဗေလသည် အကို၏ မနာလိုမှုကြောင့် အသတ်ခံခဲ့ရသော်လည်း ဘုရားသခင်၏ အလိုတော် အတိုင်း ပူဇော်သောကြောင့်၊ ဘုရားသခင်နှင့်အတူ ကောင်းကင်၌ အစဉ်ထာဝရ နေရသောကြောင့်၊ အသက် ရှင်ရကျိုး၊ ကိုးကွယ်ရကျိုးနပ်သည်။ လောက၌ အသက်တာရှည်၍ ငရဲရောက်သည်ထက်၊ အသက် တိုတောင်းသော်လည်း ကောင်းကင် နိုင်ငံ၌ ထာဝရ နေရခြင်းသည် နှိုင်းဆာ၍ မရလောက်အောင် တန်ဘိုး ကြီးသည်။

**ဧနောက်**

ဘုရား အလိုတော်၊ စိတ်တော်နှင့် တွေ့သော သူဧနောက်အကြောင်းကို ကျမ်းစာ ထဲ၌ ဤသို့ တွေ့ရသည်။ "ဧနောက်သည် အသက် ခြောက်ဆယ်ငါးနှစ်ရှိသော်၊ သား မသုရှလကို မြင်လေ၏။ မသုရှလဘွားမြင်သော နောက်၊ ဧနောက်သည် အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူ သွားလာ၍၊ သားသမီး များကို မြင်လေ၏။ ဧနောက်အသက် နှစ်ပေါင်း သုံးရာခြောက်ဆယ်ငါး နှစ်တည်း။ ဧနောက်သည် ဘုရားသခင်နှင့်အတူ သွားလာ၏။ နောက်တဖန် သူသည် မရှိ။ အကြောင်းမူကား၊ ဘုရားသခင် သိမ်းယူ တော်မူသောကြောင့် တည်း။" (က ၅:၂၁၂၅) ဟေဗြဲရေးသော သူကလည်း သူ့အကြောင်းကို ဤသို့ ရေးသား ခဲ့သည်။ "ဧနောက်သည် ယုံကြည်ခြင်း အားဖြင့် သေခြင်းနှင့် လွတ်၍ ဘဝပြောင်းရ၏။ ဘုရားသခင်သည် သူ့ကို ဘဝပြောင်းစေ တော်မူသောကြောင့်၊ သူသည် နောက်တဖန် မပေါ်မရှိ။ သူသည် ဘဝ မပြောင်းမှီ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောသူ ဖြစ်သည်ဟု သက်သေခံခြင်းကို ရလေ၏။" (ဟေ၁၁:၅)။ ဧနောက်သည် ဘုရားသခင်၏ အလိုတော်

အတိုင်းကိုးကွယ်သောသူ ဖြစ်သောကြောင့် ချီဆောင်ခြင်း ခံခဲ့ရသည်။ ဘုရားသခင်သည် ဧနောက်နှင့် သွားလာခြင်းကို အလွန် ပျော်မွေ့သောကြောင့် သူ့ကိုလောက၌ မထားတော့ဘဲ ကောင်းကင်သို့ စောစော ခေါ်သွားခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်နှင့်အတူ သွားလာပါသလား။

**နောဧ**

"နောဧခေတ်ကလူများသည် အလွန် ဆိုးသွမ်းကြောင်း ကျမ်းစာ၌ ဤသို့ တွေ့ရသည် ်မြေကြီး ပေါ်မှာ လူအပြစ် ကြီး၍၊ သူ၏ စိတ်နှလုံးအကြံ အစည်ရှိသမျှ တို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်း သက်သက်ရှိကြောင်းကို၊ ဘုရားသခင် သိမြင် တော်မူ လျှင်၊ " (က ၆:၅)။ ထို့ကြောင့် ဘုရားသခင်က သူတို့ကို ဖျက်စီးဘို့ ရည်ရွယ်သည်။ "သို့သော်နောဧသည် ဖြောင့်မတ်သောသူ၊ မိမိ အမျိုး၌ စုံလင်သောသူ ဖြစ်၏။ ဘုရားသခင်နှင့်အတူ သွားလာ၏။" (က၆:၉) နောဧသည် ဘုရားသခင်နှင့်အတူ သွားလာသည်ဟုဆိုသောကြောင့် ဘုရား၏ အလိုတော် အတိုင်း အသက် ရှင်သောသူ၊ ဘုရားသခင်ကို မှန်ကန်စွာကိုးကွယ်သောသူ ဖြစ်သည်။ "နောဧသည် မမြင် သေးသော အမှုအရာ တို့ကို ဘော်ပြသော ဗျာဒိတ်တော်ကို ခံယူပြီးမှ၊ ယုံကြည်ခြင်း အားဖြင့် ကြောက်ရွံ့သော စိတ်ရှိ၍၊ မိမိ အိမ်သူအိမ်သား တို့ကို ကယ်တင်ခြင်းငှါ သင်္ဘောကို တည်လေ၏။ ထိုသို့ ယုံကြည်ခြင်း အားဖြင့်လောကီသား တို့ကို အပြစ် တင်၍ ယုံကြည်ခြင်း နှင့် ယှဉ်သော ဖြောင့်မတ်ခြင်း ကိုလည်း အမွေခံ ရ၏။" (ဟေ ၁၁:၇)

**အဗြာဟံ**

အဗြာဟံသည် ရုပ်တုကိုးကွယ်သောသူ ဖြစ်ခဲ့သည်။ ဟေဗြဲရေးသော သူက၊ "အာဗြဟံသည် အမွေခံ ရလတံ့သော ပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင် ခေါ်တော်မူ သောအခါ၊ သူသည် အဘယ်အရပ်သို့ သွားသည်ကို ကိုယ်တိုင် မသိဘဲ လျက်၊ ယုံကြည်ခြင်း အားဖြင့် နားထောင်၍ ထွက်သွားလေ၏။" (ဟေ ၁၁:၈) ဟု ရေးခဲ့သည်။ သူသည် ယုံကြည်ခြင်း အားဖြင့် ဖြောင့်မတ်ခြင်းရကြောင်း ဤသို့ တွေ့ရသည်။ "အာဗြံသည် ထာဝရ ဘုရားကို ယုံကြည်သည်ဖြစ်၍၊ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်း ကဲ့သို့ မှတ် တော်မူ၏။" (က ၁၅:၆)။ အဗြာဟံသည် ရုပ်တုကိုးကွယ်ခဲ့ရာမှ၊ ဘုရားသခင်ကို ကိုးကွယ်၍၊ ဘုရား အလိုတော် အတိုင်း မှန်ကန်စွာကိုးကွယ်သောကြောင့် ဘုရားသခင်က ယုံကြည်ခြင်း၏ ဘခင်အဖြစ် သတ်မှတ်သည်။

**ဒါဝိဒ်**

ဘုရား၏ အလိုတော်ကို သိသော ဒါဝိဒ်ကဤသို့ ဆိုသည်။ "ယဇ်ပူဇော်ခြင်းကို အလိုတော် မရှိ၊

သို့မဟုတ်လျှင် ယဇ်ပူဇော်ပါမည်၊ မီးရှို့သော ယဇ်ပူဇော်ခြင်းကို ပင်နှစ်သက်တော် မမူ၊ ဘုရားသခင် နှစ်သက် တော်မူသော ယဇ်မူကား ကျိုးပဲ့သော စိတ်ပေတည်း၊ အို ဘုရားသခင်ကိုယ်တော်သည် ကျိုးပဲ့ကြေမွသော နှလုံးကို ငြင်းပယ်တော် မမူတတ်ပါ။" (ဆာလံ ၅၁:၁၆..၁၇) ဘုရားသခင်သည်ယဇ်ပူဇော် ခြင်း ထက်၊ ကျိုးပဲ့ကြေမွသော စိတ်နှလုံးအလိုရှိကြောင်း ဒါဝိဒ်မင်းသိသည်။ ထို့ကြောင့် ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောသူ ဖြစ်သည်။

**ပေါလု**

ပေါလုသည် ရှောလု ဖြစ်ခဲ့စဉ်တွင် ဘုရားသခင်၏ အလိုတော် မသိသောကြောင့်၊ အသင်းတော်ကို ညှဥ်းဆဲသောသူ ဖြစ်ခဲ့သည်။ အသင်းတော်သည် လမ်းလွဲသော သူများဟု ထင်မှတ်သောကြောင့် ဖျက်စီးဘို့ ကြိုးစား ခဲ့သည်။ သို့သော်ဒမသက်မြို့အဝင်၌၊ အလင်းရောင်၏ ထိုးခြင်း ခံရပြီး၊ သခင် ခရစ်တော်ကို သိရှိပြီး နောက်ပိုင်းတွင် ဘုရားသခင်၏ အလိုတော်ကို ပြန်သိရသည်။ ထို့ကြောင့် ဇာတိအားဖြင့်သူ ကြိုးစား ခဲ့သမျှသည် ဘာမျှ မဟုတ်ကြောင်း ဤသို့ ရေးသား ခဲ့သည်။ "ငါသည် ရှစ်ရက်မြောက်သော နေ့၌ အရေဖျားလှီးခြင်းကို ခံရ၏။ ဣသရေလ အမျိုး၊ ဗင်္ယာမိန်အနွယ် ဖြစ်၏။ ဟေဗြဲလူမှဆင်းသက်သော ဟေဗြဲလူစစ် ဖြစ်၏။ တရားအားဖြင့် ဖာရိရှဲ ဖြစ်၏။ စိတ်အားကြီးခြင်းကို မေးသော်၊ ငါသည် အသင်းတော်ကို ညှဉ်းဆဲသောသူ ဖြစ်၏။ ပညတ်တရားအားဖြင့် ရသော ဖြောင့်မတ်ခြင်းကို မေးပြန်သော်၊ ငါသည် အပြစ် တင်ခွင့်နှင့် ကင်းလွတ် သောသူ ဖြစ်၏။ သို့သော်လည်း ငါ၏ အကျိုးစီပွါးကို ပြုစုသော အရာရှိသမျှ တို့ကို ရှုံးစေသော အရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏။ ထိုမျှမကငါ၏ သခင် ယေရှုခရစ်ကို သိသော ပညာသည် အဘယ်မျှလောက်မြတ်သည်ကို ထောက်၍၊ ခပ်သိမ်းသော အရာတို့ကို ရှုံးစေသော အရာကဲ့သို့ ငါထင်မှတ်၏။ ထိုသခင်ကြောင့် ခပ်သိမ်းသော အရာတို့ကို အရှုံးခံရပြီ။ သေခြင်း မှထမြောက်သော အခွင့်ကို ငါရနိုင်ကောင်းလျှင်၊ ကိုယ်တော်သည် အသေခံ တော်မူသည် နည်းတူ၊ ငါသည်လည်း အသေခံ၍ ထိုသခင်ကိုငှင်း၊ ထမြောက် တော်မူခြင်း၏ တန်ခိုးကိုငှင်း၊ ဆင်းရဲ ခံတော်မူခြင်းကို ဆက်ဆံ၍ ခံခြင်းကိုငှင်း၊ သိကျွမ်းခြင်းငှါ၊ ပညတ်တရားအားဖြင့် ရသောကိုယ်ဖြောင့်မတ်ခြင်းကို မကိုး စားဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်း အားဖြင့် ရသော ဖြောင့်မတ်ခြင်း တည်း ဟူသော၊ ယုံကြည်ခြင်း အတွက်ကြောင့် ဘုရားသခင် ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ကိုး စားသဖြင့်၊ ခရစ်တော်ကို အမြတ်ရ၍ ထိုသခင်၌ တည်ပါမည်အကြောင်း၊ ခပ်သိမ်းသော အရာတို့ကို မစင်ကဲ့သို့ ငါထင်မှတ်၏။" (ဖိလိ၃:၅-၁၁) ရှင်ပေါလုသည် ဘုရားသခင်၏ အလိုတော် သိရှိသော နောက်၊ ယခင်ဘုရားကိုးကွယ်နည်းများကို ပယ်၍ သူကိုယ်တိုင်ဖျက်စီးခဲ့သော အသင်းတော် အတွက်၊ အသက်

ပေးဆောင်ရွက်ခဲ့သည်။ ဒုက္ခ မျိုးစုံညှင်းဆဲခြင်း မျိုးစုံကြားမှအမှု ဆောင်ခဲ့သည်။ ဇာတိအားဖြင့် တည်ဆောက်ခဲ့သော အရာများသည် မစင်ကဲ့သို့ ထင်မှတ်သည်။ ဘုရား၏ အလိုတော် အတိုင်းကိုးကွယ်သောကြောင့်၊ ဘုရားသခင်၏ နက်နဲသော အရာများကို သိ၍ ဩဝါဒစာစောင်များစွာ ရေးသား နိုင်ခဲ့ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့လည်း အကျိုးခံစား ကြသည်။

**သင်ခန်းစာ (၃) မေးခွန်းများ**

၁။ ဘုရားသခင် အလိုတော် အတိုင်းကိုးကွယ်နိုင်ရန် .................အလိုကို ပယ်ဘို့ လိုသည်။
၂။ အာဗေလသည် မည်သူ၏ အလိုတော် အတိုင်းကိုးကွယ်ခဲ့သနည်း။ ..............................
၃။ ဧနောက်သည် ဘုရားသခင်က အဘယ်ကြောင့် ချီဆောင်သွားသနည်း။
.................................
၄။ နောသည် သူ့ခေတ်ကလူများ ဆိုးသွမ်းသော်လည်း သူတို့ ကဲ့သို့
ဆိုးသွမ်းပါသလား.........................
၅။ အာဗြာဟံသည် ယုံကြည်ခြင်း အားဖြင့် ဘာရသနည်း။ ..................................
၆။ အာဗြာဟံသည် ဘုရားသခင်က ခေါ်သောအခါ သူသွားမည့် နေရာသိပါသလား။
...........မိတ်ဆွေကို ဘုရားသခင်က သူကဲ့သို့ ခေါ်လျှင် လိုက်နိုင်ပါမည်လား။
..............................
၇။ ဒါဝိဒ်သည် အဘယ်ကြောင့် ဘုရားသခင်၏ စိတ်ထိတွေ့သောသူ ဖြစ်ရပါသနည်း။
...........................
၈။ ပေါလုသည် အဘယ်ကြောင့် အသင်းတော်ကို ညှင်းဆဲခဲ့သနည်း။ .............................
၉။ ပေါလုက ခရစ်တော်ကြောင့် ခပ်သိမ်းသော အရာတို့ကို ဘာကဲ့သို့ မှတ်သနည်း။
.......................
၁၀။ ပေါလုသည် အဘယ်ကြောင့် ဆင်းရဲ ဒုက္ခ ခံရသနည်း။ .......................................

**သင်ခန်းစာ (၄)**

# ဝတ်ပြုခြင်းဆိုင်ရာပညတ်

ဝတ်ပြုခြင်း ဆိုင်ရာပညတ်သည် များစွာ ရှိသော်လည်း၊ အရေးကြီး ဆုံးသော အရာလေးခုကို ဖေါ်ပြလိုသည်။ ထိုအရာများ မှာ

- ၁။ အသက် ရှင် တော်မူသော ဘုရားကို သာကိုးကွယ်ရမည်။
- ၂။ ဘုရားရှိသော နေရာ၌ သာကိုးကွယ်ရမည်။
- ၃။ ယဇ်ပုရောဟိတ် အားဖြင့် သာကိုးကွယ်ရမည်။
- ၄။ ယဇ်ကောင် အားဖြင့် သာကိုးကွယ်ရမည်။

**အသက်ရှင်တော်မူသောဘုရားကိုသာကိုးကွယ်ရမည်**

ကောင်းကင် ဘုံနှင့် ငရဲပိုင်ရှင်သည် အသက် ရှင် တော်မူသော ဖန်ဆင်းရှင် ဘုရားသခင် ဖြစ်သည်။ ထိုဘုရားသခင်ကို မကိုးကွယ်ဘဲ အခြားသော ဘုရားကို ကိုးကွယ်လျှင်၊ မည်ကဲ့သို့ ကောင်းကင် နိုင်ငံသို့ ရောက်နိုင်မည်နည်း။ ဘုရားရှင်ကိုယ်တော်တိုင် ကဤသို့ ပညတ်ထားခဲ့သည်။

“ငါမှတပါးအအခြားသော ဘုရားကို မကိုးကွယ်နှင့်။ အထက် မိုဃ်းကောင်းကင်၌ ၎င်းအောက် အရပ်မြေကြီး ပေါ်၌၎င်းမြေကြီး အောက်ရေထဲ၌၎င်းရှိသော အရာနှင့် ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကိုကိုယ်အဘို့ မလုပ်နှင့်။” (ထွက်၂၀:၃-၄)။ ထို့ကြောင့် အခြားသော ဘုရားကိုးကွယ်သော သူသည် ကောင်းကင် နိုင်ငံရောက်ဘို့၊ မရောက်ဘို့ စဉ်းစားစရာ မလိုတော့ချေ။ မရောက်ဘို့ရန် သေချာပြီး ဖြစ်သည်။ ဘုရားသခင်သည် သူ၏ ဘုန်းကို အဘယ်သူ မျှမပေးချင်။ ပညတ်တော် ဆယ်ပါးပေး သောအခါ သူမှတပါးအခြားသော ဘုရား များကို ကိုးကွယ်မှာ စိုးရိမ် သောကြောင့်၊ အခြားဘုရားများမကိုးကွယ်ဘို့ရန် အတန်တန်မှာထားခဲ့သည်။ “အခြားသော ဘုရားကို သင်သည် မကိုးကွယ်ရ။ အပြစ် ရှိယုံလွယ်အမည်ရှိသော ထာဝရ ဘုရားသည် အပြစ် ရှိသည်ဟု ယုံလွယ်သော ဘုရားသခင် ဖြစ်တော်မူ၏။” (ထွက်၃၄:၁၄)။ ဤကျမ်းပိုဒ်ကို အင်္ဂလိပ် ကျမ်းစာ၌ ဤသို့ ရေးထားသည်။ “For you shall not worship any other god, for the LORD, whose name is Jealous, is a jealous God.” ထာဝရ ဘုရားသည်၊ သဝန်တိုတတ်သော ဘုရား ဖြစ်သည် ဟုဆိုသည်။ သဝန်တိုခြင်းသည် လင်နှင့် မယားကြား၊ ရီးစားကြား၌ ဖြစ်တတ်သော အရာ ဖြစ်သည်။ အချစ်ကြီးလျှင် ပို၍ သဝန်တိုတတ်သည်။ ဘုရားသခင်လည်း သူ့ကို မကိုးကွယ်ဘဲ အခြားသော ဘုရားကို ကိုးကွယ်လျှင်

အလွန် သဝန်တိုသည်။ ထို့ကြောင့် မောရှေမှတဆင့် ဣသရေလ လူများ ထံ၌ကဲ့သို့ အထပ်ထပ်မှာထားခဲ့သည်။ "ငါပညတ်သမျှ တို့၌ သတိပြုကြလော့။ အခြားသော ဘုရား၏ နာမကို မြွက်မဆိုနှင့်။ သင်၏ နှုတ်ထဲကမြွက်သံကို သူတပါးမကြားစေနှင့်။" (ထွက်၂၃:၁၃) ထာဝရ ဘုရားသည်၊ အခြားသော ဘုရား များကို နှုတ်နှင့် ပင်မမြွက်စေချင်။ မည်မျှသဝန်တိုကြောင်းကို သိနိုင်သည်။

"သင်၏ ဘုရားသခင် ထာဝရ ဘုရားကို ကြောက်ရွံ့ရမည်။ ထိုဘုရားသခင်ကို သာဝတ်ပြုရမည်။ နာမတော် အားဖြင့်လည်း ကျိန်ဆိုခြင်းကို ပြုရမည်။ အခြားတပါးသော ဘုရား၊ သင့်ပတ်လည်၌ နေသော လူမျိုးတို့၏ ဘုရားကို မဆည်းမကပ်ရ။ သင်၏ ဘုရားသခင် ထာဝရ ဘုရားသည် သင်တို့၌ အပြစ် ရှိသည်ဟု ယုံလွယ်သော ဘုရား ဖြစ်တော်မူ၏။ သင်၏ ဘုရားသခင် ထာဝရ ဘုရားသည် သင့်ကို အမျက်ထွက်၍ မြေကြီး ပြင်မှာသုတ်သင် ပယ်ရှား တော်မူ မည်ဟု စိုးရိမ်စရာ ရှိ၏။" (တရား ၆:၁၃-၁၅) ဘုရားသခင်သည် သူ့ကို မကိုးကွယ်ဘဲ၊ အခြားသော ဘုရားကို ကိုးကွယ်လျှင်၊ မြေကြီး ပြင်မှသုတ်သင် ပယ်ရှား တော်မူသည့်တိုင်အောင်၊ အမျက်ထွက်မည့် အရာကို ကြိုတင် သတိပေး တော်မူ ခဲ့သည်။ ထို့ကြောင့် အခြားသော ဘုရားကိုးကွယ် သူများ အပေါ်၌၊ ထာဝရ ဘုရား မည်မျှအမျက်ထွက် တော်မူကြောင်း သိနိုင်သည်။ သိလည်း သိသင့်သည်။ သို့သော်ယနေ့ ခရစ်ယာန်ဟုဆို သူများသည်၊ ထိုအရာကို အလေးအနက်မထား၊ သားသမီး များကို လည်း၊ ထာဝရ ဘုရား မကိုးကွယ်သော်လည်း၊ ရာထူးကောင်းသော၊ ချမ်းသာသော သူများနှင့် လက်ထပ်စေ ကြသည်။ ထာဝရ ဘုရားအား အမျက်နှိုးဆော် ကြသည်။

"သင်၏ ညီအစ်ကိုရင်း၊ သင်၏ သားသမီး၊ သင်၏ ရင်ခွင်၌ နေသော မယား၊ ကိုယ်ကဲ့သို့ မှတ်တတ်သော အဆွေခင်ပွန်းတစုံတယောက်က၊ သွားကြစို့၊ သင်လည်း မသိ၊ ဘိုးဘေးတို့လည်း မသိသော၊ အခြားတပါးသော ဘုရား၊ သင့်ပတ်လည်အနီးအဝေး၌ နေသောသူ၊ မြေကြီး စွန်းတဘက်မှသည် တဘက်တိုင်အောင်၊ ကိုးကွယ်သော ဘုရားကို ဝတ်ပြုကြစို့ဟု၊ တိတ်ဆိတ်စွာ သွေးဆောင်လျှင်၊ သင်သည် ဝန်မခံရ။ သူ၏ စကားကို နားမထောင်ရ။ သူ့ကို မြင် သောအခါ မသနားရ။ နှမြောသဖြင့် ဖွက်၍ မထားရဘဲ၊ သူ့ကို အမှန်သတ်ရမည်၊ သူသည် အသေသတ်ခြင်းကို ခံစိမ့်သော ငှာ၊ သင်သည် အဦးပြုပြီးမှ၊ လူအပေါင်းတို့သည် ပြုရကြမည်။ ကျွန်ခံနေရာအဲဂုတ္တု ပြည် မှသင်တို့ကို နှုတ်ဆောင် တော်မူသော၊ သင်၏ ဘုရားသခင် ထာဝရ ဘုရား ထံတော် မှလွဲစေခြင်းငှာ၊ ကြံစည်သောကြောင့်၊ ထိုသူကို ကျောက်ခဲနှင့် ပစ်၍ အသေသတ်ရကြမည်။ ထိုသိတင်းကို ဣသရေလ အမျိုးသား အပေါင်းတို့သည် ကြား၍၊ ထိုသို့သော အဓမ္မအမှုကို သင်တို့တွင် နောက်တဖန် မပြုဝံ့ဘဲ နေကြလိမ့်မည်။" (တရားဟော ၁၃:၆-၁၀)။ ကိုယ်မိသား စုထဲမှအခြားဘုရားကို ကွယ်ဘို့ရန်၊

သွေးဆောင် သူများကို ကိုယ်တိုင်သတ်ရမည်ဟု၊ ဘုရားသခင် ပညတ်ထားသည်။ ထို့ကြောင့် ထာဝရ ဘုရားသခင်သည် အခြားသော ဘုရားကိုးကွယ်သော သူများကို မည်မျှ အလိုမရှိကြောင်းကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ သို့သော်ယနေ့ ခရစ်ယာန် များသည် ထိုအရာကို အလေးအနက်မထားကြ။ ဘုရား အမြင်၌ အခြားဘုရားကိုးကွယ်ခြင်းသည် ပြည့်တန်ဆာလုပ်ခြင်းနှင့် တူကြောင်း ဤသို့ တွေ့ရသည်။ "သင်သည် ယခုသွားသော ပြည် သူပြည်သား တို့နှင့် မိဿဟာယဖွဲ့သဖြင့်၊ သင့်အလယ်၌ တိုက်မိ၍ လဲစရာ အကြောင်း မဖြစ်စေခြင်းငှါ၊ ကိုယ်ကိုကိုယ်သတိပြုလော့။ သူတို့ ယဇ်ပလ္လင်များကို ဖျက်ဆီးရမည်။ သူတို့ ရုပ်တုဆင်းတုများကို ချိုးဖဲ့ရမည်။ သူတို့ အာရှရပင်များကို ခုတ်လှဲရမည်။ အခြားသော ဘုရားကို သင်သည် မကိုးကွယ်ရ။ အပြစ် ရှိယုံလွယ်အမည်ရှိသော ထာဝရ ဘုရားသည်၊ အပြစ် ရှိသည်ဟု ယုံလွယ်သော ဘုရားသခင် ဖြစ်တော်မူ၏။ သင်သည် ထိုပြည် သူပြည်သား တို့နှင့် မိဿဟာယဖွဲ့သဖြင့်၊ သူတို့သည် မိမိတို့ ဘုရားနှင့် မှားယွင်းခြင်းကို ပြု၍၊ ထိုဘုရား တို့အား ယဇ်ပူဇော် သောအခါ၊ သင့်ကို ခေါ်၍ သင်သည် ထိုယဇ်ကောင်ကို စားမည်ဟူ၍ ၎င်းသင်သည် သူတို့ သမီးများကို ယူ၍၊ ကိုယ်သား တို့နှင့် ထိမ်းမြား ပေးစားသဖြင့်၊ ထိုသမီးတို့သည် မိမိတို့ ဘုရားနှင့် မှားယွင်းခြင်းကို ပြု၍၊ သင်၏သား တို့ကို ထိုဘုရား တို့နှင့် မှားယွင်းစေမည်ဟူ၍ ၎င်း စိုးရိမ်စရာ ရှိ၏။ သင်သည်ကိုယ်အဘို့ သွန်းသော ဘုရား တို့ကို မလုပ်ရ။" (ထွက်၃၄:၁၂-၁၈)။

မြန်မာကျမ်းစာအုပ်၌ မှားယွင်းသည်ဟုဆိုသော်လည်း အင်္ဂလိပ် ကျမ်းစာ၌၊ ပြည့်တန်ဆာလုပ်သည်ဟု ဤကဲ့သို့ တွေ့ရသည်။ (for you shall worship no other god, for the LORD,whose nameis Jealous,is a jealous God) ,lest you make a covenant with the inhabitants of the land,and they play the harlot with their gods and make sacrifice to their gods,and one of them invites you and you eat of his sacrifice, and you take of his daughters for your sons, and his daughters play the harlot with their gods and makeyour sons play the harlot with their gods. (Ex34:14-16) ထို့ကြောင့် အခြားဘုရားကိုးကွယ်ခြင်းသည်၊ ဘုရားသခင် အလွန် အမျက်ဒေါသထွက်၍ မည်မျှအပြစ် ကြီး ကြောင်းကို သိနိုင်သည်။ ထိုသို့ အတန်တန်မှာထားသော်လည်း၊ ဣသရေလ လူမျိုးများသည် အဲဂုတ္တု ပြည်မှ ထွက်ကတည်း ကစ၍၊ ဗာဗုလုန်ကျွန်ခံသည်အထိ ရုပ်တုများကို သာကိုးကွယ် ကြသည်။ ထာဝရ ဘုရား ယုံကြည်သော ဘုရင်များ ဖြစ်သည့်ဒါဝိဒ်မင်း၊ အာသမင်း၊ ယေဟောရှဖတ်မင်း၊ ဟေဇကိမင်း၊ ယောရှမင်းတို့ လက်ထက်၌ သာအခြားဘုရား မကိုးကွယ်ဘဲ၊ ထာဝရ ဘုရားကို ကိုးကွယ် ကြသည်။ ပရောဖက် များကို စေလွှတ်၍ သတိပေးသော်လည်း နားမထောင်ကြ၊ ဂရုမစိုက်ကြ။ ထို့ကြောင့် နောက်ဆုံး၌ ဣသရေလ ပြည်ကို အာရှုရိလက်၌၎င်းယုဒပြည်ကို ဗာဗုလုန်လက်၌၎င်းကျွန်ခံ စေခဲ့သည်။ ထာဝရ ဘုရားကို မကိုးကွယ်ဘဲ အခြားသော ဘုရား များကိုးကွယ်ခြင်းသည် ကောင်းကင် ဘုံရှင်ထာဝရ

ဘုရား အတွက် သာမညအပြစ် မဟုတ်၊ အကြီးမား ဆုံးသော အပြစ်၊ အပြစ် တကာတို့၌ အကြီးမား ဆုံးသော အပြစ် ဖြစ်သည်။ သို့သော်ယနေ့ ခရစ်ယာန် များ၏ အမြင်၌၊ အခြားဘုရားကိုးကွယ်ခြင်းသည် အရေးမကြီး။ ထို့ထက်ကိုယ်ကျင့်တရားဖေါက်ဖျက်ခြင်းသည် အလွန် အပြစ် ကြီးသည်ဟု ယူဆကြသည်။

**သင်ခန်းစာ (၄) မေးခွန်းများ**

၁။ ကိုးကွယ်ခြင်း ဆိုင်ရာပညတ်၌ အဓိကအချက်လေးချက်များမှာ၊

(၁) …………………………………………………………

(၂) ………………………………………………………….

(၃) …………………………………………………………

(၄) ………………………………………………………….

၂။ ဘုရားသခင်သည် သူ၏ ဘုန်းကို အဘယ်သူအား ပေးချင် သနည်း။ ………………………………
၃။ ဘုရားသခင်သည်။ မည်ကဲ့သို့သော ဘုရား ဖြစ်သနည်း။ ………………………………
၄။ ထာဝရ ဘုရားသခင်က လူများ အခြားသော ဘုရားကိုးကွယ်ခြင်းကို မည်မျှမုန်းသနည်း။ ………………………………..
၅။ အခြားသော ဘုရားကိုးကွယ်သူကို မည်ကဲ့သို့ အရေးယူခိုင်းသနည်း။ ……………………………
၆။ အခြားဘုရားကိုးကွယ်ခြင်းသည်။ဘုရား အမြင်၌ မည်ကဲ့သို့သော အပြစ် ကျူးလွန်ခြင်း ဖြစ်သနည်း။ ………………….

.

သင်ခန်းစာ (၅)

# ဘုရားရှိသောနေရာ၌သာကိုးကွယ်ရမည်

**နေရာတိုင်း၌**

ကမ္ဘာဦးမှစ၍ ပညတ်တော် ပေးသည် အထိ၊ ဘုရားသခင်ကို မိမိတို့ ကြိုက်နှစ်သက်သော နေရာတိုင်း မှကိုးကွယ်နိုင် ကြသည်။ အဗြာဟံ၊ ဣဇက်၊ ယာကုပ်တို့သည်၊ ရောက်လေရာအရပ်ရပ်၌ ယဇ်ပလ္လင်များကို တည်ဆောက်၍ ကိုးကွယ်တတ် ကြသည်။

**တဲတော်၌**

ဘုရားသခင်က မောရှေအား သိနာတောင်ခြေ၌ တဲတော် ဆောက်ခိုင်းသည်။ ထိုအချိန် မှစ၍ ဘုရားသခင်အား တဲတော်၌ သာကိုးကွယ်ရသည်။

**ဗိမာန်တော်၌သာ**

ရှောလမုန်မင်းကတဲတော် အစား၊ ဗိမာန်တော် ဆောက် သောအခါ ဗိမာန်တော် ထဲမှသာ ကိုးကွယ်ရသည်။ အဘယ့်ကြောင့် ဆိုသော်၊ ဗိမာန်တော်၌သာ ဘုရားသခင်ကျိန်းဝပ် တော်မူခဲ့သည်။ သို့သော် ဣသရေလ လူများသည် သစ္စာ မရှိသောကြောင့်၊ ဘုရားသခင်ကို စွန့်၍ အခြားသော ဘုရား များကို ကိုးကွယ် သောအခါ၊ စိမ်းသော သစ်ပင်အောက်တိုင်း နှင့်၊ တောင်ကုန်းတိုင်း ပေါ်၌ ယဇ်ပူဇော်တတ် ကြသည်။ ထိုသို့ဖြစ်မည့် အရာကို ကြိုသိသောကြောင့်၊ ဘုရားသခင်က၊ "သင်တို့သည် မြေကြီး ပေါ်မှာ အသက် ရှင်သမျှသော ကာလ ပတ် လုံးဝင်စားစေခြင်းငှာ၊ သင်တို့ ဘိုးဘေးကိုးကွယ်သော ဘုရားသခင် ထာဝရ ဘုရား ပေးတော်မူသော ပြည်၌၊ ကျင့်အံ့သောငှာ စောင့်ရှောက်ရသော စီရင်ထုံးဖွဲ့ချက်များ ဟူမူကား၊ သင်တို့ အစိုးရသော လူမျိုးတို့သည် တောင်ကြီး၊ တောင်ငယ် အပေါ်၊ စိမ်းသော သစ်ပင်အောက်၌၊ မိမိတို့ ဘုရား များကို ဝတ်ပြုရာအရပ်ရှိသမျှ တို့ကို ရှင်းရှင်း ဖျက်ဆီးရမည်။ သူတို့ ယဇ်ပလ္လင်များ ကိုလည်း ဖျက်ရမည်။ ရုပ်တုများကို ဖြိုချရမည်။ အာရှရပင်များကို မီးရှို့ရမည်။ ထုလုပ်သော ဘုရား ဆင်းတုများကို ခုတ်လှဲရမည်။ ထိုအရပ်၌ ထိုဘုရား တို့၏ နာမကို ပင်ပယ်ရှင်းရမည်။ သူတို့ ပြု သကဲ့သို့ သင်တို့သည်၊ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားအား မပြုဘဲ၊ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားသည်၊ သင်တို့ အမျိုးအနွယ်ရှိသမျှတို့ တွင်၊ နာမတော်ကို တည်စေဘို့ ရာရွေးကောက် တော်မူသော အရပ်တည်း ဟူသော၊ ကျိန်းဝပ် တော်မူ

ရာအရပ်ကို ရှာ၍ လာရကြမည်။ ထိုအရပ်သို့ သင်တို့သည် မီးရှို့ရာယဇ်အစရှိသော ယဇ်များ၊ ဆယ်ဘို့တဘို့ ပူဇော်သက္ကာ၊ ချီမြှောက်ရာပူဇော်သက္ကာ၊ သစ္စာ ဂတိနှင့် ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာမှစ၍၊ သိုးနွားတွင် အဦးဘွားသောသား ငယ်တို့ကို ဆောင်ခဲ့ရကြမည်။ ထိုအရပ်၌ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားရှေ့တော်၌၊ စားရကြမည်။ ပြုလေရာရာ၌ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရား ကောင်းကြီး ပေးတော်မူ သဖြင့်၊ ကိုယ်တိုင်မှစ၍ အိမ်သူအိမ်သား တို့သည်၊ ရွှင်လန်းခြင်းကို ပြုရကြမည်။" (တရားဟော ၁၂:၁-၈)

"တွေ့မြင်ရာရာအရပ်၌ မီးရှို့ရာယဇ်ကို မပူဇော်ရမည်အကောင်း၊ သတိပြုကြလော့။ သင်တို့ အမျိုးတမျိုးတွင် ထာဝရ ဘုရားရွေးကောက် တော်မူသော အရပ်၌ မီးရှို့ရာယဇ်ကို ပူဇော်၍၊ ငါမှာထားသမျှ တို့ကို ပြုရကြမည်။" (တရားဟော ၁၂:၁၃-၁၄) ဟု ထာဝရ ဘုရားသည် မောရှေအားဖြင့် အထပ်ထပ် မှာထားသည်။ ထို့ကြောင့် ဣသရေလ လူများသည် တဲတော် သို့မဟုတ် ဗိမာန်တော်၌ သာကိုးကွယ်ခြင်း အမှုကို ပြုလုပ် ကြသည်။ သို့သော်အခြားသော ဘုရားကိုးကွယ်သော အချိန်တွင်မူ၊ နေရာတကာမှကိုးကွယ်တတ် ကြသည်။

## အသွင်ကူးပြောင်းကာလ

ဣသရေလ လူများသည် တောလည်ရာ၌ တဲတော် ထဲမှဘုရားကို ကိုးကွယ်၍၊ ယေရုရှလင် မြို့၌ ဗိမာန်တော် တည်ဆောက်ချိန်မှစ၍ ဗိမာန်တော်၌ သာ၊ ကိုးကွယ်လေ့ရှိသည်။ ထို့ကြောင့် ရှမာရိအမျိုးသမီးကသခင်ယေရှုထံ၊ "အကျွန်ုပ်တို့ ဘိုးဘေးများသည် ဤတောင်ပေါ်၌ ကိုးကွယ်လေ့ရှိကြ၏။ ယေရုရှလင် မြို့၌ သာကိုးကွယ်ရမည်ဟု သင်တို့သည် ဆိုတတ်ကြ၏ဟု လျှောက်လျှင်၊ " သခင်ယေရှုက၊ "အချင်းမိန်းမ၊ ငါ့စကားကို ယုံလော့။ ဤတောင်သို့ မလာ၊ ယေရုရှလင် မြို့သို့ မသွားဘဲ ခမည်းတော်ကို ကိုးကွယ်ရမည်အချိန်ကာလ ရောက်ဆဲရှိ၏၊ "ဟု ဖြေခဲ့သည်။ (ယော၄:၂၀-၂၁)။ သခင်ယေရှု ကကိုးကွယ်မည့် နေရာပြောင်းတော့မည့် အကြောင်းကို ရှမာရိ အမျိုးသမီးထံ ပြောပြခြင်း ဖြစ်သည်။

## ဗိမာန်တော် ဖျက်စီး

သခင်ယေရှု အသေခံ သောအခါ၊ ဗိမာန်တော် အထဲမှအ သန့်ရှင်းဆုံးနှင့် သန့်ရှင်းရာဌါနကို ကာထားသော ကုလားကာသည် ကွဲသွားကြောင်း ဤသို့ တွေ့ရသည်။ "ထိုအခါ ဗိမာန်တော်၏ ကုလားကာသည် အထက် စွန်းမှအောက်စွန်းတိုင်အောင်၊ စုတ်ကွဲလေ၏။" (မ၂၇:၅၁)။ အဘယ့်ကြောင့်

သခင်ယေရှု အသေခံ သောအခါ ဗိမာန်တော် ကုလားကာစုတ်ကွဲသနည်းဟူမူကား၊ ဘုရားသခင်ကို ဗိမာန်တော် မှကိုးကွယ်ချိန် ကုန်ဆုံးကြောင်းကို ဖေါ်ပြခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူဆောက်သော ဗိမာန်တော်၌ မရှိတော့သောကြောင့်၊ ဗိမာန်တော်၌ ကိုးကွယ်၍ မရတော့ကြောင်း ဖေါ်ပြခြင်း ဖြစ်သည်။ ထိုဗိမာန်တော်သည် အေဒီ ၇၀ တွင် ရောမစစ်သားများကဖျက်စီး၍ မရှိတော့ချေ။ ဣသရေလလူများ ကအေဒီ ၁၃၅ ခန့်တွင် ပြန်လည်တည်ဆောက်ဘို့ရန် ကြံစည်သော်လည်း မအောင်မြင် ခဲ့ချေ။ ယနေ့ တိုင်အောင် ဗိမာန်တော် မရှိသောကြောင့်၊ ယဇ်ပူဇော်ခြင်း မပြုလုပ် နိုင်ကြချေ။ ဣသရေလ များ၏ အဓိကရည်မှန်းချက် တခုမှာဗိမာန်တော် ပြန်လည်တည်ဆောက်၍၊ ယဇ်ပူဇော်ဘို့ရန် ဖြစ်သည်။ သို့သော်ဗိမာန်တော် နေရာ၌ မူစလင်များ ကဗလီဆောက်ထားသောကြောင့် သူတို့၏ စိတ်ကူးယဉ်မ ပြည့်စုံနိုင်ချေ။ ဘုရားသခင်က အကောင်းဆုံးသော အစောင့်များကို ချထားသည်။ အခြား သူများ ကဗိမာန်တော် နေရာကို ပိုင်ခဲ့သည် ရှိသော်၊ ဣသရေလ လူများ ကဝယ်ယူ၍ ဗိမာန်တော် တည်ဆောက်လောက်ပြီ။ ထိုအရာကို သိသောကြောင့် ဘုရားသခင်က အကောင်းဆုံးအစောင့်များ ဖြစ်သော၊ မူစလင်များကို အစောင့်များ အဖြစ်ချထားခြင်း ဖြစ်သည်။

ယနေ့ ခရစ်ယာန် များက ဘုရားသခင်ကို လူ့လက်နှင့် ဆောက်သော ဘုရားရှိခိုးကျောင်း၌ ကိုးကွယ်နိုင်သည်ဟု ထင်မှတ် ကြသည်။ တနည်းအားဖြင့် မှန်ပါသည်။ သို့သော်မ ပြည့်စုံချေ။ ကက်သလိပ် အသင်းတော်သည် ဣသရေလများလုပ်သော အရာကို ဆက်လက်ထိမ်းသိမ်း၍၊ သူတို့ ရှိသော နေရာတိုင်း၌ ဗိမာန်တော် များကို ဆောက် ကြသည်။ သန့်ရှင်းရာဌါနများကို ပြုလုပ်၍ သူတို့၏ ဘုန်းကြီးများသာဝင်ခွင့်ရှိသည်။ အခြားသော ခရစ်ယာန် အဖွဲ့များသည် ထိုကဲ့သို့သော သန့်ရှင်းရာဌါနမပြုလုပ် ကြသောကြောင့်၊ ဆင်မြင့်ပေါ်၌ လူတိုင်း တက်ခွင့်ရှိ ကြသည်။ ကက်သလိပ်များ ကအရိပ်ကို အတုယူထိန်းသိမ်း၍၊ အခြားသော ခရစ်ယာန် များသည် အရိပ်ကိုလည်း မသိ၊ ထိန်းသိမ်းရမှန်းလည်း မသိ၊ မိမိတို့ ကြိုက်နှစ်သက်သလိုလုပ် ကြသည်။ သို့သော်၊ ဣသရေလ များ၏ ရည်ရွယ်သည့်အတိုင်း ဗိမာန်တော် တည်ဆောက်လျှင် လည်း၊ အကျိုးမရှိချေ။ အကြောင်းမှာ၊ ဘုရားသခင်သည် လူဆောက်သော ဗိမာန်တော်၌ မရှိပြီ။ ကက်သလိပ်များ ဆောက်သော ဗိမာန်တော်များလည်း၊ အဓိပ္ပါယ်မရှိချေ။ အခြားသော ခရစ်ယာန် များ၏ ဘုရား ကျောင်းများ၌ လည်း၊ ဘုရားသခင် မကျိန်ဝပ်ချေ။ သို့ဖြစ်လျှင် မည်သူမှန်သနည်း။ ဘုရားသခင်ကို မည်သည့်နေရာ၌ ကိုးကွယ်ရမည်နည်း။ ထိုအရာများကို ဆက်လက်လေ့လာရကြဦးမည်။ ဆက်ဖတ်ပါ။

**သင်ခန်းစာ (၅) မေးခွန်းများ**

၁။ မောရှေလက်ထက် မှစ၍ ဘုရားသခင်က ………………..မှာငင်း၊ ရှောလမုန်လက်ထက် မှစ၍ ………………………..၌ငင်းကိုးကွယ်ရသည်။

၂။ တဲတော်နှင့် ဗိမာန်တော် မှမကိုးကွယ်သော အရာသည် အဘယ်ကြောင့် ဘုရားသခင်က လက်မခံနိုင်သနည်း။

၃။ သခင်ယေရှု ကရှမရိအမျိုးသမီးကို အဘယ်အရာပြောသနည်း။ …………………………

၄။ အဘယ်ကြောင့် သခင်ယေရှု သေ သောအခါ ဗိမာန်တော် ကုလားကာစုတ်ကွဲသနည်း။ …………………….

၅။ ဣသရေလ များ၏ အဓိကရည်ရွယ်ချက်သည် အဘယ်အရာ ဖြစ်သနည်း။ ……………………………….

၆။ ဗိမာန်တော် နေရာ၌ အဘယ်အရာဆောက်ထားသနည်း။ …………..အဘယ်ကြောင့် နည်း။ …………………………………

**သင်ခန်းစာ (၆)**

# ယဇ်ပုရောဟိတ်အားဖြင့်သာကိုးကွယ်ရမည်

အလုပ်သမားများက၊ ကုမ္ပဏီအကြီး အကဲကို တွေ့ချင် သောအခါ အားလုံးရုံးခန်းထဲသို့ မသွားဘဲ သူတို့၏ ခေါင်းဆောင် သာလျှင် သွားတတ်သည်။ အကြောင်းမှာ အလုပ်သမားများ အားလုံးရုံးခန်းထဲ၌ မဆန့်သည် သာမက၊ အားလုံးကစကား ပြောမှာ မဟုတ်၊ သူတို့၏ကိုယ်စားလှယ်ကသာ ပြောမှာ ဖြစ်သည်။ ထို့နည်းတူလူတိုင်းက ဘုရားသခင်ကို မတွေ့ဘဲ၊ ခေါင်းဆောင် ကသာလျှင် ဘုရား တွေ့ရသည်။ ထိုသို့ လူများကိုယ်စားဘုရား တွေ့သော သူသည် ယဇ်ပုရောဟိတ် ဟု ခေါ်သည်။

**အိမ်ထောင်ဦးစီး**

ကမ္ဘာဦးမှစ၍ မောရှေလက်ထက်၌ ဝတ်ပြုခြင်း ဆိုင်ရာပညတ်တော် ပေးသည် အထိ၊ သတ်မှတ်ထားသော ယဇ်ပုရောဟိတ် မရှိချေ။ အိမ်ထောင်ဦးစီး ယောကျာ်းများသည် ယဇ်ပုရောဟိတ် များ ဖြစ်သည်။ ကာဣနနှင့် အာဗေလတို့သည် သူတို့ကိုယ်တိုင်ယဇ်ပူဇော် ကြသည်။ (က ၄:၁-၅)။ နောသေည် သူကိုယ်တိုင်ယဇ်ပုရောဟိတ် ဖြစ်သည်။ (က၈:၂၀)။ အဗြာဟံလည်း သူကိုယ်တိုင်ယဇ်ပူဇော်သည်။ (က ၁၂:၇)။ ဣဇက်နှင့် ယာကုပ်တို့လည်း သူတို့ကိုယ်တိုင်ယဇ်ပူဇော်ခဲ့ ကြသည်။ (က ၂၆:၂၅၊ ၃၅:၁)။

**အာရုန်နှင့်သားများသာ**

ဣသရေလများအဲဂုတ္တု ပြည်မှ ထွက်လာကြ၍ သိနာတောင်ခြေသို့ ရောက်ကြ သောအခါ၊ မောရှေအားဖြင့် ဝတ်ပြုခြင်း ဆိုင်ရာပညတ်ပေးခဲ့သည်။ ထိုအချိန် မှစ၍ လူတိုင်း ယဇ်ပုရောဟိတ် လုပ်ခွင့်မရှိတော့ချေ။ အာရုန်နှင့် သူ၏ သားများသာလျှင် လူတိုင်း အတွက် ယဇ်ပုရောဟိတ် ဖြစ်၍ ယဇ်ပူဇော်နိုင်သည်။ ဘုရားသခင်က မောရှေထံ၌သို့ မှာကြားခဲ့သည်။ "သင်၏ အစ်ကို အာရုန်သည် ငါ့ရှေ့မှာ ယဇ်ပုရောဟိတ် အမှုကို ဆောင်ရမည်အကြောင်း၊ သူနှင့် သူ၏သား တည်း ဟူသော နာဒပ်၊ အဘိဟု၊ ဧလာဇာ၊ ဣသမာတို့ကို၊ ဣသရေလ အမျိုးသားတို့ အထဲကရွေးချယ်၍ သင့်အောက်၌ ခန့်ထားလော့။" (ထွက်၂၈:၁)။

**ယဇ်ပုရောဟိတ်အရာရှာသူများ**

ကောရ၊ ဒါသန်၊ အဘိရံတို့ ကအာရုန်၏ နေရာ၊ ယဇ်ပုရောဟိတ် အရာကို လုယူသောကြောင့်

ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံရ၍၊ မြေမျိုခြင်း ဖြင့် သေဆုံးခဲ့ကြကြောင်း ကျမ်းစာ၌ ဤသို့ တွေ့ရသည်။ "ထာဝရ ဘုရား ကလည်း၊ ကောရ၊ ဒါသန်၊ အဘိရံတို့၏ တဲများကို ရှောင်၍ နေစေခြင်းငှါ၊ ပရိသတ်တို့အား ဆင့်ဆိုလော့ဟု မောရှေအား မိန့်တော်မူသည် အတိုင်း၊ မောရှေထ၍ ဣသရေလ အမျိုးအသက် ကြီး သူတို့နှင့် တကွ၊ ဒါသန်၊ အဘိရံနေရာသို့ သွားပြီးမှ၊ ဤလူဆိုးတို့၏ နေရာတဲများကို ရှောင်၍ နေကြပါလော့။ သူတို့၏ ဥစ္စာတစုံ တခုကို မျှမထိကြပါနှင့်။ သို့မဟုတ် သူတို့နှင့် အတူ၊ သူတို့ အပြစ်ကြောင့် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်ဟု၊ ပရိသတ်တို့အား ဆင့်ဆိုလျှင်၊ လူများ တို့သည် ကောရ၊ ဒါသန်၊ အဘိရံတဲပတ်ဝန်းကျင်၌ မနေဘဲ ရှောင်လွှဲ၍ သွားကြသဖြင့် ဒါသန်၊ အဘိရံသည်သား မယားကလေးများနှင့် တကွထွက်၍၊ မိမိတို့ တဲတံခါးဝ၌ ရပ် နေကြ၏။ မောရှေကလည်း၊ ဤအမှု အလုံးစုံတို့ကို ငါသည် အလိုလိုမပြု၊ ထာဝရ ဘုရား စေခိုင်း တော်မူ၍ ငါပြုသည်။ အကြောင်းကို၊ သင်တို့သည် အဘယ်သို့ သိရမည်နည်းဟူမူကား၊ ခပ်သိမ်းသော လူသတ္တဝါတို့ ခံရသော သေခြင်း၊ ခပ်သိမ်းသော လူသတ္တဝါတို့ ခံရသော ဆုံးမခြင်းကို သာဤလူတို့ ခံရလျှင်၊ ထာဝရ ဘုရားသည် ငါ့ကို စေလွှတ်တော် မမူ။ သို့မဟုတ် ထာဝရ ဘုရားသည် အသစ်ဖန်ဆင်း တော်မူ သဖြင့်၊ မြေကြီး ကွဲပွင့်လျက် ဤလူတို့ကိုငင်း၊ သူတို့နှင့် ဆိုင်သမျှကိုငင်းမျို၍၊ သူတို့သည် အသက် ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်းသွားလျှင်၊ ထာဝရ ဘုရား၌ ပြစ်မှားကြောင်းကို သင်တို့သည် သိနားလည်ရကြလိမ့်မည်ဟု၊ ပြောဆို ပြီးသည်။ အဆုံး၌၊ သူတို့ နင်းရာမြေကြီးသည် ကွဲ၍၊ မိမိ ခံတွင်းကို ဖွင့်သဖြင့် သူတို့နှင့် သူတို့ အိမ်များကိုငင်းကောရနှင့် ဆိုင်သမျှသော သူတို့နှင့် သူတို့ ဥစ္စာရှိသမျှကို ငင်းမျိုလေ၏။ ထိုသူတို့သည်ကိုယ်တိုင်မှစ၍၊ ဆိုင်သမျှသော သူတို့နှင့် တကွ၊ အသက် ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်းသက်၍၊ သူတို့ အပေါ်မှာ မြေစေ့ပြန်သဖြင့်၊ သူတို့သည် ပရိသတ်မှပယ်ရှင်းခြင်းကို ခံရကြ၏။" (တော၁၆:၂၃-၃၃)

သူတို့နှင့် သဘောခြင်း တူ၍ ယဇ်ပုရောဟိတ် အရာ၌ ခန့်ထားသော လူ၂၅၀တို့လည်း သေဆုံးခဲ့ကြကြောင်း ဤသို့ ရေးထားသည်။ "နံ့သာပေါင်းကို မီးရှို့၍ ပူဇော်သော သူနှစ်ရာငါးဆယ်တို့ကို လည်း၊ ထာဝရ ဘုရား ထံတော် ကမီးထွက်၍ လောင်လေ၏။" (တော၁၆:၃၅)။ ယဇ်ပုရောဟိတ် အရာသည် အာရုန်နှင့် သားများအတွက် သာ ဖြစ်ကြောင်းကို ကျမ်းစာ၌ ဤသို့ ရေးထားသည်၊ "တဖန် ထာဝရ ဘုရားသည် အာရုန်အား မိန့်တော်မူသည်ကား၊ သင်နှင့် သင်၏ မြေးအဆွေအမျိုးတို့သည် သန့်ရှင်းရာ ဌာနတော်နှင့် ဆိုင်သော အပြစ်၊ သင်တို့ ယဇ်ပုရောဟိတ် အရာနှင့် ဆိုင်သော အပြစ်ကို ခံရကြမည်။ သင်၏ ဘိုးဘအဆွေအမျိုး၊ လေဝိအမျိုးသား ညီအစ်ကို ချင်းတို့သည်၊ သင်နှင့်အတူ ကူညီ၍ အမှုတော်ကို ဆောင်ရွက်စေခြင်းငှါ ခေါ်ထားလော့။သို့ ရာတွင် သင်နှင့် တကွသင်၏သား တို့သည်၊ သက်သေခံချက်တဲတော် ရှေ့မှာ အမှုတော်ကို

ဆောင်ရွက်ရကြမည်။ လေဝိသား တို့သည် သင့်ကိုဌင်းတဲတော် ရှိသမျှ တို့ကို ငင်းစောင့်ရကြမည်။သို့ ရာတွင် သင်တို့နှင့် သူတို့သည် သေဘေးလွတ်မည်အကြောင်း၊ သူတို့သည် တဲတော် တန်ဆာ၊ ယဇ်ပလ္လင်တန်ဆာများကို မချဉ်းကပ်ရကြ။ သူတို့သည် သင်တို့နှင့်အတူ ကူညီ၍၊ ပရိသတ်စည်းဝေးရာတဲတော်ကို စောင့်လျက် တဲတော် အမှု ရှိသမျှကို ထမ်းရကြမည်။ မဆိုင်သော သူသည် သင်တို့ အနီးသို့ မချဉ်းမကပ်ရ။ နောက်တဖန် အမျက်တော် ထွက်၍ ဣသရေလ အမျိုးသားတို့ အပေါ်သို့ မရောက်မည်အကြောင်း၊ သင်တို့သည် သန့်ရှင်းရာ ဌာနတော်နှင့် ယဇ်ပလ္လင်ကို စောင့်ရကြမည်။ ထိုသို့ သင်တို့၏ ညီအစ်ကို လေဝိသား တို့ကို၊ ဣသရေလ အမျိုးသားတို့ ထဲကရွေးယူ၍၊ ပရိသတ် စည်းဝေးရာ တဲတော် အမှုကို ထမ်းစေခြင်းငှါ၊ ထာဝရ ဘုရားအား ပြုသော ပူဇော်သက္ကာထဲသို့ သင်တို့အား ငါပေး၏။ ထိုကြောင့် သင်နှင့် သင်၏သား တို့သည်၊ ယဇ်ပလ္လင်နှင့် ဆိုင်သော အမှု၊ ကုလားကာအတွင်း ၌ ဆောင်ရွက်စရာ အမှု ရှိသမျှ တို့ကို၊ ယဇ်ပုရောဟိတ် ပြု၍ ဆောင်ရွက်ရကြမည်။ သင်တို့အား ကျေးဇူးပြု၍ ယဇ်ပုရောဟိတ် အရာကို ငါပေးပြီ။ မဆိုင်သော သူသည် အနီးအပါးသို့ ချဉ်းကပ်လျှင်၊ အသေသတ်ခြင်းကို ခံရမည်၊ ဟု မိန့်တော်မူ၏။” (တောလ၈:၁-၇)။

**ရှောလု**

ရှင်ဘုရင်ရှောလုကယဇ်ပုရောဟိတ် ရှမွေလကို မစောင့်နိုင်ဘဲ ယဇ်ပူဇော် သောအခါ၊ ဘုရားသခင်က သူ့ကို ရှင်ဘုရင်အရာမှပယ်ရှားခဲ့ကြောင်း သိခဲ့ရပြီ (၁ ရာ ၁၃)။

**ယေရောဗောင်**

ယေရောဗောင်သည် ရှင်ဘုရင် ဖြစ်လာ သောအခါ၊ ဝတ်ပြုခြင်း ဆိုင်ရာပညတ်အားလုံးကို ကျူးလွန်သည်။ ထာဝရ ဘုရား အစားရွှေနွားရုပ်တုကိုကိုးကွယ်သည်။ သာမန်လူများကို လည်း၊ ယဇ်ပုရောဟိတ် အဖြစ် ခန့်ထားကြောင်း ဤသို့ တွေ့ရသည်။ “ယေရောဗောင်သည် လည်း၊ မြင့်သော အရပ်ပေါ်မှာ အိမ်ကို ဆောက်၍၊ လေဝိသား မဟုတ်သော သာမညလူတို့ကို၊ ယဇ်ပုရောဟိတ် အရာ၌ ခန့်ထားလေ၏။” (၃ ရာ ၁၂:၃၁) ယေရောဗောင်သည် ရုပ်တုကိုးကွယ်၍၊ သာမန်လူများအား ယဇ်ပုရောဟိတ် ခန့်ထားခြင်း နှင့်၊ ပွဲနေ့များကို သတ်မှတ်ခြင်း များကြောင့်၊ ဘုရားသခင်၏ ပရောဖက် အားဖြင့် ဆုံးမခြင်း ခံခဲ့ရသည်။ သို့သော်နောင်တ မရ၊ ဆက်၍ လမ်းမှားလိုက် နေကြောင်း အောက်ပါကျမ်းပိုဒ်များ အားဖြင့် သိရသည်။ “ထိုနောက်မှ ယေရောဗောင်သည် မိမိ အဓမ္မလမ်းကို မရှောင်၊ သာမညလူတို့ကို မြင့်သော အရပ်တွင် ယဇ်ပုရောဟိတ် အရာ၌ ထပ်၍ ခန့်ထား၏။

ယဇ်ပုရောဟိတ် လုပ်ချင်သော လူရှိသမျှကို ချီးမြှောက်သဖြင့်၊ သူတို့သည် မြင့်သော အရပ်တွင် ယဇ်ပုရောဟိတ် ဖြစ်ကြ၏။ ထိုသို့ ပြုသောကြောင့် ယေရောဗောင်အမျိုးကို မြေကြီး ပြင်မှသုတ်သင် ပယ်ရှားစေသော အပြစ် ရောက်သတည်း။" (၃ရာ၁၃:၃၃-၃၄)

ထို့ကြောင့် သူ့ အပေါ်၌ ထာဝရ ဘုရား အလွန် အမျက်ထွက်၍၊ ပရောဖက် အဟိယအားဖြင့် ဤသို့ ဆိုခဲ့သည်။ "သင်သည် ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရ ဘုရား၏ အမိန့်တော်ကို၊ ယေရောဗောင်ထံသို့ သွား၍ ဆင့်ဆိုရမည်မှာ၊ သင့်ကို လူစုထဲကငါရွေး၍ ငါ၏ လူဣသရေလ အမျိုးကို အုပ်စိုးစေခြင်းငှါ ချီးမြှောက်လျက်၊ နိုင်ငံတော်ကို ဒါဝိဒ် မင်းမျိုးလက်မှ နှုတ်၍ သင့်အား ပေးသော်လည်း၊ သင်သည် ငါ့ကျွန်ဒါဝိဒ်ကဲ့သို့ မဟုတ်၊ သူသည် ငါ့ပညတ်တို့ကို စောင့်ရှောက်၏။ ငါ့ရှေ့မှာ ကောင်းသော အကျင့်ကို သာကျင့်မည်ဟု စိတ်နှလုံးအကြွင်းမဲ့ငါ့ကို ဆည်းကပ်၏။ သင်မူကား သင့်ရှေ့မှာ ဖြစ်ဘူးသောသူ အပေါင်းတို့ကို လွန်၍၊ ဒုစရိုက်ကို ပြုလေပြီ။ ငါ့အမျက်ကို နှိုးဆော်ခြင်းငှါ အခြားတပါးသော ဘုရားနှင့် သွန်းသော ရုပ်တုတို့ကို လုပ်၍၊ ငါ့ကို သင့်ကျောနောက်သို့ ပစ်ထားပြီ။ ထို့ကြောင့် ယေရောဗောင်အမျိုး အပေါ်သို့ ဘေးဥပါဒ်ရောက်စေမည်။ ဣသရေလ မြို့ရွာ၌ အချုပ်ခံသောသူ ဖြစ်စေအလွတ်ပြေးသောသူ ဖြစ်စေ၊ ယေရောဗောင်အမျိုး ယောကျ်ားများကို ပယ်ဖြတ်မည်။ လူသည် နောက်ချေးကို အကုန်အစင်ကျုံးသွား သကဲ့သို့၊ ကျန်ကြွင်းသော ယေရောဗောင်အမျိုးကို ပယ်သွားမည်။ ယေရောဗောင်အမျိုးသားသည် မြို့ထဲမှာသေလျှင် အသေကောင်ကို ခွေးစားလိမ့်မည်။ မြို့ပြင်မှာသေလျှင် မိုဃ်းကောင်းကင် ငှက်စားလိမ့်မည်အကြောင်း ထာဝရ ဘုရား မိန့်တော်မူ ပြီ။" (၃ရာ၁၄:၇-၁၁)

ယဇ်ပုရောဟိတ် အရာကို ရှာသော ကောရအဖွဲ့၏ နိဂုံးသိရပြီ။ ယဇ်ပုရောဟိတ်အား မကိုးသော ရှောလုရှင်ဘုရင် ဘုရားသခင်၏ ပယ်ရှားခြင်း ခံရကြောင်း သိရပြီ။ လိုချင်သော သူတိုင်းကို ယဇ်ပုရောဟိတ် ခန့်သော ယေရောဗောင်၏ ပြစ်ဒဏ်များလည်း သိရပြီ။ ထို့ကြောင့် ယဇ်ပုရောဟိတ် သည် အလွန် အရေးကြီးသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ် သည် မည်သူနည်း။ ကက်သလိပ်ဘုန်းကြီး များသည် ယဇ်ပုရောဟိတ် ဖြစ်သလော။ သင်းအုပ်ဆရာများသည် ယဇ်ပုရောဟိတ် ဖြစ်သလော။ အာရုန်အနွယ်များသည် ယဇ်ပုရောဟိတ် ဖြစ်သေးသလော။ သင်ကိုယ်တိုင်သည် ယဇ်ပုရောဟိတ် ဖြစ်သလော။ ယဇ်ပုရောဟိတ် မသိလျှင် မည်သို့ အားကိုး နိုင်မည်နည်း။ ယဇ်ပုရောဟိတ် မရှိလျှင် မည်သို့ ဘုရားသခင် ထံချဉ်းကပ် ကိုးကွယ်နိုင်မည်နည်း။ ထိုအရာများကို ဆက်လေ့လာမည်။ ဆက်ဖတ်ပါ။

**သင်ခန်းစာ (၆) မေးခွန်းများ**

၁။ ကမ္ဘာဦးမှစ၍ မောရှေလက်ထက် တိုင်အောင် မည်သူသည် ယဇ်ပုရောဟိတ် ဖြစ်သနည်း။ ……………………..

၂။ ဝတ်ပြုခြင်း ဆိုင်ရာပညတ်အရမည်သူသည် သာယဇ်ပုရောဟိတ် ဖြစ်နိုင် သနည်း။ ……………………………

၃။ အာရုန်၏ သားများနာမည် ဖော်ပြပါ။ …………………………..

၄။ အာရုန်၏ ယဇ်ပုရောဟိတ် ရာထူးကို လိုချင် ကြသော သူများသည် ……………………………တို့ ဖြစ်သည်။

၅။ ကောရနှင့် အဖွဲ့များကို ဘုရားသခင်က မည်ကဲ့သို့ စီရင်သနည်း။ …………………………

၆။ ယဇ်ပုရောဟိတ် ဖြစ်ချင် ကြသော လူ၂၅၀တို့ကို ဘုရားသခင်က မည်ကဲ့သို့ တရားစီရင်သနည်း။ …………….

၇။ ရှောလုမင်း၏ အပြစ်သည် အဘယ်အရာနည်း။ ……………………………………..

၈။ ယေရောဗောင်ကျူးလွန်သော ဝတ်ပြုခြင်း ဆိုင်ရာပညတ်များကို ဖော် ပြပါ။ ……………………………

၉။ ဘုရားသခင်သည် ယေရောဗောင်ကို မည်ကဲ့သို့ တရားစီရင်သနည်း။ ………………………………..

၁၀။ ကက်သလိပ်ဘုန်းကြီးများ၊ သင်းအုပ်များ၊ သင်ကိုယ်တိုင်သည် ယဇ်ပုရောဟိတ် ဖြစ်သလော။ ……………………………

.

**သင်ခန်းစာ (၇)**

# ယဇ်ကောင်အားဖြင့်သာကိုးကွယ်ရမည်

ဘုရားသခင် ထံလက်ချည်းချဉ်းကပ်ကိုးကွယ်၍ မရပါ။ ထာဝရ ဘုရားကိုယ်တိုင်ဤသို့ မိန့်မှာခဲ့သည်။ "တနှစ်တွင် သုံးကြိမ်ငါ့အဘို့ ပွဲခံရမည်။ ငါမှာထားခဲ့ပြီးသည်။ အတိုင်း၊ အဗိဗလ (တန်ခူးလ) ချိန်းချက်သော နေ့ရက်အချိန်၌ အဇုမ (တဆေးမဲ့မုန့်) ပွဲကို ခံ၍၊ ခုနစ်ရက်ပတ်လုံး တဆေးမဲ့သော မုန့်ကို စားရမည်။ အကြောင်းမူကား၊ ထိုလတွင် သင်သည် အဲဂုတ္တု ပြည် ကထွက်လာသတည်း။ ထိုပွဲကို ခံစဉ်ငါ့ထံသို့ အဘယ်သူ မျှလက်ချည်းမပေါ်မလာရ။" (ထွက်၂၃:၁၄-၁၅) "သင်သည် အဗိဗလ၌ အဲဂုတ္တု ပြည်မှ ထွက်သောကြောင့်၊ ငါပညတ်သည် အတိုင်း၊ အဗိဗ (တန်ခူး) လတွင် ခုနစ်ရက်ပတ်လုံး တဆေးမဲ့မုန့်ကို စား၍ အဇုမ (တဆေးမဲ့မုန့်) ပွဲကို ခံရမည်။သား ဦး အပေါင်းတို့သည် ငါ့ဥစ္စာ ဖြစ်ကြ၏။ သင်၏ တိရစ္ဆာန်တို့တွင် လည်း၊ နွား ဖြစ်စေ၊ သိုး ဖြစ်စေ၊ သား ဦး အပေါင်းတို့သည် ငါ့ဥစ္စာ ဖြစ်ကြ၏။သို့ ရာတွင်၊ မြည်းသား ဦးကို သိုးသငယ်နှင့် ရွေးယူရမည်။ မရွေးလိုလျှင်၊ မြည်းသငယ်၏ လည်ပင်းကို ချိုးရမည်။ သင်၏သား ဦး အပေါင်းတို့ကို ရွေးရမည်။ ငါ့ထံသို့ အဘယ်သူ မျှလက်ချည်း မပေါ်မလာရ။" (ထွက်၃၄:၁၈-၂၀) "အဇုမ (တဆေးမဲ့မုန့်) ပွဲခံချိန်၊ ခုနှစ်သိတင်း ပွဲခံချိန်၊ သကေနေ (တဲတော်) ပွဲခံချိန်တည်း ဟူသော တနှစ်တွင် သုံးကြိမ်မြောက်အောင်၊ သင်တို့ ယောက်ကျား အပေါင်းတို့သည်၊ သင်၏ ဘုရားသခင် ထာဝရ ဘုရားရွေးကောက် တော်မူသော အရပ်၌ ရှေ့တော် မှာမျက်နှာပြရကြမည်။ ထိုအခါ ထာဝရ ဘုရား ထံတော်သို့ အဘယ်သူ မျှလက်ချည်း မပေါ်မလာရ။ သင်၏ ဘုရားသခင် ထာဝရ ဘုရား ကောင်းကြီး ပေးတော်မူ သဖြင့်၊ လူအသီးသီးတို့သည် တတ်နိုင်သည် အတိုင်း ဆက်ရကြမည်။" (တရားဟော၁၆:၁၆-၇)

"ယဇ်ပုရောဟိတ် မင်းမည်သည်ကား၊ ပူဇော်သက္ကာနှင့် ယဇ်ကို ပူဇော်စေခြင်းငှါ ခန့်ထားလျက် ရှိသည် ဖြစ်၍၊ ငါတို့ ယဇ်ပုရောဟိတ် မင်းသည် လည်း၊ ပူဇော်စရာ ယဇ်တစုံ တခုရှိရ၏။" (ဟေဗြဲ၈:၃)။ ထို့ကြောင့် ဘုရားသခင် ထံချဉ်းကပ် သောအခါ လက်ချည်းမလာရ၊ တခုခုပါလာရသည်။ ဣသရေလ လူများသည် နွားသိုးဆိတ်ခိုနှင့် ချိုးငှက်များ မုန့်ညက်နှင့် မုန့်အမျိုးမျိုး ပါလာတတ် ကြသည်။ မိတ်ဆွေ၊ ထာဝရ ဘုရား ထံချဉ်းကပ်ရာတွင် မည်သည့်အရာပါလာမည်နည်း။ ဆုတောင်းခြင်း၊ အလှူငွေပေးသော အရာ၊ ကုသိုလ်ကောင်းမှုများ၊ ကောင်းသော အကျင့်များ ယူဆောင်လာမည်လော။ ထိုအရာများ အားဖြင့် ဘုရားသခင် ရှေ့၌ မျက်နှာရပါမည်လော။ ဘုရားသခင်ကလည်း သူ့ထံသို့ လက်ချည်းမလာရဟု၊ ပညတ်ထားသည်။ ကိုယ်ပါလာသော အရာကို စဉ်းစားမိဘူးပါသလား။

**ကာဣန**

ကာဣနသည် မှားယွင်းသော အရာကို ယူဆောင်လာခဲ့ကြောင်း သိခဲ့ပြီ။ သူသည် လယ်ထွက်သီးနှံများကို ဘုရားသခင် ထံယူဆောင်လာခဲ့သည်။ သို့သော် ဘုရားသခင်က လက်မခံခဲ့ချေ။ ဘုရားသခင် ထံ၌ သီးနှံများ၊ မုန့်ညက်များ၊ ကင်သော မုန့်ကြော်သော မုန့်၊ ဖုတ်သော မုန့်များ ပူဇော်တတ်ကြပါသည်။ (ဝတ်၂)။ သို့သော် ဘုရားသခင်က၊ ကာဣနကို လက်မခံရသည့် အကြောင်းရင်းကို ဖေါ် ပြထားသည်။ အင်္ဂလိပ် ကျမ်းစာအုပ်များတွင် ကမ္ဘာ၄:ရကို ဤသို့ ရေးထားသည်။ "အပြစ်သည် တံခါးနားမှာဝပ်လျက် ရှိသည်။" (sin is crouching at the door)။ သို့သော် မြန်မာကျမ်းစာအုပ်၌၊ "အပြစ် ဖြေသော ယဇ်ကောင်သည်။ တံခါးနားမှာဝပ်လျက် ရှိ၏။"ဟုဆိုထားသည်။ မည်သည့်သည့်အရာမှန်သနည်း။ ဟေဗြဲစကား လုံးခထပ်ကို အပြစ် သို့မဟုတ် အပြစ် ဖြေသော ယဇ်ကောင်ဟု အဓိပ္ပါယ်နှစ်မျိုးဖြင့် ပြန်နိုင်သည်။ ထိုနှစ်မျိုးအနက်၊ မြန်မာကျမ်းစာ၌ ပါသည့်အတိုင်း၊ အပြစ် ဖြေသော ယဇ်ကောင် သာလျှင် မှန်နိုင်စရာ ရှိသည်။ အကြောင်းမှာ အပြစ်သည် အကောင် မဟုတ်သောကြောင့် တံခါးနားမှာဝပ်နိုင်မည် မဟုတ်။ ဝပ်နိုင်သော အရာသည် အပြစ် ဖြေသော ယဇ်ကောင် သာလျှင် ဖြစ်သည်။ ဘုရားသခင်က၊ ကာဣနကို ယဇ်ကောင် ပေးသော်လည်း အသုံးမပြုခဲ့ချေ။ သူသည် ဘုရားသခင် ပေးသော ယဇ်ကောင်ကို ငြင်းပယ်သောကြောင့်၊ ဘုရားသခင်ကလည်း သူ့ကို ငြင်းပယ်ခဲ့သည်။ ထိုသို့ ငြင်းပယ်ခြင်း ခံခဲ့၍ ဘုရားသခင် အထံတော်မှ ထွက်ခွါသွားခဲ့သည်။ ဘုရားသခင် အထံတော်မှ ထွက်ခွါသွားလျှင်၊ မည်သို့ မျှထာဝရ အသက်နှင့် ကောင်းကြီး မင်္ဂလာရစရာ အကြောင်း မရှိချေ။

**ဣသရေလများ**

ဣသရေလ များသည် ထာဝရ ဘုရား ထံ၌၊ ယဇ်ကောင်များယူဆောင်လာကြသော်လည်း မကောင်းသော အကောင်များ ယူဆောင်လာသောကြောင့်၊ ထာဝရဘုရား ကငြင်းပယ်ကြောင်းကို ဤသို့ တွေ့ရသည်။ "သားသည် အဘကို ရိုသေတတ်၏။ ကျွန်သည် သခင်ကို ကြောက်ရွံ့တတ်၏။ ငါသည် အဘမှန်လျှင် ငါ့ကို အဘယ်သူ ရိုသေသနည်း။ သခင်မှန်လျှင်၊ အဘယ်သူ ကြောက်ရွံ့သနည်း၊ ဟု ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရ ဘုရားသည် နာမတော်ကို မထိမဲ့မြင် ပြုသော ယဇ်ပုရောဟိတ် တို့အား မေးတော်မူ၏။ အကျွန်ုပ်တို့သည် နာမတော်ကို အဘယ်သို့ မထီမဲ့မြင် ပြုပါသနည်း၊ ဟု သင်တို့ မေးရာတွင်၊ ညစ်ညူးသော အစာကို ငါ့ယဇ်ပလ္လင်သို့ ဆောင်ခဲ့ ကြသည် တကား။ အကျွန်ုပ်တို့သည်ကိုယ်တော်ကို အဘယ်သို့ ရှုတ်ချပါသနည်း၊ ဟု မေးရာတွင်၊ ထာဝရ ဘုရား၏ စားပွဲသည် ယုတ်မာ၏ဟုဆိုသောကြောင့် ငါ့ကို ရှုတ်ချကြပြီ။ မျက်စီကန်းသော အကောင်ကို

ယဇ်ပူဇော်လျှင် အပြစ် ရှိသည် မဟုတ်လော။ ခြေဆွံ့သော အကောင်နှင့် နာသော အကောင်ကို ယဇ်ပူဇော်လျှင် အပြစ် ရှိသည် မဟုတ်လော။ မြို့ဝန်မင်းအား ဆက်ပါလော့။ မင်း၏ စိတ်နှင့် တွေ့လိမ့်မည်လော။ သင့်မျက်နှာကို ထောက်လိမ့်မည်လော၊ ဟု ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရ ဘုရား မိန့်တော်မူ၏။" (မာလခိ၁:၆-၈) "သင်တို့က၊ ထာဝရ ဘုရား၏ စားပွဲတော်သည် ညစ်ညူး၏။ တင်ထားသော ဘောဇဉ်ပူဇော်သက္ကာသည် ယုတ်မာ၏ဟုဆိုသောကြောင့်၊ စားပွဲတော်ကို ရှုတ်ချကြပြီ။ တဖန် သင်တို့ ကအမှုတော်ကို ဆောင်ရွက်၍၊ ပင်ပန်းစွတကားဟုဆိုလျက်၊ ကဲ့ရဲ့သံကို ပြုတတ်ကြသည် ဟု ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရ ဘုရား မိန့်တော်မူ၏။ လုယူသော အကောင်၊ ခြေဆွံ့သော အကောင်၊ နာသော အကောင်ကို၊ ဆောင်ခဲ့ကြပြီ။ ထိုသို့သော ပူဇော်သက္ကာကို ဆောင်ခဲ့ကြပြီတကား၊ သင်တို့ လက်မှငါခံရမည်လောဟု ထာဝရ ဘုရား မေးတော်မူ၏။ သစ္စာဂတိထားပြီးမှမိမိ သိုးစု၌ အထီးရှိလျက် ပင်၊ လှည့်စား၍၊ ထာဝရ ဘုရားအား ချို့တဲ့သော အကောင်ကို ယဇ်ပူဇော်သော သူသည် အမင်္ဂလာရှိစေသတည်း။ ငါသည် ကြီး မြတ်သော ရှင်ဘုရင် ဖြစ်၏။ ငါ၏ နာမတော်သည် လူအမျိုးမျိုး တို့တွင် ကြောက်မက်ဘွယ် ဖြစ်ရမည်၊ ဟု ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရ ဘုရား မိန့်တော်မူ၏။" (မာလခိ၁:၁၂-၁၄)

ဣသရေလလူများသည် ထာဝရ ဘုရားကို စွန့်၍ အခြားသော ဘုရား များကို ကိုးကွယ်သည်။ ထို့ကြောင့် ဗာဗုလုန်ကျွန်ခံစေ၍ သူတို့၏ နားများကို ဖေါက်လိုက်သည်။ ဗာဗုလုန်ကျွန်ခံရာမှပြန်လာ သောအခါ၊ သင်ခန်းစာရ၍ ရုပ်တုများ မကိုးကွယ်တော့ဘဲ၊ ထာဝရ ဘုရားသခင်ကို သာလျှင်ကိုးကွယ် ကြသည်။ ထာဝရ ဘုရားကို သာကိုးကွယ်၍ ယဇ်ကောင် များကို ပူဇော်သော်လည်း၊ မာလခိထဲမှာရေးထားသည့်အတိုင်း၊ အကျိုးအပဲ့အကန်းများကို ပူဇော် ကြသည်။ ထိုကြောင့် ထာဝရ ဘုရား က သူတို့၏ ပူဇော်သက္ကာများနှင့် တကွသူတို့ ကိုယ်တိုင်ကို ပါငြင်းပယ်သည်။ ယခုအချိန်တွင် ဘုရားသခင် ထံ၌ မိတ်ဆွေ၊ ဘယ်အရာကို ယူဆောင်လာမည်နည်း။ မိမိ၏ အလှူတော် ငွေ၊ ကောင်းမှုကုသိုလ်၊ ဆုတောင်းခြင်း၊ ကျမ်းစာ ဖတ်ခြင်း၊ ကောင်းသော အကျင့်၊ မိမိ၏ အသက်တာများကို ယူဆောင်လာရမည်လော။ ထိုအရာများကို ဘုရားသခင် လက်ခံ တော်မူ မည်လော။ လက်၌ ယူဆောင်လာသော အရာမရှိလျှင်၊ ဘုရားသခင်က သင့်ကို လက်ခံ တော်မူ မည်လော။ ထိုအရာများကို ဆက်လေ့လာရကြမည်။ ဤအရာများကို မိတ်ဆွေ မသိဘဲ ဖြစ်ကောင်း ဖြစ်မည်။ အကြောင်းမူကား ဤအရာများကို မဟော မပြောသောကြောင့် သော်ငြင်း၊ မလေ့လာသောကြောင့်သော်ငြင်း ဖြစ်သည်။ ထိုအခါ မိမိ ကြိုက်နှစ်သက်သလိုကိုးကွယ် ကြသည်။ ဣသရေလများမှားယွင်းခဲ့ကြပြီ။ ယခု ခရစ်ယာန်များလည်း မှားယွင်းကြပြန်ပြီ။ ထိုသို့ မမှားရလေအောင် ဆက်လေ့လာကြပါစို့။

**သင်ခန်းစာ (ရ) မေးခွန်းများ**

၁။ ထာဝရ ဘုရားက ဣသရေလများအား တနှစ်ဘယ်နှစ်ကြိမ်ပွဲခံခိုင်းသနည်း။ …………………

၂။ ထာဝရ ဘုရား ထံအဘယ်သူ မှ……………..မပေါ်လာရ။

၃။ ယဇ်ပုရောဟိတ်၌ ပူဇော်စရာ …………ရှိရ၏။

၄။ ဣသရေလ များသည် မည်သည့်အရာများကို ပူဇော်တတ်ကြသနည်း။ …………………

၅။ ကာဣနကို ဘုရားသခင်က တံခါးဝ၌ အဘယ်အရာထားပေးသနည်း။ ……………..

၆။ ကာဣနသည် ဘုရား ပေးသော ယဇ်ကောင်ကို အသုံးပြုပါသလား။ …………..

ရ။ ဘုရားသခင်က ကာဣနကို အဘယ်ကြောင့် လက်မခံသနည်း။ ……………

၈။ ဣသရေလ လူများသည် ဘုရားသခင် ထံမည်ကဲ့သို့သော တိရစ္ဆာန်များ ယူဆောင်တတ်ကြသနည်း။ ……………………

၉။ ဘုရားသခင် ထံမိတ်ဆွေ မည်သည့်အရာများ ယူဆောင်လာမည်နည်း။ …………..

၁၀။ ဘုရားသခင် ထံမည်သည့်အရာယူဆောင်ရမည့် အရာသည် အရေးကြီးသည်ဟု သင်ယူဆပါသလော။ …………..

.

**သင်ခန်းစာ (၈)**

# စစ်မှန်သောကိုးကွယ်ခြင်း

ဝတ်ပြုခြင်း ဆိုင်ရာပညတ်၌ ထာဝရ ဘုရားကို သာကိုးကွယ်ရမည်ဟု ပါခဲ့သည်။ ခရစ်ယာန်များအနေဖြင့် ထာဝရ ဘုရားကို သာလျှင်ကိုးကွယ်ကြသည်ဟု ယူဆပါစို့။ (အမှန်မှာ ဘုရားသခင်ကို သာကိုးကွယ်လျှင်၊ သူ့ကို အချစ်ဆုံး၊ အနာခံဆုံး၊ အရိုသေဆုံး၊ အကြောက်ရွံ့ဆုံး ဖြစ်ရမည်။ ယခုမူကား၊ ဒုက္ခ ရောက်မှတရသော ဘုရား အကူအညီလိုမှ၊ ကမန်းကတန်းကိုးကွယ်သော ဘုရား၊ အကျင့်ပါသောကြောင့် တာဝန် ကျေကိုးကွယ်သော ဘုရား ဖြစ်သည်။) ထိုဘုရားကို ကိုးကွယ် သောအခါ၊ ဘုရားသခင် အလိုတော် အတိုင်းကိုးကွယ်ဘို့ လိုသည်။ စစ်မှန်သော တဲတော် ဘုရားသခင်ကို ကိုးကွယ် သောအခါ၊ သူရှိသော နေရာမှာသာကိုးကွယ်ရမည်။ ဘုရားသခင်သည် နေရာတကာ၌ ရှိသည်။ ဆာလံဆရာပြော သကဲ့သို့ မိုးကောင်းကင်၌ ၎င်း၊ အောက်မြေကြီး အရပ်၌၎င်းပင်လယ်အောက်၌၎င်း၊ ဘုရားသခင်သည် ရှိသည်။ သို့သော်သူသည် သတ်မှတ်ထားသော နေရာ၊ သူ၏ ပလ္လင်တော်၌ ကျိန်ဝပ်သည်။ ထိုနေရာသည် ကောင်းကင် ဘုံ ဖြစ်သည်။ ကောင်းကင် ဘုံသည် အစကတည်း ကတဲတော်၊ အသန့်ရှင်းဆုံးဌာန ဖြစ်သည်။ သို့သော်လူများ ကထိုအရာကို မသိ။ ကောင်းကင် ဘုံသို့လည်း မရောက်နိုင် သောကြောင့် ဘုရားသခင်ကိုယ်တိုင်ဤလောသို့ ဆင်းကြွလာ၍၊ လူများ ထံ၌ ကျိန်ဝပ်သည်။ ဘုရားသခင်က မောရှေထံ၌ ဤကဲ့သို့ မှာထားသည်။ "ငါသည် သင်တို့တွင် ကျိန်းဝပ်ရာဘို့ သန့်ရှင်းရာ ဌာနကို လုပ်ကြစေ။ ငါပြသမျှသော တဲတော် ပုံ၊ တဲတော် တန်ဆာပုံနှင့် အညီလုပ်ရမည်။" (ထွက်၂၅:၈-၉)။ ဘုရားသခင်၏ စေခိုင်းချက်အတိုင်း မောရှေသည် တောခ၌ တဲတော်ကို တည်ဆောက်ခဲ့သည်။ ဘုရားသခင်သည် တဲတော် အထဲ၌ ကျိန်းဝပ်သောကြောင့်၊ ယဇ်ပုရောဟိတ် မှတပါးအဘယ်သူ မျှတဲတော် အထဲသို့ ဝင်ခွင့်မရှိပေ။ အကယ်၍ ဝင်ခဲ့သည် ရှိသော်သေရမှာ ဖြစ်သည်။ ထိုတဲတော်ကို ဘုရားသခင်က မောရှေအား သိနာတောင်ပေါ်၌ ရက်ပေါင်းလေးဆယ်နေ သောအခါ ပြခြင်း ဖြစ်သည်။ ထို့ကြောင့် ကောင်းကင်၌ ရှိသော တဲတော်သည် အစစ် ဖြစ်၍၊ မြေကြီး ပေါ် ရှိတဲတော်သည် အရိပ် ဖြစ်သည်။ ကောင်းကင် တဲတော် အစစ်ကို ပဌမ ဆုံးမောရှေကမြင်ခဲ့သည်။ ထို့နောက်ဓမ္မဟောင်းခေတ်ပရောဖက်များဖြစ်ကြသော ဟေရှာယ၊ ယေဇကျေလတိုလည်း မြင်ခွင့်ရ ကြသည်။ ကောင်းကင် တဲတော်ကို ရှင်ပေါလုကမြင်ခဲ့ကြောင်း ဤသို့ ရေးသား ခဲ့သည်။ "ငါသည် ဝါကြွားခြင်းကို မပြုသင့်လျှင်၊ ခင်ဘုရား ပြတော်မူသော ထူးဆန်းသော ရူပါရုံနှင့် ဗျာဒိတ်တော် များကို တဖန် ပြောဦးမည်။ တဆယ်လေးနှစ်အထက်က၊ ခရစ်တော်၏ တပည့်

ဖြစ်သော လူတယောက်ကို တတိယကောင်းကင်သို့ တိုင်အောင် ချီဆောင်သည် အကြောင်းကို ငါသိ၏။ ထိုအခါ သူ၌ကိုယ်ခန္ဓာပါသည် မပါသည်ကို ငါမသိ။ ဘုရားသခင် သိတော်မူ၏။ ထိုသူသည် ပရဒိသုဘုံသို့ ချီဆောင်ခြင်းကို ခံရ၍၊ လူမပြောအပ် မပြောနိုင်သော စကားကို ကြားသည် အကြောင်းကို ငါသိ၏။" (၂ ကော ၁၂:၁-၃) ထိုကောင်းကင် တဲတော်ကို ရှင်ယောဟန်ကလည်း မြင်၍ ဗျာဒိတ်ကျမ်းထဲ၌ များစွာ ရေးသား ခဲ့သည်။ (ဗျာ ၁၊ ၄၊ ၅)

## နှစ်ပေါင်း ၁၅၀၀ အရိပ်၌

လောက၌ ရှိသော တဲတော်သည်၊ ကောင်းကင် ဘုံ၌ ရှိသော တဲတော်၏ အရိပ် ဖြစ်ကြောင်း ဤသို့ ရေးသားသည်။ "မောရှေသည် တဲတော်ကို ဆောက်လုပ်အံ့ သောအခါ၊ တောင်ပေါ်မှာ သင့်အား ပြခဲ့ပြီးသော ပုံနှင့် ညီလျော်စွာ အလုံးစုံတို့ကို လုပ်ခြင်းငှါ သတိပြုရမည်၊ ဟု ဗျာဒိတ်တော်ကို ခံရသည်။ ဖြစ်၍၊ ထိုယဇ်ပုရောဟိတ် တို့သည် ကောင်းကင် အရာတို့၏ ပုံပမာအရိပ်နှင့် သာဆိုင်လျက် ဝတ်ကို ပြု နေကြ၏။" (ဟေ ၈:၅) ဣသရေလ များသည် မောရှေဆောက်သော တဲတော်၌ အကြမ်းအားဖြင့် နှစ်ပေါင်း ၅၀၀ ခန့်ကိုးကွယ်ခဲ့ ကြသည်။ ထို့နောက်ရှောလမုန်မင်းကတဲတော် အစားဗိမာန်တော်ကို တည်ဆောက်၍၊ ထိုဗိမာန်တော်၌ နှစ်ပေါင်း ၃ရ၅ ခန့်ကိုးကွယ်ခဲ့ ကြသည်။ သူတို့ အပြစ်ကြောင့် ရှောလမုန်ဗိမာန်တော်ကို၊ ဗာဗုလုန်များ ကဘီစီ ၅၈၅ တွင် မီးရှို့ဖျက်ဆီးလိုက်သည်။

တဖန် ပါးရှားဘုရင်ကုရုမင်းကို ဘုရားသခင်က စေခိုင်းသည်။ တိုင်း၊ ဒုတိယဗိမာန်ကို ယေရုဗဗေလဦးဆောင်ခြင်း ဖြင့် ပြန်ဆောက်ကာ၊ ဘီစီ ၅၁၆ တွင်ပြီး စီးခဲ့သည်။ ထိုဒုတိယဗိမာန်တော်ကို အေဒီရ၀တွင် ရောမ စစ်သားများက၊ မီးရှို့ဖျက်ဆီးလိုက် ကြသည်။ ထို့ကြောင့် ပဌမနှင့် ဒုတိယ ဗိမာန်တော်တွင် အကြမ်းအားဖြင့် နှစ်ပေါင်း ၁၀၀၀ ခန့်ကိုးကွယ် ကြသည်။ အဘယ်ကြောင့် ဘုရားသခင်က၊ လောက ရှိလူ့လက်နှင့် ဆောက်သော တဲတော်နှင့် ဗိမာန်တော်၌၊ ထိုမျှလောက်ကြာအောင် သူ့ကိုကိုးကွယ်ခိုင်းသနည်းဟူမူကား၊ လူသား များသည် အပြစ် ရှိ၍ ကောင်းကင် ဘုံသို့ မတက်နိုင်ကြ။ ထို့ကြောင့် မြေကြီး ပေါ်၌ မည်ကဲ့သို့ ဘုရားကို ကိုးကွယ်ရမည်ကို နှစ်ပေါင်းများစွာ အရိုးစွဲအောင်၊ နောကြေနေအောင်ကို လေ့ကျင့်ခိုင်းခြင်း ဖြစ်သည်။

## တဲတော်အစစ်၌

ဘုရားသခင်၏ မူလရည်ရွယ်ချက်အတိုင်း၊ လောက ရှိလူ့လက်နှင့် ဆောက်သော တဲတော်၌၊ သူ့ကို ထာဝရကိုးကွယ်ဘို့ မဟုတ်။ ထို့ကြောင့် တဲတော် အစစ်သို့ ပြောင်းရမည့် အရိပ်အရောင်ကို၊ သခင်ယေရှု ကရှမာရိအမျိုးသမီးထံသို့ ပြောဆို ခဲ့သည်။ ရှာမရိအမျိုးသမီးက၊ "အကျွန်ုပ်တို့

ဘိုးဘေးများသည် ဤတောင်ပေါ်၌ကိုးကွယ်လေ့ရှိကြ၏။ ယေရုရှလင် မြို့၌ သာကိုးကွယ်ရမည်ဟု သင်တို့သည် ဆိုတတ်ကြ၏ဟု လျှောက်လျှင်၊ ယေရှုက၊ အချင်းမိန်းမ၊ ငါ့စကားကို ယုံလော့။ ဤတောင်သို့ မလာ၊ ယေရုရှလင် မြို့သို့ မသွားဘဲ ခမည်းတော်ကို ကိုးကွယ်ရမည့် အချိန်ကာလ ရောက်ဆဲရှိ၏။" (ယော၄:၂၀-၂၁) ထိုသို့နှင့် အညီသခင်ယေရှု အသက်တော် စွန့် သောအခါ၊ ဗိမာန်တော် ကုလားကာစုတ်ကွဲကြောင်း ဤသို့ ရေးထားသည်၊ "ယေရှုသည် ကြီးသော အသံနှင့် တဖန် ကြွေးကြော်ပြီး လျှင်၊ အသက်တော်ကို လွှတ် တော်မူ၏။ ထိုအခါ ဗိမာန်တော်၏ ကုလားကာသည် အထက် စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီး လှုပ်လေ၏။ ကျောက်များ တို့သည် ကွဲပြား ကြ၏။" (မ၂၇:၅၀-၅၁)။

အဘယ်ကြောင့် ဗိမာန်တော် ကုလားကာကွဲသနည်းဟူမူကား၊ မြေကြီး ပေါ် ရှိလူ့လက်နှင့် ဆောက်သော ဗိမာန်တော်၌ ဘုရားသခင်ကို ကိုးကွယ်ခြင်း ကုန်ဆုံးကြောင်းကို ပြခြင်း ဖြစ်သည်။ ထို့ကြောင့် ဟေဗြဲကျမ်းစာ၌ ဤသို့ ရေးသား ထားသည်။ "ယခုမှာလူလက်ဖြင့် မလုပ်၊ ဤလောက ဓာတ်နှင့် မစပ်ဆိုင်၊ သာ၍ ကြီး မြတ်စုံလင်သော တဲတော်၌၊ နောက်မင်္ဂလာ အကျိုးတို့၏ ယဇ်ပုရောဟိတ် မင်း ဖြစ်သော ခရစ်တော်သည် ငါတို့အဘို့ ထာဝရ ရွေးနှုတ်ခြင်း ကျေးဇူးကို ခံရ၍၊ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့် မဟုတ်၊ မိမိ အသွေးတော်နှင့် သန့်ရှင်းရာ ဌာနထဲသို့ တခါတည်း ဝင် တော်မူ၏။" (ဟေ၉:၁၁-၁၂) ငါတို့၏ ယဇ်ပုရောဟိတ် မင်း ဖြစ်သော ခရစ်တော်သည် လောက ရှိလူ့လက်နှင့် ဆောက်သော တဲတော် (သို့မဟုတ်) ဗိမာန်တော် ထဲသို့ မဝင်ဘဲ၊ ကောင်းကင် ရှိဘုရားသခင် တည်ဆောက်ထားသော ဗိမာန်တော် အစစ်ထဲသို့ မိမိ အသွေးကို ပူဇော်ခြင်းငှါ ဝင်ခဲ့သည်။ ထို့ကြောင့်လောက ရှိဗိမာန်တော်သည် မလိုတော့ချေ။ တဖန် ကျမ်းစာ၌ ဤသို့ တွေ့ရသည်။ "ယခုဆိုခဲ့ပြီးသော အကြောင်း အရာတို့၏ အချုပ်အခြာဟူမူကား၊ ထိုသို့သော ယဇ်ပုရောဟိတ် မင်းသည် ငါတို့၌ ရှိ၏။ ကောင်းကင် ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လကျာ်ဘက်မှာထိုင်နေ တော်မူ၏။ လူမဆောင်ဘဲ ထာဝရ ဘုရား ဆောက် တော်မူသော တဲတော် စစ်တည်း ဟူသော၊ သန့်ရှင်းရာ ဌာန၌ ဘုရားဝတ်ကို ပြုသောသူ ဖြစ်တော်မူ၏။" (ဟေဗြဲ၈:၁-၂) ခရစ်တော်သည် ကောင်းကင် တဲတော်၌ ယုံကြည်သူများအတွက် ဘုရားဝတ်ပြုသောသူ ဖြစ်သည် ဟု အထက်ပါ ကျမ်းစာ၌ ဆိုထားသည်။ ထိုသို့ ခရစ်တော် ကဝတ်ပြုပေးသောကြောင့်၊ ဘုရားသခင်က ယုံကြည်သူ များ၏ မြေကြီး ပေါ်မှဝတ်ပြုခြင်းကို လက်ခံနိုင်ခြင်း ဖြစ်သည်။ ထိုသမ္မာတရားကို သိဘို့ လိုသည်။

**သင်ခန်းစာ (၈) မေးခွန်းများ**

၁။ ဘုရားသခင်ကို မည်သည့်နေရာ၌ကိုးကွယ်ရမည်နည်း။ …………………………..

၂။ စစ်မှန်သော တဲတော်သည် မည်သည့်နေရာ၌ ရှိသနည်း။ ………………………………..

၃။ မြေကြီး ပေါ်၌ တည်ဆောက်သော တဲတော်သည် အ………………………… ဖြစ်သည်။

၄။ ကောင်းကင် တဲတော်ကိုမည် သူများ ကမြင်ခဲ့ကြသနည်း။ ………………………………………

၅။ ဣသရေလ လူများသည် တဲတော်၌ နှစ်ပေါင်း၏ ခန့်နှင့် ဗိမာန်တော်၌
နှစ်ပေါင်း………………ခန့်ကိုးကွယ် ကြသည်။

၆။ ခရစ်တော် ကရှာမရိအမျိုးသမီးထံဘာပြောခဲ့သနည်း။ ………………………………

၇။ အဘယ်ကြောင့် ဗိမာန်တော် အထဲရှိကုလားကာစုတ်ကွဲခဲ့သနည်း။ ……………………………

၈။ မည်သည့်အချိန်၌ မြေကြီး ပေါ် ရှိတဲတော်၌ ကိုးကွယ်ချိန် ကုန်ဆုံးခဲ့သနည်း။
………………………..

၉။ ယဇ်ပုရောဟိတ် ခရစ်တော်သည် မည်သည့်တဲတော်၌ ဝင်ခဲ့သနည်း။
………………………………

၁၀။ ခရစ်တော်သည် မည်သူအတွက် ဝတ်ပြုပေးပါသနည်း။ …………………………………..

**သင်ခန်းစာ (၉)**

# ကောင်းကင်တဲတော်အရိပ်

ဘုရားသခင်ကလောက၌ ကောင်းကင်၏ အရိပ်တဲတော်ကို တည်ဆောက်ခိုင်းခဲ့သည်။ ထိုအရိပ်၌ကိုးကွယ်ချိန် ကုန်ဆုံးပြီးကြောင်း သိခဲ့ရပြီ။ သို့သော်ထိုအကြောင်းကို မသိသောကြောင့် အမျိုးမျိုး ပြုလုပ် နေသူများ အကြောင်းကို ဆက်လေ့လာကြစို့။

**အရိပ်ကို ဆက်ချင်သူများ**

ဣသရေလ လူများသည် ဗိမာန်တော် ပြောင်းရွှေ့သွားကြောင်းကို မသိ သောအခါ၊ ယေရုရှလင်မြို့ရှိ ဗိမာန်တော်၌ နောက်ထပ်နှစ်ပေါင်း ၄၀ ကိုးကွယ်ခဲ့ကြသေးသည်။ ကျမ်းစာကမဖော်ပြ သော်လည်း၊ သန့်ရှင်းရာဌါနကို ကာထားသော ကုလားကာကို အောက်မှအထက် စွန်းသို့ ပြန်လည်ချုပ်ကြမှာ ဖြစ်သည်။ ထိုဗိမာန်တော် မလိုတော့ကြောင်းနှင့် ဖျက်စီးရမည့် အကြောင်းကို သခင်ယေရှုက တပည့်တော်များထံ၌သို့ ပြောကြားခဲ့သည်။ "ယေရှုသည် ဗိမာန်တော်မှ ထွက်ကြွ တော်မူသည် ရှိသော်၊ တပည့်တော် တို့သည် ဗိမာန်တော်၏ တိုက်ဆောင်များကို ပြခြင်းငှါ အထံတော်သို့ ချဉ်းကပ်ကြ၏။ ယေရှု ကလည်း၊ ဤအရာအလုံးစုံကို သင်တို့သည် မြင်ကြသည်မဟုတ်လော။ ငါအမှန်ဆိုသည်ကား၊ မဖြိုမချဘဲ ကျောက်တခုပေါ်မှာတခုမျှမတည်မနေရဟု မိန့်တော်မူ၏။" (မ၂၄:၁-၂)။

သခင်ယေရှု ကြိုတင်ပြောထားသည့်အတိုင်း၊ ထိုဗိမာန်တော်ကို၊ ရောမစစ်သားများကအေဒီ ၇၀ တွင် ရှင်းရှင်းဖျက်စီးခဲ့ကြသည်။ ထိုသို့ဖျက်စီးခြင်းသည် ဘုရားသခင်၏ အလိုတော်ဖြစ်ကြောင်း မသိသော ဣသရေလလူများသည် အေဒီ ၁၃၅ ၌ဗိမာန်တော်ပြန်လည်တည်ဆောက်ဘို့ရန် ကြံရွယ်သော်လည်း အထမမြောက်ခဲ့ကြချေ။

နောက်ပိုင်းတွင် မူစလင်များက၊ ထိုဗိမာန်တော်နေရာတွင်၊ သူတို့၏ ဗလီကို တည်ဆောက်ခြင်းအားဖြင့်၊ ဣသရေလလူများကနောက်ထပ်ဗိမာန်တော် မဆောက်နိုင်ရန်၊ ဘုရားသခင်ကအကောင်းဆုံးသော အစောင့်များကို ချထားသည်။ ထိုဗိမာန်တော်နေရာကိုအခြားလူမျိုးများပိုင်ပါက ဣသရေလ လူများ ကငွေနှင့်ဝယ်ယူ၍ သူတို့၏ဗိမာန်တော်ကို တည်ဆောက်လိုက်ကြမှာ သေချာသည်။ ယနေ့ ဣသရေလ လူများ၏အဓိက ဆုတောင်းချက်မှာ၊ ဗိမာန်တော် ပြန်လည်တည်ဆောက်၍ ရှေးကကဲ့သို့ ယဇ်ပူဇော်ခြင်းအားဖြင့် ဘုရားသခင်ကို ကိုးကွယ်ဘို့ ဖြစ်သည်။ သူတို့သည်မည်မျှပင်ငိုယို၍ ဆုတောင်း

နေစေကာမူ ဘုရားသခင်ကနားမညောင်းချေ။ အကြောင်းမှာ အရိပ်ခေတ်ကုန်ပြီ၊ ဗိမာန်တော်အစစ်၌ကိုးကွယ်ချိန်ရောက်ပြီ။ သို့သော်ဝမ်းနည်းစရာ ကောင်းသည်မှာ၊ ဣသရေလလူများကထိုအရာကို မသိကြချေ။ သူတို့၏ မသိခြင်းသည် ဘုရားသခင်၏စိတ်ကို မပြောင်းလဲစေနိုင်။ သူတို့သာလျှင်ဆုံးရှုံးရသည်။

## ရိုမင်ကက်သလိပ်များ

ဣသရေလလူများကထိုသို့ ဗိမာန်တော် မဆောက်နိုင်သော်လည်း၊ ရိုမင်ကက်သလိပ်များက ကမ္ဘာအနှံ့နေရာတိုင်း၌၊ ဗိမာန်တော်များကို ဆောက်လိုက်ကြသည်။ ထိုဗိမာန်တော်များ၌ သန့်ရှင်းရာဌါနများကို သတ်မှတ်၍၊ သာမန်လူများကို ဝင်ခွင့်မပေးဘဲ သူတို့၏ ဘုန်းကြီးများသာလျှင် ဝင်ခွင့်ရှိကြသည်။ သူတို့၏ ဘုန်းကြီးများလည်း ဣသရေလလူများ၏ ယဇ်ပုရောဟိတ် များကဲ့သို့ ဝတ်ရုံရှည်များကိုဝတ်ကြသည်။ ယဇ်ပုရောဟိတ်များ ကဲ့သို့ လုပ်ဆောင်ကြသည်။ သူတို့လည်းဘုရားသခင်၏ အကြံအစည်ကိုနားမလည် သောကြောင့်၊ ယေရှုခရစ်အားဖြင့် အကောင်အထည်ဖေါ်ပြီးကြောင်းကို မသိ၍၊ အရိပ်ကိုအတုယူလုပ်ဆောင်နေကြခြင်းဖြစ်သည်။ ယဇ်ပုရောဟိတ် များသည် တဲတော် ထဲသို့ဝင်သောအခါ၊ ပရိသတ်များတိတ်ဆိတ်စွာနေသကဲ့သို့ ရိုမင်ကက်သလိပ်များလည်း ဘုရားကျောင်းထဲ၌ စကားမပြောဘဲ တိတ်ဆိတ်စွာနေကြခြင်းဖြစ်သည်။

## အရိပ်လည်းမမြင် အကောင်လည်းမမြင်

ဣသရေလလူများကအရိပ်ကို တမ်းတလျက် နေကြချိန်တွင်၊ ရိုမင်ကက်သလိပ်များက အရိပ်၏အတုများကို နေရာအနှံ့ ပြုလုပ်ကြကြောင်း သိရပြီ။ သို့သော်အရိပ်လည်းမမြင်၊ အကောင်လည်းမမြင်သောအဖွဲ့များရှိသည်။ ထိုသူများသည်အချို့သောပရော်တက်စတင့်များဖြစ်သည်။ ပရော်တက်စတင့်များသည် ကက်သလိပ် မဟုတ်သော ခရစ်ယာန်များဖြစ်သည်။ အချို့သော ပရော်တက်စတင့်များသည် အရိပ်ကို မသိသောကြောင့် အတုယူဘို့လည်းမသိကြ။ ထိုအရာသည် ဣသရေလလူများ၏ ဓလေ့ဟု ယူဆသောကြောင့် အတုယူရမှန်းမသိ။ ထို့ကြောင့် ဘုရားကျောင်းများကိုဆောက်၍ သန့်ရှင်းရာဌါနလည်းမရှိ။ လူတိုင်းစင်ပေါ်တက်ကာတရားဟောခြင်း၊ သီချင်းဆိုခြင်း၊ ပြဇာတ်များပြခြင်း၊ သူတို့ လိုချင်သလိုအသုံးပြုကြသည်။ ထို့ကြောင့် ပရော်တက်စတင့်များ၏ ဘုရားကျောင်းများသည် ပွဲရုံဇာတ်ရုံများကဲ့သို့ ဆူညံနေခြင်းဖြစ်သည်။

ပရော်တက်စတင့်များသည် အရိပ်အကြောင်း မသိသောကြောင့်၊ အကောင်အထည်ကိုလည်း ကောင်းစွာမသိ။ ထိုကြောင့် ဘုရားသခင်ကို မိမိကြိုက်နှစ်သက်သလိုကိုးကွယ်ကြသည်။ ကျမ်းစာလည်း ဓမ္မသစ်ကျမ်းသာ အဓိကထား၍၊ ဓမ္မဟောင်းကျမ်းစာ အသုံးပြုသော သူများကို အထင်သေးသည်။ ဓမ္မဟောင်းကျမ်းသည် ငါတို့နှင့်မဆိုင်၊ ငါတို့သည် ဓမ္မသစ်အသင်းတော်များဖြစ်သည်ဟု ဆိုတတ်ကြသည်။ သင်းအုပ်ဆရာများကို လည်း၊ ယဇ်ပုရောဟိတ်များဟု ထင်မှတ်ကြသည်။ ယဇ်ကောင်များလည်း အလှူငွေနှင့် အကျင့်သီလများ၊ ဟုထင်မှတ်ကြသည်။ ခရစ်တော် ကယ်တင်ရှင်အဖြစ် လက်ခံသော်လည်း ခရစ်တော်၏ လုပ်ဆောင်ချက်ကို မသိကြ။ ထို့ကြောင့် ကောင်းကင်နိုင်ငံရောက်နိုင်ရန်မှာမိမိတို့၏ အကျင့်နှင့် ဆက်ကပ်မှုကို အားကိုးလာကြသည်။ သို့သော်မိမိကိုယ်ကို မပြည့်စုံမှန်းသိနေ သောအခါ၊ ကောင်းကင်နိုင်ငံသို့ရောက်မည်ဟု စိတ်မချနိုင်ခြင်းဖြစ်သည်။

လောကဌ်ပူဇော်ခြင်း ဘုရားကိုးကွယ်ခြင်းသည် ကိုးကွယ်သောသူ၏ သြတ္တပ္ပစိတ်ကို မကြည်လင်စေနိုင်ချေ။ ကျမ်းစာ၌၊ "ထိုတဲတော်ကား၊ ပူဇော်သက္ကာနှင့် ယဇ်များကို ပူဇော်သောကာလ တည်းဟူသော မျက်မှောက်ကာလ ပတ်လုံးပုံပမာဖြစ်၏။ ထိုပူဇော်သက္ကာနှင့် ယဇ်များ တို့သည်ကိုယ်ကိုကိုယ်သိသောစိတ်ကို ထောက်လျှင်လည်း၊ ဝတ်ပြုသောသူအား စုံလင်ခြင်း အကျိုးကိုမပေးနိုင်။"ဟုဆိုသည်။ (ဟေ၉:၉)။ ကိုယ်သိသောစိတ်ကို စုံလင်ခြင်းကို မပေးနိုင်ဆိုခြင်းသည် သြတ္တပ္ပစိတ်ကို မကြည်လင်စေနိုင်ဟုဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့်ဘုရားကိုးကွယ်နေသော်လည်းရှင်းရှင်းလင်းလင်းမရှိ။ ကောင်းကင်နိုင်ငံရောက်မည်၊ မရောက်မည်မသေချာ၊ အပြစ်စီရင်ခြင်းမှလွတ်ခြင်းမသိ။ ထို့ကြောင့်ဘုရားကိုးကွယ်ဘို့ရန်လည်းအား မရှိ။ ထုံးစံရှိသောကြောင့်၎င်း၊ အခြားသူများကကိုးကွယ်သောကြောင့်သာကိုးကွယ်နေရခြင်းဖြစ်သည်။

**ဂဏန်းတွက်**

ဂဏန်းသင်္ချာတွက်ရာတွင် အပိုင်းသုံးပိုင်းရှိသည်။ မေးခွန်း၊ တွက်နည်းနှင့်အဖြေတို့ဖြစ်သည်။ ပဌမဦးဆုံးမေးခွန်းကိုဖတ်၍ သိမှသာလျှင် တွက်၍ရသည်။ တွက်နည်းမှန်မှအဖြေမှန်ရနိုင်ကြောင်း လူတိုင်းသိသည်။ ဣသရေလလူများသည် ဂဏန်းတွက်နေသော်လည်း၊ အဖြေမရနိုင်ဘဲရှိသည်။ နောက်ဆုံး၌ အဖြေမရဘဲတွက်နေသောကြောင့်၊ တွက်ရင်းတန်းလန်းနှင့် ရပ်ခိုင်းလိုက်ခြင်းနှင့်တူသည်။ ထို့ကြောင့်ကသိကအောင့်ဖြစ်၍ ဆက်တွက်ဘို့ရန် ပြင်ဆင်နေသည်။ သို့သော်အခွင့်မရတော့ချေ။ ဆိုလိုသည်မှာ ဣသရေလလူများ၏ ဗိမာန်တော်၌ ယဇ်ပူဇော်ခြင်းသည် အရိပ်ဖြစ်၍၊ အကောင်အထည်

မဖေါ် နိုင်ဘဲ ဆက်၍ပူဇော်ချင်ကြသည်။ ယနေ့တိုင်အောင်အားမလိုအားမရ၊ ထိုအခွင့်အရေးရဘို့ရန် စောင့်မျှော်နေကြသည်။ သို့သော်မည်မျှပင် စောင့်မျှော်နေစေကာမူ ဘုရားသခင်က ခွင့်မပြုတော့ချေ။ ပရောဖက်ဟောရှေ ဟောထားသောအရာ ပြည့်စုံခြင်းသို့ ရောက်သည့်ကာလဖြစ်သည်။ ဟောရှေက၊ ” ဣသရေလ အမျိုးသားတို့သည် နေ့ရက်များစွာ ရှင်ဘုရင်မရှိ၊ မင်းသားမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ၊ ဆင်းတုမရှိ၊ သင်တိုင်းမရှိ၊ တေရပ်ရုပ်တုမရှိဘဲနေရကြလိမ့်မည်။” (ဟော၃:၄) ဟုဆိုခဲ့သည်။ ဣသရေလအမျိုးသားတို့သည် အေဒီ ၇၀ မှစ၍၊ ယနေ့တိုင်အောင် နှစ်ပေါင်း ၂၀၀၀ နီးပါးယဇ်မပူဇော်ဘဲ နေရပြီ။ ရုပ်တုဆင်းတုများလည်း မကိုးကွယ်၊ ထာဝရဘုရားထံ၌လည်း ယဇ်မပူဇော်နိုင်တော့ချေ။ ဣသရေလအမျိုးသားတို့ ဂဏန်းတွက်၍ မပြီးနိုင်သော်လည်း၊ ရိုမင်ကက်သလိပ်များကသူတို့ နည်းတူမပြီးပြတ်နိုင်သောဂဏန်းကို တွက်နေကြသည်။ သို့သော် ရိုမင်ကက်သလိပ်များသည် ဣသရေလ အမျိုးသားတို့ ကဲ့သို့ ယဇ်ပူဇော်ခြင်းများမလုပ်ဘဲ ဟန်ပြသာလျှင် လုပ်နေကြသည်။ သူတို့၏ဘုန်းကြီးများက ယဇ်ပုရောဟိတ်ကဲ့သို့ ဝတ်ဆင်ကာ၊ ဟန်လုပ်နေကြသည်။

ထိုသို့ ဣသရေလအမျိုးသားတို့နှင့်ရိုမင်ကက်သလိပ်များက၊ ဂဏန်းတွက်၍ မပြီးနိုင်ချိန်တွင် မေးခွန်းကိုလည်းမသိ၊ တွက်နည်းလည်းမသိ၊ တွက်လည်းမတွက်ဘဲ အဖြေသာလျှင် ရရှိနေသောသူများ ပေါ်ပေါက်လာသည်။ ထိုသူများသည် ပရော်တက်စတင့်များပင်ဖြစ်သည်။ ပရော်တက်စတင့်များသည် အရိပ်ကိုလည်းမမြင်၊ အကောင်လည်းမမြင်၊ သို့သော်အဖြေရနေသော သူများဖြစ်သည်။ သို့သော်မည်ကဲ့သို့အဖြေရကြောင်းကို ရှင်းရှင်းလင်းလင်း မပြောနိုင်ဘဲ**အ**နေကြသည်။

ပရော်တက်စတင့်များသည် ဣသရေလ အမျိုးသားတို့ ကဲ့သို့ ယဇ်ပုရောဟိတ်များလည်း အတုမယူ၊ သို့သော်ယခုနောက်ပိုင်းတွင်၊ ဝတ်ရုံကြီးများဝတ်လာကြသည်။ အမှုတော် ဆောင်များ ဝတ်ရုံများ ဝတ်လျှင်၊ ယုံကြည်သူတိုင်းဝတ်ဘို့လိုသည်။ အကြောင်းမှာ၊ ယုံကြည်သူများသည် ယဇ်ပုရောဟိတ်များဖြစ်သည်။ (၁ပေ၂:၉)၊ ဗိမာန်တော် အထဲ၌လည်း ဆူညံစွာပွဲလုပ်သကဲ့သို့ ဖြစ်ကြသည်၊ ရိုမင်ကက်သလိပ်များမူ၊ ဘုရားကျောင်းထဲ၌ တိတ်ဆိတ်စွာနေတတ်ကြသည်။ အကြောင်းမှာ ယဇ်ပုရောဟိတ်များ သန့်ရှင်းရာဌါနသို့ဝင်သောအခါ၊ ပရိသတ်များသည် အပြင်၌ တိတ်ဆိတ်စွာနေတတ်ကြသည်။

**သင်ခန်းစာ (၉) မေးခွန်းများ**

၁။ ဣသရေလလူများသည် ဗိမာန်တော်၌ ဘယ်နှစ်နှစ်ဆက်ကိုးကွယ်ကြသေးသနည်း။
…………………..
၂။ ဗိမာန်တော် ဖျက်စီးမည့် အကြောင်းကို ခရစ်တော် က……………………..များ ထံပြောပြခဲ့သည်။
၃။ ဗိမာန်တော် နေရာ၌ မည့်သည့်အရာရှိသနည်း။ ………………………………..
၄။ ဣသရေလ လူများ၏ အဓိကရည်ရွယ်ချက်သည်အဘယ်အရာနည်း။
………………………………..
၅။ မည်သူများကအရိပ်ကိုအတုလုပ်နေကြသနည်း။ …………မည်ကဲ့သို့ အတုလုပ်ကြသနည်း။
…………………………
၆။ မည် သူများကအရိပ်မသိကြသနည်း။ ……………………………………………
၇။ အဘယ်ကြောင့်ကက်သလိပ်ဘုရားကျောင်း၌ တိတ်ဆိတ်စွာနေကြ၍
ပရော်တက်စတင့်ဘုရားကျောင်းများ၌ဆူညံနေကြသနည်း။ ……………………………………….
၈။ လောက၌ ပူဇော်သောယဇ်သည် ပူဇော်သောသူ၏ စိတ်ကကြည်လင်စေနိုင်ပါသလော။
…………………………
၉။ ဂဏန်းတွက်ရာတွင်မပြီးပြတ်နိုင်သောအဖွဲ့သည်မည်သူများဖြစ်သနည်း။
…………………………………..
၁၀။ ဂဏန်းတွက်ခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။
………………………………………………
၁၁။ ဣသရေလ လူများသည် ဟောရှေကမည်ကဲ့သို့ဖြစ်မည်ဟု ဟောခဲ့သနည်း။
…………………………………..
၁၂။ မည်သည့်အဖွဲ့သည်။ ဂဏန်းကို ဆက်တွက်နေသနည်း။ပြီး ပြတ်နိုင်ပါသလော။
………………………………
၁၃။ အဘယ်ကြောင့် ရိုမင်ကက်သလိပ်ဘုန်းကြီးများဝတ်ရုံကြီးများဝတ်ကြသနည်း။
………………………………….
၁၄။ ဂဏန်းမတွက်ဘဲ အဖြေရနေ သူများသည် အဘယ်အဖွဲ့ ဖြစ်သနည်း။
…………………………………..
၁၅။ အဘယ်ကြောင့် ပရိုတက်စတင့်အမှုတော် ဆောင်များ ဝတ်ရုံများ ဝတ်လာကြသနည်း။
……………………………….

.

သင်ခန်းစာ (၁၀)

# သာ၍ကြီးမြတ်သောယဇ်ပုရောဟိတ်

လူယဇ်ပုရောဟိတ်များအကြောင်းသိရှိရပြီ။ သူတို့သည် အရိပ်များ ဖြစ်၍၊ စုံလင်ခြင်းမရှိကြချေ။ ယခုသာ၍ကြီးမြတ်သော ယဇ်ပုရောဟိတ် အကြောင်းကိုလေ့လာကြစို့။

**ငါတို့၏ ယဇ်ပုရောဟိတ်**

ခရစ်တော် ခရစ်တော်သည် အသေခံ သောအခါ၊ အရိပ်ခေတ်ကုန်သွားပြီ ဖြစ်သည်။ ဗိမာန်တော် ကြီး ဖြိုဖျက်သည်နှင့် အမျှယဇ်ပုရောဟိတ်လည်း ပြောင်းလဲသွားပြီ။ အာရုန်၏သား များသည် ယဇ်ပုရောဟိတ် မဟုတ်တော့ဘဲ၊ ယုဒအမျိုးထဲမှသခင်ယေရှုသည် ယဇ်ပုရောဟိတ် ဖြစ်ပြီ။ ထိုအကြောင်း အရာများကို ဟေဗြဲကျမ်းစာ၌ တွေ့ရှိနိုင်သည်။

**အာရုန်အမျိုးယဇ်ပုရောဟိတ်**

ယဇ်ပုရောဟိတ်သည် လူ့အလိုအားဖြင့် မဟုတ်၊ ဘုရားသခင် ရွေးကောက် တော်မူခြင်း အားဖြင့် ဖြစ်ကြောင်း အထက် ကသိရပြီ။ လူယဇ်ပုရောဟိတ် များနှင့် ပတ်သက်၍ ကျမ်းစာ၌ ဤသို့ ရေးသား ထားသည်။ "လူတို့တွင် ရွေးကောက်သော ယဇ်ပုရောဟိတ် မင်းမည်သည်ကား၊ ပူဇော်သက္ကာကိုရင်း အပြစ်ဖြေရာယဇ်ကိုရင်းပူဇော်၍၊ လူတို့အတွက် ဘုရားဝတ်ကိုပြုစေခြင်းငှါ ခန့်ထားတော်မူသော သူဖြစ်၏။ သူသည်ကိုယ်တိုင်နွမ်းရိအားနည်းခြင်းရှိသည်ဖြစ်၍၊ မိုက်သောသူ၊ မှားယွင်းသော သူတို့ကိုသည်းခံခြင်းငှါ တတ်နိုင်၏။ ထိုအကြောင်းကြောင့်လည်း၊ လူများအပြစ်နှင့်မိမိအပြစ်ကို ဖြေခြင်းငှါ ပူဇော်ရ၏။ ဘုရားသခင်သည် အာရုန်ကို ခေါ်တော်မူသကဲ့သို့ ခေါ်တော်မူသောသူမှတပါး၊ အဘယ်သူမျှထိုအရာမြတ်ကို မသိမ်းမယူရ။" (ဟေဗြဲ၅:၁-၄) အထက်ပါ ကျမ်းပိုဒ်များအရ၊ လူယဇ်ပုရောဟိတ်များသည် နွမ်းရိအားနည်းခြင်းရှိသည်။ အကြောင်းမှာ သူတို့သည် လူသားများဖြစ်သောကြောင့် အပြစ်ရှိ၍၊ သူတို့ကိုယ်တိုင်အတွက် အပြစ် ဖြေရာယဇ်များ ပူဇော်ဘို့လိုသည်။ ထိုကြောင့် လူများ၏ မှားယွင်းခြင်းကိုလည်း သည်းခံနိုင်သည်။ သူတို့သည် ထိုသို့အားနည်းခြင်းရှိသော်လည်း သူတို့၏နေရာကို အဘယ်သူကမျှသိမ်းယူ၍မရ။ အကြောင်းမှာ၊ ခရစ်တော်၏ ယဇ်ပုရောဟိတ်အရာကို ပုံဆောင်ထားသောကြောင့်ဖြစ်သည်။

**ဘုရားသခင်က ချီးမြှောက်**

ခရစ်တော်သည် ယဇ်ပုရောဟိတ်အရာကို မိမိကိုမိမိ မချီးမြှောက်ကြောင်း၊ ဆက်လက်၍ ကျမ်းစာကဤသို့ ရေးသားထားသည်။ "ထိုနည်းတူ၊ ခရစ်တော်သည် ယဇ်ပုရောဟိတ် မင်းအရာ၌ မိမိကို မိမိ ချီးမြှောက်သည် မဟုတ်။ သင်သည် ငါ့သား ဖြစ်၏။ ယနေ့ ပင်သင့်ကို ငါဖြစ်ဘွားစေပြီဟု မိန့်တော်မူသော သူသည် ခရစ်တော်ကို ချီးမြှောက် တော်မူ၏။" (ဟေဗြဲ၅:၅) သင်သည် ငါ့သား ဖြစ်၏၊ ယနေ့ ပင်သင့်ကို ငါဖြစ်ဘွားစေပြီ (ဆာ၂:၇) ဟုဆိုသောသူသည် ခမည်းတော်ဘုရားပင်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်ကို ခမည်းတော်ဘုရားသခင်ကိုယ်တော်တိုင်က၊ ယဇ်ပုရာဟိတ်အဖြစ် ချီးမြှောက်ခြင်းဖြစ်သည်။

**မေလခိဇေဒက်နည်းတူ**

အာရုန်အနွယ်များသည် ယဇ်ပုရောဟိတ် အရာကို အမွေအားဖြင့် ခံစားရကြသည်။ သို့သော် ခရစ်တော်သည် ယဇ်ပုရောဟိတ် အရာကို အမွေအားဖြင့် ခံစားရသည် မဟုတ်။ ကျမ်းစာ၌ မည်သို့ဆိုသနည်း၊ "ထိုသို့နှင့် အညီကျမ်းစာ တချက်လာသည်ကား၊ သင်သည် မေလခိဇေဒက် နည်းတူ ထာဝရ ယဇ်ပုရောဟိတ် ဖြစ်သည်ဟု လာသတည်း။" (ဟေ၅:၆) ထိုကျမ်းစာ တချက်သည် ဆာလံ ၁၁၀:၄ ထဲမှ ဖြစ်၍ ဤသို့ တွေ့ရသည်၊ "ထာဝရဘုရား ကသင်သည် မေလခိဇေဒက်နည်းတူထာဝရ ယဇ်ပုရောဟိတ် ဖြစ်သည် ဟု ကျိန်ဆို၍ နောက်တဖန် စိတ်ပြောင်းလဲခြင်းရှိတော် မမူ။" ထို့ကြောင့် ခရစ်တော်သည် အမွေအားဖြင့် မဟုတ်ဘဲ၊ အကျိန်အားဖြင့် ယဇ်ပုရောဟိတ် အရာကို ရရှိသည်။

**မေလခိဇေဒက်သည် မည်သူနည်း**

မေလခိဇေဒက်သည် အဗြဟံကို ခရီး ဦးကြိုပြု၍၊ ကောင်းကြီး ပေးသောသူ ဖြစ်သည်။ မေလခိဇေဒက်နှင့် ပတ်သက်၍ ကမ္ဘာဦးကျမ်း၌ ဤမျှလောက်သာရေးထားသည်။ "အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ် ဖြစ်သော၊ ရှာလင်မင်းကြီး မေလခိဇေဒက်သည် လည်း၊ မုန့်နှင့် စပျစ်ရည်ကို ဆောင်ခဲ့ပြီး လျှင်၊ ကောင်းကင် မြေကြီးရှင်၊ အမြင့်ဆုံးသော ဘုရားသခင်သည် အာဗြံအား ကောင်းကြီး ပေးတော်မူ ပါစေသော၊ ဟု အာဗြံအား ကောင်းကြီး ပေး၍၊ သင်၏ ရန်သူတို့ကို သင်၏ လက်၌ အပ်နှံ တော်မူသော၊ အမြင့်ဆုံးသော ဘုရားသခင် လည်း၊ မင်္ဂလာရှိ တော်မူ စေသတည်းဟု မြွက်ဆို၏။ အာဗြံသည်။လည်း ဥစ္စာရှိသမျှ တို့ကို၊ ထိုမင်းအား ဆယ်ဘို့ တဘို့ လှူလေ၏။" (ကမ္ဘာ၁၄:၁၈-၂၀) လောတသည် ရန် သူများ ကသူနေသောသော ဒုံမြို့ကို တိုက်ခိုက်၍၊ သိမ်းသွား

သောအခါ စစ်သုံ့ပန်းအဖြစ် ပါသွားသည်။ ထိုအခါ သူ၏ အမျိုးအဖြာဟံက၊ သူ၏ ကျွန်၃၁၈ယောက်တို့နှင့် လိုက်၍ လောတကို သိမ်းသွားသော ရန် သူများကို တိုက်၍၊ အောင်နိုင်ကာ လောတနှင့်တကွ သူပိုင်သမျှကို ပြန်လည်ကယ်ဆယ်ခဲ့သည်။ ထိုအခါ ရှာလင်မင်းကြီး မေလခိဇေဒက်က၊ အဖြာဟံကို ခရီး ဦးကြိုပြု၍ အဖြာဟံက၊ ထိုမင်းကြီး ထံဆယ်ဘို့ တဘို့ လှူသည်။ မေလခိဇေဒက်ကလည်း အဖြာဟံကို ကောင်းကြီး ပေးခဲ့သည်။ ထိုရှာလင်မင်းကြီးနှင့် ပတ်သက်၍၊ ဟေဗြဲကျမ်း၌ ဤသို့ ရှင်းပြထားသည်။ "မင်းကြီး များကို လုပ်ကြံရာမှပြန်လာသော အာဗြဟံကို ခရီး ဦးကြိုပြု၍ ကောင်းကြီး ပေးပြီး လျှင်၊ အာဗြဟံလှူသော လက်ရဥစ္စာရှိသမျှကို ဆယ်ဘို့ တဘို့ ခံယူသော ထိုရှာလင်မင်းကြီး တည်း ဟူသော၊ အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ် မေလခိဇေဒက်သည် နာမရင်းအနက်အားဖြင့် တရားမင်း၊ ထိုမှတပါး၊ ငြိမ်သက်ခြင်း မင်းဟုဆိုလိုသော ရှာလင်မင်း ဖြစ်လျက်၊ အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက် အပိုင်းအခြားမရှိဘဲ၊ ဘုရားသခင်၏ သားတော်နှင့် တူ၍၊ ယဇ်ပုရောဟိတ် အရာ၌ အစဉ်အမြဲတည်၏။" (ဟေ ရ:၁-၃) ခရစ်တော်သည် ထိုရှာလင်မင်းကဲ့သို့ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သူတို့၏ တူညီချက်များ မှာနှစ်ဦးစလုံးသည် တရားသော မင်း ဖြစ်သည်။ ငြိမ်သက်ခြင်း၏ အရှင်များ ဖြစ်ကြသည်။ ခရစ်တော်သည် လူ့ဇာတိအားဖြင့် မိဘရှိသော်လည်း၊ အမှန်တကယ် မှာမိဘများ မဟုတ်၊ သူသည် ဝိညာဉ်တော် အားဖြင့် ပဋိသန္ဓေတည်ခြင်း ဖြစ်သောကြောင့် ယောသပ်နှင့် မာရိတို့၏သား မဟုတ်။ ရှာလင်မင်းကြီးလည်း အဘမရှိအမိမရှိ၊ ရှေးမျိုးစဉ်မရှိဟုဆိုသည်။ နှစ်ဦးစလုံးသည် အသက် အပိုင်းအခြားမရှိ။ နှစ်ဦးစလုံးသည် ထာဝရ ဘုရား၏ ယဇ်ပုရောဟိတ် များ ဖြစ်ကြသည်။

## မေလခိဇေဒက်သည် သာ၍ ကြီး

မေလခိဇေဒက်သည် အာရုန်အနွယ်ယဇ်ပုရောဟိတ် များထက် သာ၍ ကြီးကြောင်း ဤသို့ တွေ့ရသည်။ "အမျိုး၏ အဘအာဗြဟံသည် လက်ရဥစ္စာများကို ဆယ်ဘို့ တဘို့ လှူ၍ အလှူခံသော ထိုမင်းသည် အဘယ်မျှလောက်ကြီး မြတ်သည်။ကို ဆင်ခြင်ကြလော့။ ၅ယဇ်ပုရောဟိတ် မင်းအရာကို ခံသော လေဝိသား တို့သည်၊ အာဗြဟံအမျိုး ဖြစ်သော သူတည်း ဟူသော၊ မိမိတို့ ညီအစ်ကိုများလက်မှပညတ်တရားအတိုင်း၊ ဆယ်ဘို့ တဘို့ကို ခံရသော အခွင့်ရှိကြ၏။ ၆သူတို့ အမျိုး မဟုတ်သော ထိုမင်းမူကား၊ အာဗြဟံ၏ လက်မှဆယ်ဘို့ တဘို့ကို ခံလေ၏။ ဂတိတော် တို့ကို ခံရသော သူကိုလည်း ကောင်းကြီး ပေးလေ၏။ ၇ကြီးသော သူသည် ငယ်သော သူကို၊ ကောင်းကြီး ပေးတတ်သည်ကို ငြင်းခုံဘွယ်မရှိ။ ၈ထိုမှတပါး၊ သေတတ်သော သူတို့သည် ယခုအခါ ဆယ်ဘို့ တဘို့ကို ခံလေ့ရှိ၏။ ထိုအခါ မူကား အသက် ရှင်သည်ဟု သက်သေခံခြင်းကို ရသော သူသည် ဆယ်ဘို့

တဘို့ကို ခံရ၏။ ၉ထိုမှတပါး၊ ဆယ်ဘို့ တဘို့ကို ခံတတ်သော လေဝိသည် အာဗြဟံအားဖြင့် ဆယ်ဘို့ တဘို့ကို ပေးပြီဟုဆိုစရာ အခွင့်ရှိ၏။ ၁၀အကြောင်းမူကား၊ မေလခိဇေဒက်သည် အာဗြဟံကို တွေ့ သောအခါ၊ လေဝိသည် မိမိ အဘ၏ကိုယ်၌ ရှိသတည်း။" (ဟေရှ:၄-၁၀) အထက်ပါ ကျမ်းပိုဒ်အရ၊ မေလခိဇေဒက်သည် အာဗြာဟံထက် ကြီးသည်ဟုဆိုသည်။ အကြောင်းမူကား ကြီးသော သူက၊ ငယ်သော သူကို ကောင်းကြီး ပေးတတ်သည်။ အာဗြဟံကို မေလခိဇေဒက်ကကောင်းကြီး ပေးသောကြောင့်၊ မေလခိဇေဒက်သည် အာဗြဟံထက် ကြီးသည်။ ထို့အပြင်၊ မေလခိဇေဒက်သည် လေဝိအမျိုးထက်လည်း ကြီး မြတ်သည်။ လေဝိအမျိုးသည် မိမိ ညီအစ်ကိုများထံမှ ဆယ်ဘို့ တဘို့ကို ခံယူလေ့ရှိသည်။ သို့သော်လေဝိသည်။လည်း အာဗြဟံမှတဆင့်၊ မေလခိဇေဒက်ထံသို့ ဆယ်ဘို့ တဘို့ ပေးသည်ဟုဆိုသည်။ ထို့ကြောင့် မေလခိဇေဒက်သည် လေဝိအမျိုးထက်လည်း ကြီး မြတ်သည်။

## ယဇ်ပုရောဟိတ် ယေရှုအားဖြင့်

ဣသရေလ လူများသည် ယဇ်ပုရောဟိတ် မှတဆင့် ဘုရားသခင်ကို ကိုးကွယ်ပူဇော်တတ် ကြသည်။ အာရုန်အနွယ်ယဇ်ပုရောဟိတ် များ ပူဇော်ခြင်းကို အားကိုး လျှင်၊ သူတို့ထက် ကြီး မြတ် တော်မူသော မေလခိဇေဒက်ကဲ့သို့သော ယဇ်ပုရောဟိတ် ယေရှု အားဖြင့် ပူဇော်ခြင်းသည် သာ၍ ကောင်းသည်။ ဟေဗြဲကျမ်းစာကို ရေးသော သူကဤသို့ ဆိုထားသည်။ "ထိုကြောင့်၊ အကြင်သူတို့သည် ယေရှုခရစ် အားဖြင့် ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်ကြ၏၊ ထိုသူတို့၏ အမှုကို ကိုယ်တော်သည် စောင့်လျက်၊ ကာလ အစဉ်အသက် ရှင်သောကြောင့်၊ သူတို့ကို အစဉ် ကယ်တင်ခြင်းငှါ တတ်နိုင် တော်မူ၏။"ဟုဆိုသည်။ (ဟေရှ:၂၅)။ ထိုမျှသာမကယဇ်ပုရောဟိတ် ယေရှုခရစ် သည် အပြစ်နှင့် ကင်းစင်သောကြောင့် သာ၍ ကောင်းကြောင်း ဤသို့ တွေ့ရသည်။ "ထိုသို့သော ယဇ်ပုရောဟိတ် မင်းသည် သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့် ကင်းလွတ် လျက် အပြစ် ရှိသော သူတို့နှင့် မဆက်ဆံ၊ ကောင်းကင်သား အပေါင်းတို့ထက် မြင့်မြတ်သောသူ ဖြစ်၍၊ ငါတို့နှင့်တော် သင့် တော်မူ၏။ အခြားသော ယဇ်ပုရောဟိတ် မင်းတို့သည်ကိုယ်အပြစ်ကြောင့်၎င်းလူများ အပြစ်ကြောင့်၎င်းနေ့တိုင်း ယဇ်ပူဇော်ရ သကဲ့သို့၊ ထိုသခင်သည် ယဇ်ပူဇော်စရာ အကြောင်း မရှိ။ အဘယ်ကြောင့် နည်းဟူမူကား၊ မိမိကိုယ်ကို တခါတည်း ယဇ်ပူဇော်၍ ထိုအမှုကိုပြီး စေ တော်မူ ပြီ။ ပညတ်တရားသည် အပြစ် ရှိသော သူတို့ကို ယဇ်ပုရောဟိတ် အရာ၌ ခန့်ထား၏။ ပညတ်တရားနောက်၌ ကျိန်ဆို တော်မူသော ဗျာဒိတ် တော်မူကား၊ အစဉ်အမြဲစုံလင်ခြင်းသို့ ရောက်သော သားတော်ကို ခန့်ထားသတည်း။" (ဟေရှ:၂၆-၂၈) "ယခုဆိုခဲ့ပြီးသော အကြောင်း အရာတို့၏ အချုပ်အခြာဟူမူကား၊ ထိုသို့သော ယဇ်ပုရောဟိတ် မင်းသည် ငါတို့၌ ရှိ၏။ ကောင်းကင် ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လကျာ်ဘက်မှာထိုင်နေ

တော်မူ၏။ လူမဆောက်ဘဲ ထာဝရ ဘုရား ဆောက် တော်မူသော တဲတော် စစ်တည်း ဟူသော၊ သန့်ရှင်းရာ ဌာန၌ ဘုရားဝတ်ကို ပြုသောသူ ဖြစ်တော်မူ၏။” (ဟေ ၈:၁-၂) ထိုကဲ့သို့သော ယဇ်ပုရောဟိတ်ကို ဘုရားသခင်က ကျွန်ုပ်တို့ အတွက် ပြင်ဆင် ပေးသည်။ ဘုရားသခင်ကိုယ်တိုင်ခွဲခန့်မှတ်သားသော ယဇ်ပုရောဟိတ် အားဖြင့်၊ သူ့ကိုကိုးကွယ်ချဉ်းကပ်လျှင် ဘုရားသခင်က ငြင်းပယ်စရာ အကြောင်း မရှိ။ ထို့ကြောင့် ခရစ်တော်ကိုယ်တိုင်က၊ “ငါ့ကို အမှီမပြုလျှင် အဘယ်သူ မျှခမည်းတော် ထံသို့ မရောက်ရ။” (ယော၁၄:၆) ဟုဆိုရခြင်း ဖြစ်သည်။ မိတ်ဆွေ၊ ယဇ်ပုရောဟိတ် ခရစ်တော်ကို အမှီမပြုအား မကိုးဘဲ၊ ဘုရားဝတ်ပြုခြင်း၊ ကိုးကွယ်ခြင်းသည် အချည်းနှီး ဖြစ်သည်။

**သင်ခန်းစာ (၁၀) မေးခွန်းများ**

၁။ ငါတို့၏ ယဇ်ပုရောဟိတ် အကြီးသည် မည်သူနည်း။ ……………………………………

၂။ မည်သည့်အချိန်၌ အာရုန်အနွယ်ယဇ်ပုရောဟိတ် ကုန်ဆုံးသနည်း။ …………………………………..

၃။ ခရစ်တော်ကို မည်သူကယဇ်ပုရောဟိတ် အဖြစ် ခန့်အပ်သနည်း။ ……….မည်ကဲ့သို့ ခန့်သနည်း။ ……………………………

၄။ ခရစ်တော်သည် ………………………………နည်းတူယဇ်ပုရောဟိတ် ဖြစ်သည်။

၅။ မေလခိဇေဒက်သည် မည်သူနည်း။ ……………………………………

၆။ ……………………….က……………….ကို ဆယ်ဘို့ တဘို့ လှူ၍ …………………………က………………..ကို ကောင်းကြီး ပေးသည်။

၇။ မေလခိဇေဒက်နှင့် အဗြာဟံမည်သူသည် သာ၍ ကြီး သနည်း။ ……………………

၈။ မေလခိဇေဒက်သည် ………………………………..အမျိုးထက်လည်း ကြီးသည်။

၉။ ယဇ်ပုရောဟိတ် ခရစ်တော်သည် လေဝိအမျိုးယဇ်ပုယောဟိတ်ထက် သာ၍ ……………….သည်။

၁၀။ ယဇ်ပုရောဟိတ် ခရစ်တော်ကို အားကိုးလျှင် ဘုရားသခင်က ငြင်းပယ်နိုင်မည်လော။ ………………….

.

**သင်ခန်းစာ (၁၁)**

# သာ၍ ကောင်းသော ယဇ်ကောင်

ကမ္ဘာဦးမှစ၍ ခရစ်တော် လက်ထက် တိုင်အောင်၊ တိရစ္ဆာန်များကို ယဇ်ကောင် အဖြစ်ပူဇော်တတ်ကြသည်။ မုန့်ညက်၊ မုန့်အမျိုးမျိုးတို့ ကိုလည်း ပူဇော်တတ် ကြသည်။ သို့သော်ထိုအရာများသည် အရိပ်များ သာ ဖြစ်၍ ထာဝရ ဘုရား၊ အားရနှစ်သက်တော် မမူကြောင်း ကျမ်းစာ ကဤသို့ဆိုခဲ့သည်။ "ထိုကြောင့်၊ ခရစ်တော်သည် ဤလောက ကသို့ ကြွလာ သောအခါ၊ အို ဘုရားသခင်၊ ကိုယ်တော်သည် ယဇ်နှင့် ပူဇော်သက္ကာကို အလိုတော် မရှိသည် ဖြစ်၍၊ အကျွန်ုပ်အဘို့ကိုယ်ခန္ဓာကို ပြင်ဆင် တော်မူ ပြီ။ မီးရှို့ရာယဇ်နှင့် အပြစ် ဖြေရာယဇ်များကိုအားရနှစ်သက်တော် မမူ သောအခါ၊ ကျမ်းစာ လိပ်၌ အကျွန်ုပ်အမှတ်ပြု၍ ရေးထားသည်။ နှင့် အညီ၊ အကျွန်ုပ်သည် ကိုယ်တော်၏ အလိုကို ဆောင်အံ့သောငှါ သွားပါမည်ဟု အကျွန်ုပ်ဝန်ခံပါသည်။ ဟု လျှောက်ဆို၏။" (ဟေ၁၀:၅-၈)

ဘုရားသခင်သည် အဘယ်ကြောင့် ခရစ်တော် အဘို့၊ ကိုယ်ခန္ဓာကို ပြင်ဆင် တော်မူ သနည်း၊ ဟူမူကား သူ၏ကိုယ်ခန္ဓာကို ယဇ်ကောင် အဖြစ်သုံးဘို့ရန် ဖြစ်သည်။ ခရစ်တော်သည် ကောင်းကင်၌ ရှိနေလျှင်၊ ဝိညာဉ် အားဖြင့် ရှိသဖြင့် ယဇ်ကောင် မဖြစ်နိုင်ချေ။ အကြောင်းမှာ ဝိညာဉ်သည် မသေနိုင်ချေ။ ထို့ကြောင့်၊ ယဇ်ကောင် အဖြစ်ပူဇော်နိုင်ရန်၊ ခမည်းတော် ဘုရားက၊ ခန္ဓာကိုယ် ပြင်ဆင် ပေးခြင်း ဖြစ်သည်။ ထိုမျှသာမက၊ လူကိုကိုယ်စားပြုအသေခံ မှာ ဖြစ်သောကြောင့်၊ လူကဲ့သို့ ကိုယ်ခန္ဓာရှိရခြင်း ဖြစ်သည်။ ကျမ်းစာက၊ "ထိုအလိုတော်နှင့် အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တခါတည်း ပူဇော်သော အားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။" (ဟေ၁၀:၁၀) ဘုရားသခင်သည် အရိပ်များ ဖြစ်သော တိရစ္ဆာန်နှင့် ပူဇော်ခြင်းကို၊ အားရနှစ်သက်တော် မမူ သောအခါ သူ၏ သားတော် ယေရှုခရစ်ကို၊ ကိုယ်ခန္ဓာ ပြင်ဆင် တော်မူသည်။ အဘယ်အတွက် ပြင်ဆင် တော်မူ သနည်း၊ ယဇ်ကောင် ဖြစ်ဘို့ရန် ဖြစ်သည်။ ထိုသို့ ယဇ်ကောင် ဖြစ်ဘို့ရန် ဘုရားသခင်သည် သားတော်ကို၊ ကမ္ဘာမတည်မရှိမှီကတည်း ကခွဲခန့်မှတ်သား ထားကြောင်း၊ ရှင်ပေတရုကဤသို့ ဆိုသည်။ "ထို ခရစ်တော် ကား ဤကမ္ဘာမတည်မရှိမှီခန့်ထား တော်မူခြင်းကို ခံနှင့်သည် ဖြစ်၍၊ ကိုယ်တော် အားဖြင့် ဘုရားသခင်ကို ယုံကြည်သော သင်တို့ အဘို့၊ ဤနောက်ဆုံးသော ကာလ၌ ထင်ရှား တော်မူ ပြီ။" (၁ပေ၁:၂၀) ထို့ကြောင့် အကြင်သူသည် ဘုရားသခင် ထံသို့ချဉ်းကပ် သောအခါ၊ ယဇ်ကောင် အဖြစ် ယေရှုခရစ်ကို မယူဆောင်ဘဲ၊ အခြားအရာများ ဖြစ်သော၊ အကျင့်ကောင်းခြင်း၊ အလှူငွေ၊ ဆက်ကပ်ခြင်း ဆုတောင်းခြင်း၊ နှိမ့်ချခြင်း၊ ချစ်ခြင်း မေတ္တာများကို ယူဆောင်လာပါက၊ ဘုရား အမြင်၌

ထိုအရာများသည် ညစ်သော အဝတ်စုတ်မျှသာ ဖြစ်၍ ကာဣနကဲ့သို့ ဘုရားသခင်၏ ပယ်ခြင်းကို ခံရမည်သာ ဖြစ်သည်။ သို့သော် ဘုရားသခင်ကိုယ်တော်တိုင် ပြင်ဆင် ပေးသော သားတော် ယေရှုကို၊ ယဇ်ကောင် အဖြစ်ယူဆောင်လာပါက၊ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့၍ ထိုသူ၏ ပူဇော်ခြင်းသည်။လည်း လက်ခံမည်သာ ဖြစ်သည်။

တဖန် ကျမ်းစာက၊ "ယခုမှာလူလက်ဖြင့် မလုပ်၊ ဤလောက ဓာတ်နှင့် မစပ်ဆိုင်၊ သာ၍ ကြီး မြတ်စုံလင်သော တဲတော်၌၊ နောက်မင်္ဂလာ အကျိုးတို့၏ ယဇ်ပုရောဟိတ် မင်း ဖြစ်သော ခရစ်တော်သည် ငါတို့အဘို့ ထာဝရ ရွေးနှုတ်ခြင်း ကျေးဇူးကို ခံရ၍၊ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့် မဟုတ်၊ မိမိ အသွေးတော်နှင့် သန့်ရှင်းရာ ဌာနထဲသို့ တခါတည်း ဝင် တော်မူ၏။ အကြောင်းမူကား၊ အညစ်အကြေးရှိသော သူတို့ အပေါ်၌ ဖြန်းသော နွားအသွေး၊ ဆိတ်အသွေး၊ နွားမကလေး၏ ပြာသည် သူတို့ကိုယ်ခန္ဓာ၌ စင်ကြယ်ခြင်းကို ပြုနိုင်သည်။ မှန်လျှင်၊ ထိုမျှမက၊ အပြစ် ကင်းသောကိုယ်တော်ကို၊ ထာဝရ ဝိညာဉ်တော် အားဖြင့်၊ ဘုရားသခင့်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏ အသွေးသည် သေခြင်းနှင့် စပ်ဆိုင်သော အကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက် ရှင် တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသော စိတ်ကို စင်ကြယ်စေခြင်းငှါ၊ သာ၍ တတ်နိုင် တော်မူသည်။ မဟုတ်လော။ ထိုကြောင့် ပဌမ ပဋိညာဉ်တရားလက်ထက်၌ ပြစ်မှားသော အပြစ် ကိုလည်း လွှတ်စေခြင်းငှါ၊ ခရစ်တော်သည် အသေခံ တော်မူသည်။ ဖြစ်၍၊ ခေါ် တော်မူသော သူတို့သည် ဂတိတော်နှင့် ယှဉ်သော ထာဝရ အမွေကို ခံရမည်အကြောင်း၊ ထိုသခင်သည် ပဋိညာဉ်တရားသစ်၏ အာမခံ ဖြစ်တော်မူ၏။" (ဟေ၉:၁၁-၁၅) ဟု ရေးထားသည်။

အထက်ပါ ကျမ်းပိုဒ်များ အရ ခရစ်တော်သည် လောက တဲတော်၌ မဟုတ်၊ ကောင်းကင် တဲတော် စစ်၌၊ ကိုယ်တိုင်ယဇ်ပုရောဟိတ် ဖြစ်လျက်၊ နွားကလေးအသွေးနှင့် ဆိတ်အသွေးနှင့် မဟုတ်၊ မိမိ အသွေးတော်နှင့် သန့်ရှင်းရာဌါနထဲသို့ တခါတည်း ဝင် တော်မူသည် ဟုဆိုသည်။ အဘယ်ကြောင့် တခါတည်း ဝင် တော်မူ သနည်းဟူမူကား နောက်တဖန် ဝင်စရာ မလိုတော့သောကြောင့် ဖြစ်သည်။ ဓမ္မဟောင်းကာလ၌ လူသေကို ထိသော သူများသည်၊ မသန့်ရှင်းသည် ဖြစ်၍ နွားကလေး၏ ပြာနှင့် ဆေးကြောရသည်။ (တော၁၉)။ သို့သော်ယခုအပြစ် ကင်းသောကိုယ်တော်ကို၊ ထာဝရ ဝိညာဉ်တော် အားဖြင့်၊ ဘုရားသခင့်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏ အသွေးသည် သေခြင်းနှင့် စပ်ဆိုင်သော အကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက် ရှင် တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသော စိတ်ကို စင်ကြယ်စေခြင်းငှါ၊ သာ၍ တတ်နိုင် တော်မူသည် ဟုဆိုသည်။

ခရစ်တော်၏ ပူဇော်ခြင်းသည် ယုံကြည်သူ၏ စိတ်ကို စင်ကြယ်စေနိုင်သည်။ ထို့ကြောင့် ခရစ်တော်၏ ပူဇော်ခြင်းသည် ယခင်တိရစ္ဆာန်ပူဇော်ခြင်း များထက် သာ၍ ကောင်းသည်။

**သင်ခန်းစာ (၁၁) မေးခွန်းများ**

၁။ ကမ္ဘာဦးမှစ၍ မည်သည့်အရာများကို ပူဇော်တတ်ကြသနည်း။ ……………………………
၂။ ထိုပူဇော်သက္ကာများသည် …………………………… ဖြစ်သည်။
၃။ ဘုရားသခင်သည် အဘယ်ကြောင့် ခရစ်တော်ကို ကိုယ်ခန္ဓာ ပြင်ဆင် ပေးတော်မူ သနည်း။ ………………………..
၄။ ဘုရားသခင်သည် သားတော်ကို ယဇ်ကောင် ဖြစ်ဘို့ မည်သည့်အချိန် မှစ၍ သတ်မှတ်ခဲ့သနည်း။ ……………………
၅။ ခရစ်တော် အားဖြင့် ဘုရားသခင်ကို ချဉ်းကပ်လျှင် ဘုရားသခင် လက်ခံ တော်မူ မည်လော။ ……………………………
၆။ ယခင်နှင့် ယခု ယဇ်ကောင်တွင် မည့်သည့် ယဇ်ကောင်သည် သာ၍ ကောင်းသနည်း။ …………………………..
၇။ ဓမ္မဟောင်းခေတ်၌ လူသေထိသော သူများသည် မည်သည့်အရာအားဖြင့် သန့်ရှင်းစေကြသနည်း။ ………………
၈။ ခရစ်တော်၏ ပူဇော်ခြင်းသည် ယုံကြည်သူ ………………………..ကို သန့်ရှင်းစေနိုင်သည်။

.

**သင်ခန်းစာ (၁၂)**

# ယဇ်ပူဇော်ခြင်းများ

ဣသရေလ လူမျိုးများ၏ ယဇ်ပူဇော်ခြင်းသည် သူတို့ကိုယ်တိုင်တီထွင်ခြင်း မဟုတ်ပေ။ ထာဝရ ဘုရားကိုယ်တိုင်ညွှန်ကြားချက်အတိုင်း ပူဇော်ခြင်း ဖြစ်သည်။ ယဇ်နာမည်များလည်း အမျိုးမျိုးရှိသည်။ ထိုယဇ်ပူဇော်ခြင်း များကို တတ်နိုင်သမျှ လေ့လာကြရမှာ ဖြစ်သည်။

**မီးရှို့ရာယဇ် (Burntoffering)**

"ထာဝရ ဘုရားသည် ပရိသတ်စည်းဝေးရာတဲတော် ထဲကအသံကို လွှင့်လျက် မောရှေကို ခေါ်တော်မူ၍၊ သင်သည် ဣသရေလ အမျိုးသား တို့ကို ဆင့်ဆိုရမည်မှာ၊ သင်တို့တွင် တစုံတယောက်သော သူသည် ထာဝရ ဘုရားအား ပူဇော်သက္ကာကို ပြုလိုလျှင်၊ ယဉ်သော တိရစ္ဆာန်တည်း ဟူသော နွား၊ သိုး၊ ဆိတ်ကို ဆောင်ခဲ့၍ ဆက်ရမည်။ ၃နွားကို မီးရှို့ရာယဇ်ပြုလိုလျှင်၊ အပြစ် မပါသော အထီးကို ဆောင်ခဲ့၍၊ ထာဝရ ဘုရား စိတ်တော်နှင့် တွေ့ခြင်းငှါ၊ ပရိသတ်စည်းဝေးရာတဲတော် တံခါးအနားမှာဆက်ရမည်။ ၄ပူဇော်သော နွား၏ ခေါင်းပေါ်မှာ မိမိ လက်ကို တင်ရသဖြင့်၊ ၏ အပြစ်ကို ဖြေမည်အကြောင်း လက်ခံ တော်မူမည်။ ၅ထာဝရ ဘုရားရှေ့တော်၌ ထိုနွားကို သတ်ပြီး လျှင်၊ အာရုန်၏သား ယဇ်ပုရောဟိတ် တို့သည် အသွေးကို ယူ၍၊ ပရိသတ်စည်းဝေးရာ တဲတော် တံခါးအနားယဇ်ပလ္လင် အပေါ်၌ ပတ်လည်ဖြန်းရမည်။ ၆ပူဇော်သော သူသည် ထိုအကောင်၏ အရေကို ချွတ်၍ အပိုင်းပိုင်းဖြတ်ရမည်။ ၇အာရုန်၏ သား၊ ယဇ်ပုရောဟိတ် တို့သည်၊ ယဇ်ပလ္လင်ပေါ်မှာ မီးကို ထည့်၍ မီးပေါ်မှာ ထင်းကို ခင်းပြီးမှ၊ ၈ထင်းပေါ်မှာ ခေါင်း၊ ဆီဥ၊ သား တစ်များကို တင်ရမည်။ ၉ခြေထောက်နှင့် အအူအစရှိသည် တို့ကို ရေနှင့် အရင်ဆေးရမည်။ ယဇ်ပုရောဟိတ် သည် ထိုယဇ်တကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ မီး မီးရှို့ရာယဇ် ဖြစ်သတည်း။ ထာဝရ ဘုရားအား မီးဖြင့် ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။" (ဝတ်ပြုရာ၁:၁-၉)

ဤယဇ်ပူဇော်ခြင်း များသည် မောရှေစီရင်ထားသည် မဟုတ်။ ဘုရားသခင်ကိုယ်တော်တိုင် တဲတော် အထဲမှအသံကို လွှင့်၍၊ ပြောသော အရာ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင် ကိုယ်တိုင်၊ စီရင်သော အရာ ဖြစ်သည်။ တိရစ္ဆာန်များ ကိုလည်း ယဉ်သော တိရစ္ဆာန်များ ဖြစ်သော နွား၊ သိုး၊ ဆိတ်များကို သာအသုံးပြုရသည်။ ကိုယ်လိုချင်သော အကောင်၊ တောကောင်များကို သုံး၍ မရ။ ထိုအရာများ ပင်လျှင် ဝတ်ပြုခြင်း ဆိုင်ရာပညတ်များ ဖြစ်သည်။

**နွားကို မီးရှို့ရာယဇ်ပြုလိုလျှင်၊**

ယဇ်နာမည်သည် မီးရှို့ရာယဇ် ဖြစ်သည်။ မီးရှို့ရာယဇ်ကို ကျမ်းစာထဲ၌ ခဏခဏတွေ့ရသည်။ မီးရှို့ရာယဇ်သည် အပြစ်နှင့် မဆိုင်၊ ထို့ကြောင့် မပူဇော်မနေရ မဟုတ်။ ပူဇော်လိုလျှင်ဟုဆိုသောကြောင့် ပူဇော်ချင်သော သူကပူဇော်တတ်သည်။

**အပြစ် မပါသော အထီးကို ဆောင်ခဲ့၍**

မီးရှို့ရာယဇ်ပူဇော်ရာတွင် အမကို အသုံးမပြုချေ။ ထို့အပြင်အပြစ် အနာအဆာမပါသော အကောင်များ သာပူဇော်ရသည်။ နောက်ပိုင်းတွင် ဣသရေလ လူများ ကအပြစ် အနာအဆာရှိသော အကောင်များကို ပူဇော်တတ်ကြောင်း မာလခိ ၁:၆-ရ ၌ တွေ့ရသည်။

**ထာဝရ ဘုရား စိတ်တော်နှင့် တွေ့ခြင်းငှါ၊**

ယဇ်ပူဇော်ရာတွင် ပူဇော်ရကျိုးနပ်ဘို့ရန် မှာ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့ဘို့ လိုသည်။ ဧည့်သည်။ကို ထမင်းစားဘို့ ဘိတ်ခေါ် သောအခါ၊ ဧည့်သည် ကျေနပ် ဘို့ရန်၊ သူကြိုက်သော အစားအစာကို ချက်ပေးဘို့ လိုသည်။ သို့မှသာ ဧည့်သည် စိတ်ချမ်းသာ မှာ ဖြစ်သည်။ အိမ်ရှင်က သူကြိုက်နှစ်သက်သော အစာကို ချက်ပေး၍ အိမ်ရှင်သည် အားရပါးရ စားသော်လည်း၊ ဧည့်သည် ကမစားနိုင်လျှင်၊ အဘယ် အကျိုးရှိသနည်း။ ထို့နည်းတူဘုရား ထံယဇ်ပူဇော်သော်လည်း၊ ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့လျှင် ဘာမျှ အကျိုးမရှိပေ။ ယနေ့ များစွာသော ခရစ်ယာန် များသည် ဘုရားသခင်ကို ကိုးကွယ် နေကြသော်လည်း၊ ဘုရားသခင်၏ အလိုတော်ကို မသိကြ၊ သိချင်သော စိတ်လည်း မရှိကြ။ မိမိတို့စိတ် ကျေနပ် လျှင်တော် ပြီ။ ဘုရားသခင် ကျေနပ်သည် မကျေနပ်သည်ကို ဂရုမစိုက်ကြ။ အချင်းချင်း ကျေနပ် စေဘို့ သာလျှင် ဂရုစိုက် ကြသည်။ ထို့ကြောင့် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့ကြ။ ထိုမျှသာမက၊ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့မတွေ့ကိုလည်း မသိသောကြောင့် ပြသနာ မရှိ။ အသင်းတော် အတွင်း ၌ စည်းလုံးညီညွတ် နေလျှင်တော် ပြီ။ သင်သည် ထိုသို့ ဘုရားကိုးကွယ်ပါသလား။

**ပရိသတ်စည်းဝေးရာတဲတော် တံခါးအနားမှာဆက်ရမည်**

ယဇ်ကောင် များကို နေရာခပ်သိမ်း၌ ဆက်၍ မရပါ။ တဲတော် ဝင်းအတွင်း မီးရှို့ရာယဇ်ပလ္လင်ကြီး

အနား၌ သာဆက်သနိုင်သည်။ ထိုနေရာကို ပရိသတ်စည်းဝေးရာတဲတော် တံခါးရှေ့ဟု ခေါ်သည်။ ထိုအရာ သည်လည်း ပညတ်တော် ဖြစ်သည်။

**ပူဇော်သော နွား၏ ခေါင်းပေါ်မှာ မိမိ လက်ကို တင်ရသဖြင့်**

နွားခေါင်းပေါ်၌ လက်တင်ခြင်းသည် နွားကို ကောင်းချီးပေးခြင်း မဟုတ်ပါ။ ဤနွားသည် ကျွန်ုပ်ကို ကိုယ်စားပြုသည်။ ကျွန်ုပ်ကိုယ်စားအသေခံ မည်ဟုဆိုလိုခြင်း ဖြစ်သည်။

**သူ၏ အပြစ်ကို ဖြေမည်အကြောင်း**

လက်ခံ တော်မူမည် မီးရှို့ရာယဇ်သည် အပြစ် ရှိသောကြောင့် ပူဇော်သည် မဟုတ်သို့သော်လူသည် အပြစ်သား ဖြစ်သောကြောင့် သူ၏ အပြစ်ကို ဖြေမည့် အကြောင်းဟုဆိုခြင်း ဖြစ်သည်။ အကယ်၍ အပြစ် ဖြေရာယဇ် ဖြစ်လျှင် မပူဇော်မနေရ ဖြစ်မည်။ ယခုမူကား ပူဇော်လိုမှပူဇော်ရသော ယဇ် ဖြစ်သည်။

**ထာဝရ ဘုရားရှေ့တော်၌ ထိုနွားကို သတ်ပြီးလျှင်**

နွားကို အရှင်လတ်လတ်ပူဇော်၍ မရပါ။ ဘုရားသခင့်ရှေ့တော်၌ သတ်ရသည်။ သေပြီးမှသာလျှင် မီးရှို့ရသည်။ အခြားနေရာ၌ သတ်ပြီးသား နှင့်လည်း အသား ယူလာ၍ မရ၊ ဘုရားရှေ့တော်၌ သတ်ရမည်။ အာရုန်၏သား ယဇ်ပုရောဟိတ် တို့သည် အသွေးကို ယူ၍၊ ပရိသတ်စည်းဝေးရာတဲတော် တံခါးအနား ယဇ်ပလ္လင် အပေါ်၌ ပတ်လည်ဖြန်းရမည်။ မီးရှို့ရာ ယဇ်ကောင်၏ အသွေးကို တဲတော် အထဲသို့ မယူဆောင်သွားပါ။ တဲတော် ရှေ့တံခါးနားမှာရှိသော ကြေးဝါ ယဇ်ပလ္လင်ကြီး ပတ်လည်၌၊ ယဇ်ပုရောဟိတ် များ ကဖြန်းရသည်။ ထိုယဇ်ပလ္လင်သည် လက်ဝါးကပ်တိုင်ကို ပုံဆောင်သည်။

**ပူဇော်သော သူသည် ထိုအကောင်၏ အရေကို ချွတ်၍ အပိုင်းပိုင်းဖြတ်ရမည်**

ပူဇော်သော သူကနွား၏ အရေခွံကို ချွတ်၍၊ အသား များကို အပိုင်းပိုင်းဖြတ်ရသည်။ မီးရှို့ဘို့ ဖြစ်သော်လည်း စံနစ်တကျပိုင်းဖြတ်ရသည်။ အာရုန်၏ သား၊ ယဇ်ပုရောဟိတ် တို့သည်၊ ယဇ်ပလ္လင်ပေါ်မှာ မီးကို ထည့်၍ မီးပေါ်မှာ ထင်းကို ခင်းပြီးမှ၊ ထင်းပေါ်မှာ ခေါင်း၊ ဆီဥ၊ သား တစ်များကို တင်ရမည်။ ခြေထောက်နှင့် အအူအစရှိသည် တို့ကို ရေနှင့် အရင်ဆေးရမည်။ ယဇ်ပုရောဟိတ် သည် ထိုယဇ်တကောင်လုံးကို ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ မီးရှို့ယဇ် ဖြစ်သတည်း။ ပူဇော်သော

သူကအဆင်သင့် ခုတ်ထစ် ပိုင်းဖြတ်ပြီးသော နွားသားကို၊ ယဇ်ပုရောဟိတ် ကယဇ်ပလ္လင်ပေါ်တွင် မီး အပေါ်၌ မီးရှို့ရသည်။ နွားခေါင်းခြေထောက်နှင့် အအူများ မကျန်အားလုံးကို မီးရှို့ရသည်။ ပူဇော်သော သူကစားသော အရာ တခုမျှမရှိ။ နွားတကောင်လုံးသည် ထာဝရ ဘုရား အဘို့ ဖြစ်သည်။ ယဇ်နာမည်လည်း မီးရှို့ရာယဇ် ဖြစ်သည်။

**ထာဝရ ဘုရားအား မီးဖြင့် ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။**

မီးရှို့ရာယဇ်ပူဇော်ခြင်း၏ အကြောင်းရင်းမှာ၊ ဘုရားသခင် ရှေ့၌ မွှေးကြိုင်ဘို့ရန် ဖြစ်သည်။ လူသည် ဘုရားသခင် ရှေ့၌ နံစော်နေသည်။ ဆာလံ၃၈:၅၌၊ "အကျွန်ုပ်မိုက်သော အမှုကြောင့် အနာတို့သည် နံစော်၍ ရိယွဲလျက် ရှိကြပါ၏၊ "ဟု ဆာလံဆရာကရေးထားပါသည်။ လူသည် ကိုယ်ခန္ဓာအားဖြင့်လည်း နံစော်နေသောကြောင့် နေ့တိုင်းရေချိုး သန့်ရှင်းရေး လုပ်ဘို့လိုသည်။ ဝိညာဉ် ရေးရာ၌လည်း ဘုရားသခင် ရှေ့၌ နံစော်နေသည်။ ဘုရားသခင် ရှေ့၌ နံစော်ခြင်းသည် မျက်နှာမရခြင်းကို ဆိုလိုသည်။ ရှင်ပေါလုကရောမ၃:၂၃တွင်၊ "အဘယ်ကြောင့် နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။"ဟုဆိုသည်။ လူသည် ဘုရားသခင် ရှေ့၌ နံစော်၍ မျက်နှာ မရတော့ချေ။ ဘုရားသခင် ရှေ့၌ မျက်နှာမရလျှင် ဘုရားသခင် ထံသို့ တိုးဝင်ချဉ်းကပ်၍ မရချေ။ ထိုသို့ တိုးဝင်ချဉ်းကပ်၍ မရလျှင်၊ အဘယ်ဆုကို မျှတောင်း၍ မရချေ။

**မည်သည့်အရာပူဇော်မည်နည်း**

ဣသရေလ ူတို့သည် ဘုရားသခင် ရှေ့၌ မွှေးကြိုင်အံ့သောငှါ၊ မီးရှို့ရာယဇ်ကို ပူဇော်တတ် ကြသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် ဘုရားသခင် ရှေ့၌ ဘာပူဇော်မည်နည်း။ အကျင့်ကောင်းကျင့်ခြင်း၊ ဆယ်ဘို့ တဘို့နှင့် အလှူငွေပေးခြင်း၊ ဘုရား ဖက်၌ စိတ်အားကြီးခြင်း၊ သူတပါးကို ကူညီခြင်း၊ ဆင်းရဲ သားများအား မစခြင်း၊ ဆုတောင်းခြင်း၊ အစာရှောင်ခြင်း၊ ကျမ်းစာ ဖတ်ခြင်းအား အားဖြင့် မွှေးကြိုင်နိုင်မည်လော။ ဘုရားသခင် ရှေ့၌ မမွှေးကြိုင်လျှင် အဘယ်အရာကို မျှရရှိမည် မဟုတ်။ လူကြီး ထံ၌ တခုခုအကူအညီ တောင်းလို သောအခါ မျက်နှာရဘို့ရန်၊ လက်ဆောင်ပါလာတတ် ကြသည်။ ထိုလက်ဆောင်ပင်လျှင် လူကြီး ကြိုက်သော အရာ ဖြစ်ရမည်။ သူမကြိုက်သော အရာကို ပေးပါကမပေးလျှင် သာ၍ ကောင်းမည် မဟုတ်လော။ လူကြီး ကကိုယ့်ကို မသိသောကြောင့် လက်ဆောင်အားဖြင့် မျက်နှာလုပ်ရသည်။ မဟုတ်လော။ ထို့ကြောင့် လူကြီး ဂရုစိုက်လောက်သော လက်ဆောင်ယူလာဘို့ လိုသည်။ လူကြီး ကြိုက်သော အရာကို ငါမသိဟု မရချေ။ မသိလျှင် သိသော

သူများ ထံမေးမြန်းရသည်။ မရှိလျှင်လည်း အကြွေးနှင့်သော်ငင်းမရရအောင် ရှာကြံရသည်။ သို့မှသာ လျှင်ကိုယ်လိုချင်သော အရာကို လူကြီး ထံမှ ရရှိနိုင်ပေမည်။

**ပူဇော်ပြီ**

ဣသရေလ လူများ၏ ပူဇော်ခြင်းသည် အရိပ်သာလျှင် ဖြစ်သည်။ ဘုရားသခင်၌ လူသားများအတွက် အကြံ အစည်ရှိသည်။ ထိုအရာမှာ သားတော် ယေရှုခရစ်ကို ဤလောကသို့ ဆင်းသက်စေ၍၊ မီးရှို့ရာယဇ်အဖြစ် ပူဇော်ဘို့ ဖြစ်သည်။ ကျမ်းစာ၌၊ "ထိုကြောင့်၊ ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ၊ အို ဘုရားသခင်၊ ကိုယ်တော်သည် ယဇ်နှင့် ပူဇော်သက္ကာကို အလိုတော် မရှိသည် ဖြစ်၍၊ အကျွန်ုပ်အဘို့ကိုယ်ခန္ဓာကို ပြင်ဆင် တော်မူ ပြီ။ မီးရှို့ရာယဇ်နှင့် အပြစ် ဖြေရာယဇ်များကိုအားရနှစ်သက်တော် မမူ သောအခါ၊ ကျမ်းစာ လိပ်၌ အကျွန်ုပ်အမှတ်ပြု၍ ရေးထားသည်။ နှင့် အညီ၊ အကျွန်ုပ်သည် ကိုယ်တော်၏ အလိုကို ဆောင်အံ့သောငှါ သွားပါမည်၊ ဟု အကျွန်ုပ် ဝန်ခံပါသည်ဟု လျှောက်ဆို၏။" (ဟေ၁၀:၅-၇)

ဤနေရာ၌ သခင်ယေရှုက မီးရှို့ရာယဇ်နှင့် အပြစ် ဖြေရာယဇ်များကိုအားရနှစ်သက်တော် မမူ သောအခါ၊ အကျွန်ုပ်သည် ကိုယ်တော်၏ အလိုတော်ကို ဆောင်အံ့သောငှါ သွားပါမည်ဟု ဆိုသည်တွင် သခင်ယေရှုသည် မီးရှို့ရာနှင့် အပြစ် ဖြေရာယဇ်အဖြစ် အပူဇော်ခံဘို့ရန်၊ ဤလောကသို့ ဆင်းကြွလာခြင်းကို ဆိုလိုသည်။ အဘယ်ကြောင့် ဘုရားသခင်သည် ဣသရေလ လူများ၏ မီးရှို့ရာယဇ်နှင့် အပြစ် ဖြေရာယဇ်များကို အားရနှစ်သက်တော် မမူသနည်းဟူမူကား၊ သူတို့ ပူဇော်သော အရာအားလုံးသည် အရိပ် ဖြစ်သည်။ ဘုရားသခင်၏ မူလအစီအစဉ်မှာသားတော်ကို ပူဇော်ဘို့ရန် ကမ္ဘာမတည်မရှိမှီကပင်ခွဲခန့်မှတ်သား ခဲ့ပြီ။ ကျမ်းစာက၊ "ထို ခရစ်တော် ကား ဤကမ္ဘာမတည်မရှိမှီခန့်ထား တော်မူခြင်းကို ခံနှင့်သည် ဖြစ်၍၊ ကိုယ်တော် အားဖြင့် ဘုရားသခင်ကို ယုံကြည်သော သင်တို့ အဘို့ ဤနောက်ဆုံးသော ကာလ၌ ထင်ရှား တော်မူပြီ။" (၁ပေ၁:၂၀) ဟုဆိုထားသည်။ ထို့ကြောင့် ခရစ်တော်သည် ယဇ်ကောင် အဖြစ်ပူဇော်ဘို့ရန် ဘုရားသခင်က ကမ္ဘာမတည်မရှိမှီခန့်ထား တော်မူပြီ။

ရှင်ပေါလုကလည်း ဤသို့ ရေးသား ထားသည်။ " ခရစ်တော်သည် ငါတို့ကို ချစ် တော်မူသော အားဖြင့် ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင်သော အနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ ယဇ်ပူဇော်လျက်၊ ငါတို့ အတွက် စွန့် တော်မူသည်။ နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။"

(ဖေက်၅:၂)။ ရှင်ပေါလုက ခရစ်တော်သည် မီးရှို့ရာ ယဇ်အဖြစ် ပူဇော်သည်ဟု မဆိုသော်လည်း၊ ဘုရားသခင် ရှေ့တော်၌ မွှေးကြိုင်သော အနံ့ရှိစေခြင်းငှါ ပူဇော်သည်ဟုဆိုသောကြောင့် မီးရှို့ရာယဇ် ဖြစ်သည်။ ခရစ်တော်သည် ငါတို့ ဘုရားသခင် ရှေ့၌ မွှေးကြိုင်အံ့သောငှါ ပူဇော်ခဲ့ပြီ။ ထို့ကြောင့် ငါတို့သည် ခရစ်တော်၏ ပူဇော်ခြင်းကို လက်ခံလျှင်၊ အားကိုးလျှင် ဘုရားသခင် ရှေ့၌ မွှေးကြိုင်ပြီ။ ထိုသို့ဖြစ်ဘို့ အလိုငှါ၊ ဘုရားသခင်က ခရစ်တော်ကို၊ ငါတို့အား ပေးထားခြင်း ဖြစ်သည်။ ဣသရေလများကဲ့သို့ တိရစ္ဆာန်များကို ပူဇော်စရာ မလိုတော့ချေ။ ခရစ်တော်သည် ငါတို့၏ မီးရှို့ရာယဇ်ဟု ယုံကြည် လက်ခံဘို့ သာလိုသည်။ ခရစ်တော် ကလည်း ငါတို့ကို ချစ်သောကြောင့် မိမိ၏ကိုယ်ခန္ဓာကို ပူဇော်ခဲ့ပြီ။ သို့သော်များစွာသော သူများသည်၊ ထိုခရစ်တော်၏ ပူဇော်ခြင်းကို နားမလည် သောကြောင့်၊ မိမိတို့၏ အကျင့် ကြိုးစား မှု၊ လုပ်ဆောင်မှု၊ ပေးကမ်းကူညီမစမှု များကို အားကိုး ကြသေးသည်။ ထိုအရာများ အားဖြင့် ဘုရားသခင် ရှေ့၌ မွှေးကြိုင်နိုင်ပါက ခရစ်တော်သည် ဤလောကသို့ ကြွရောက် ၍ ပူဇော်စရာ မလို။ ထို့ကြောင့် ခရစ်တော်၏ ပူဇော်ခြင်းကို လက်ခံအားကိုးဘို့ လိုသည်။ ထိုအရာသည် အဘ ဘုရားသခင်၏ အစီအစဉ်အားဖြင့် ဖြစ်သည်။

ဘုရားသခင် အနေဖြင့် ခရစ်တော်၏ ပူဇော်ခြင်းကို လက်ခံပြီး ဖြစ်သည်။ သို့သော်လူ့အပိုင်းက နားမလည် သောကြောင့် လက်မခံကြ။ ထို့ကြောင့် ဘုရားသခင် ရှေ့၌ မမွှေးကြ။ ဘုရားသခင် ရှေ့၌ အဘယ်ကြောင့် မွှေးကြိုင်ဘို့ လိုသနည်း။ မွှေးကြိုင်ခြင်းသည် မျက်နှာရခြင်း၊ ဘုရား စိတ်တော်နှင့် တွေ့ခြင်း ဖြစ်သည်။ ဘုရား စိတ်တော်နှင့် မတွေ့ပါက မည်သည့်အရာမျှ ဘုရားသခင် ထံမှ ရရှိမည် မဟုတ်။ ထို့ကြောင့် ခရစ်တော်ကိုယ်တိုင် ဤသို့ ဆိုခဲ့သည်။ “ငါ့ကို အမှီမပြုလျှင် အဘယ်သူ မျှခမည်းတော် ထံသို့ မရောက် ရ။” (ယော၁၄:၆)။

ထို့ကြောင့် ဘုရားသခင် ထံချဉ်းကပ် သောအခါ ခရစ်တော်ကို အမှီပြုဘို့ လိုအပ်သည်။ ဆုတောင်း သောအခါ၌ လည်း ခရစ်တော် နာမအားဖြင့် သာတောင်းဘို့ လိုအပ်သည်။ ခရစ်တော်က၊ “ငါ့နာမကို အမှီပြု၍ ခမည်းတော် မှာတောင်းသမျှ တို့ကို ရမည်အကြောင်း၊ သင်တို့ကို ငါခန့်ထား၏။” (ယော၁၅:၁၆) ဟုဆိုထားသည်။ တဖန်၊ “ငါအမှန်အကန် ဆိုသည်ကား၊ သင်တို့သည် ငါ၏ နာမကို အမှီပြု၍ ခမည်းတော် မှာ ဆုတောင်း သမျှ တို့ကို ခမည်းတော်သည် ပေးတော်မူမည်။” (ယော၁၆:၂၃) ဟုဆိုသည်။ ထို့ကြောင့် ဘုရားသခင် ထံ၌ ဆုတောင်း သောအခါ ခရစ်တော်၏ နာမကို အမှီပြုဘို့ လိုအပ်သည်။

**သင်ခန်းစာ (၁၂) မေးခွန်းများ**

၁။ ယဇ်ပူဇော်ခြင်း များကို မည်သူကခိုင်းသနည်း။ ..............................

၂။ ဤယဇ်ပူဇော်ခြင်း၏ နာမည်သည် ................................ ဖြစ်သည်။

၃။ ယဇ်ပူဇော်ရာတွင် မည်သူ၏ စိတ်တွေ့ဘို့ လိုသနည်း။ ....................................ယနေ့ ခရစ်ယာန်များမည်သူ၏ စိတ် ကျေနပ်ဘို့ ရှာကြသနည်း။ ......................................

၄။ ယဇ်ကောင် များကို မည့်သည့်နေရာ၌ ဆက်ရသနည်း။ ......................................

၅။ မီးရှို့ရာယဇ်သည် အပြစ် အတွက် ပူဇော်သလော။ ...................မည့်သည့်အရာအတွက် ပူဇော်သနည်း။ ...............

၆။ လူသည် ဘုရားသခင် ရှေ့၌ မွှေးကြိုင်သလော၊ နံစော်သလော။ ................................

၇။ ဣသရေလ လူများသည် ဘုရားသခင် ရှေ့၌ မွှေးကြိုင်ဘို့ရန် တိရစ္ဆာန်များကို ပူဇော်တတ်သည်။ ယခုကျွန်ုပ်တို့ ဘာပူဇော်မည်နည်း။ .........................

၈။ ဣသရေလ လူများ ပူဇော်သော အရာသည် အ.................. ဖြစ်၍ သခင်ယေရှု ပူဇော်သော အရာသည် အ................ ဖြစ်သည်။

၉။ သင်သည် ဘုရားသခင် ရှေ့၌ မွှေးကြိုင်ပြီလော။ .........မည်ကဲ့သို့ မွှေးကြိုင်သနည်း။............

၁၀။ အဘယ်ကြောင့် ခရစ်တော်၏ နာမကို အမှီပြု၍ ဆုတောင်းဘို့ လိုသနည်း။ ......................

.

**သင်ခန်းစာ (၁၃)**

# ဘောဇဉ်ပူဇော်သက္ကာ (GrainOffering)

“ထာဝရ ဘုရားအား ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ မုန့်ညက်ကို ဆက်ရမည်။ မုန့်ညက် အပေါ်မှာ ဆီကိုလောင်း၍ လောဗန်ကိုလည်း ထည့်ပြီးမှ၊ အာရုန်၏သား ယဇ်ပုရောဟိတ် ထံသို့ ဆောင်ခဲ့၍၊ ယဇ်ပုရောဟိတ် သည် မုန့်ညက်တလက်ဆွန်း၊ ဆီအချို့ လောဗန်ရှိသမျှကို ယူ၍၊ ထိုအတွက် အတာကို ယဇ်ပလ္လင်ပေါ်မှာ မီး မီးရှို့ရမည်။ ထာဝရ ဘုရားအား မီးဖြင့် ဆက်ကပ်၍၊ မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။ ကျန်ºကွင်းသော ဘောဇဉ်ပူဇော်သက္ကာမူကား၊ အာရုန်နှင့် သူ၏သားတို့ အဘို့ ဖြစ်ရမည်။ ထာဝရ ဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာထဲကအလွန် သန့်ရှင်းသော အရာ ဖြစ်၏။” (ဝတ်၂:၁-၃)။ ဘောဇဉ်ဆိုသည်မှာ စားဘွယ်ခဲဘွယ်ကို ဆိုလိုခြင်း ဖြစ်သည်။

ဘောဇဉ်ပူဇော်သက္ကာပူဇော်ရာတွင် ပစ္စည်းသုံးမျိုးပါဝင်သည်။ မုန့်ညက်၊ ဆီ (သံလွင်ဆီ)၊ နှင့်လောဗန်တို့ ဖြစ်သည်။ ယဇ်ပုရောဟိတ် များက မုန့်ညက်တလက်ဆွန်း၊ ဆီအချို့နှင့် လောဗန်ရှိသမျှကို ယဇ်ပလ္လင်ပေါ်၌ မီးရှို့ရသည်။ ထိုအရာသည် ဘုရားသခင် ရှေ့၌ မွှေးကြိုင်သော ယဇ် ဖြစ်သည်။ အပြစ်နှင့် ဆိုင်သော ယဇ် မဟုတ်။ ကျန်ကြွင်းသော မုန့်ညက်နှင့် ဆီသည် ယဇ်ပုရောဟိတ် များ အတွက် ဖြစ်သည်။ ဘုရားသခင်က သူ့ဥစ္စာအထဲမှ ယဇ်ပုရောဟိတ် များကို ပေးခြင်း ဖြစ်သည်။ ယဇ်ပုရောဟိတ် များသည် လယ်မလုပ် သောကြောင့် ဘုရားသခင်က ကျွေးမွေးသည်။ ဣသရေလ လူများ ကကျွေးမွေးသည် မဟုတ်။ ထို့နည်းတူ၊ ယခုခေတ်၌ ဘုရား အမှုတော် ဆောင်များကို၊ ယုံကြည်သူများက ကျွေးမွေးသည် မဟုတ်၊ ဘုရားသခင်က ကျွေးမွေးသည်။ ယုံကြည်သူများက အမှုတော် ဆောင်များကို ကျွေးမွေးသည်ဟု ယူဆလျှင်၊ သူတို့ လှူသော အလှူသည် ဘုရားသခင် ထံသို့ လှူသည် မဟုတ်၊ အမှုတော် ဆောင်များ ထံလှူသောကြောင့် ဘုရားသခင် ထံတော် မှအဘယ် အကျိုးကို မျှမခံစားရကြ။ ထို့ကြောင့် အလှူလှူ သောအခါ လူထံ သို့မဟုတ်၊ ဘုရားသခင် ထံသို့ လှူသည်ဟု ယူဆရသည်။

**မုန့်အမျိုးမျိုး**

“မီးဖို၌ ဖုတ်သော မုန့်ကို ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ ဆီနှင့် မုန့်ညက်ဖြင့် လုပ်သော တဆေးမဲ့မုန့်ပြား သော်၎င်း ဆီလူးသော တဆေးမဲ့ မုန့်ကြွပ်သော်၎င်း ဖြစ်ရမည်။ သံပြားပူနှင့် လုပ်သော မုန့်ကို ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ ဆီရော၍ တဆေးမပါသော မုန့်ညက်နှင့် လုပ်ရမည်။ ထိုမုန့်ကို

ချိုးဖဲ့၍ ဆီကိုလောင်းရမည်။ ဘောဇဉ်ပူဇော်သက္ကာ ဖြစ်သတည်း။ အိုးကင်းနှင့် ကြော်သော မုန့်ကို ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ ဆီရောသော မုန့်ညက်နှင့် လုပ်ရမည်။ ထိုဘောဇဉ်ပူဇော်သက္ကာအမျိုးမျိုး တို့ကို၊ ထာဝရ ဘုရား အထံတော်သို့ ဆောင်ခဲ့၍၊ ယဇ်ပုရောဟိတ်အား ဆက်ပြီးမှ၊ သူသည် ယဇ်ပလ္လင်သို့ ဆောင်ခဲ့ရမည်။

ထိုဘောဇဉ်ပူဇော်သက္ကာထဲကအတွက် အတာကို နှိုက်ယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ ထာဝရ ဘုရားအား မီးဖြင့် ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။ ကျန်ကြွင်းသော ဘောဇဉ်ပူဇော်သက္ကာမူကား၊ အာရုန်နှင့် သူ၏သားတို့ အဘို့ ဖြစ်ရမည်။ ထာဝရ ဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာထဲကအလွန် သန့်ရှင်းသော အရာ ဖြစ်၏။" (ဝတ်၂:၄-၁၀) ထာဝရ ဘုရား၏ ပညတ်ထားသည့်အတိုင်း၊ ဣသရေလ လူများသည် ထာဝရ ဘုရား အား၊ မုန့်အမျိုးမျိုးကို ပူဇော်တတ်ကြသည်။ ထိုမုန့်များသည် ပြုလုပ် ပုံခြင်း မတူညီကြချေ။ မီးဖို၌ ဖုတ်သော မုန့် ဖြစ်လျှင် ဆီနှင့် မုန့်ညက်ဖြင့် လုပ်သော တဆေးမဲ့ မုန့်ပြားသော်ငှင်းဆီလူးသော တဆေးမဲ့မုန့်ကြွပ်သော်ငှင်းသံပြားပူနှင့် လုပ်သော မုန့်၊ အိုးကင်းနှင့် ကြော်သော မုန့်တို့ ဖြစ်သည်။ ထိုမုန့်များသည် တဆေးမဲ့ဖြင့် ပြုလုပ်သော မုန့်များ ဖြစ်သည်။ ထိုမုန့်များသည် ဆီဖြင့် ပြုလုပ်၍ ထပ်၍ ဆီလောင်းရသည်။

**တဆေး**

ဘောဇဉ်ပူဇော်သက္ကာ၌ တဆေးမပါရ။ တဆေးသည် အပြစ်ကို ပုံဆောင်သည်။ ရှင်ပေါလုက၊ "သင်တို့သည် တဆေးမဲ့သည် ဖြစ်သည်နှင့် အညီ၊ အသစ်သော မုန့်စိမ်း ဖြစ်မည်အကြောင်း၊ ဟောင်းသော တဆေးကို သုတ်သင် ပယ်ရှင်းကြလော့။ အကြောင်းမူကား၊ ခရစ်တော် တည်း ဟူသော ငါတို့ ပသခါသိုးငယ်သည် ငါတို့အဘို့ ယဇ်ပူဇော်ရာ ဖြစ်၏။ ထိုကြောင့်၊ ဟောင်းသော တဆေး၊ ဆိုးညစ်မိုက်မဲခြင်း တဆေးတို့ကို ပယ်ပစ်၍၊ တဆေးမဲ့မုန့်တည်း ဟူသော ကြည်ဖြူခြင်း၊ သစ္စာစောင့်ခြင်းနှင့် ပွဲခံကြကုန်အံ့။"ဟုဆိုသည်။ (၁ကော၅:၇-၈)။ ထို့ကြောင့် တဆေးသည် ဆိုးညစ် မိုက်မဲခြင်းကို ဆိုလိုသည်။

သခင်ယေရှုက၊ "ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏ တဆေးကို၊ သတိနှင့် ကြဉ်ရှောင်ကြဟု မိန့်တော်မူ၏။ တပည့်တော်တို့ ကလည်း၊ ငါတို့၌ မုန့်မပါသောကြောင့် ဤစကားကို မိန့်တော်မူသည် ဟု အချင်းချင်း ဆွေးနွေး ပြောဆို ကြ၏။ ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏ တဆေးကို ကြဉ်ရှောင်ကြဟူသော စကားကို ငါပြောသည်။ တွင်၊ မုန့်ကို အမှတ်ပြု၍ ငါမပြောသည်ကို သင်တို့သည် နားမလည်ဘဲ အဘယ်သို့ နေကြသနည်းဟု မိန့်တော်မူ၏။ ထိုအခါ တပည့်တော် တို့သည် မုန့်၏ တဆေးကို ကြဉ်ရှောင်ကြဟု

မိန့်တော် မမူ။ ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏ ဩဝါဒကို ကြဉ်ရှောင်ကြဟု မိန့်တော်မူသည်ကို နားလည်ကြသတည်း။" (မ၁၆:၆၊ ၁၁-၁၂)

**ဖာရိရှဲတဆေး**

သို့ဖြစ်လျှင် ဖာရိရှဲတဆေးသည် အဘယ်အရာကို ဆိုလိုသနည်း။ ဖာရိရှဲတို့သည် လျှို့ဝှက်သော သူဟု သခင်ယေရှု ကဆိုခဲ့သည်။ (မ၂၃:၁၃၊ ၁၅၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉) လျှို့ဝှက်သော သူဆိုသည်မှာ ကိုယ်တိုင်မလုပ်ဘဲ လုပ် ဟန်ဆောင် သူများ၊ ပါးစပ်ကဘုရား ဘုရား လက်က၊ ကား ယားကား ယားကို ဆိုလိုခြင်း ဖြစ်သည်။ အင်္ဂလိပ် လို Hypocrisy ဟု ခေါ်သည်။ သခင်ယေရှုက၊ "ထိုအခါ အတိုင်း မသိများစွာသော လူတို့သည် စုဝေး၍ အချင်းချင်းနင်းမိမတတ် နေကြသည် ရှိသော်၊ ယေရှုသည် တပည့်တော် တို့အား မိန့်တော်မူသည်ကား၊ လျှို့ဝှက်ခြင်း တည်း ဟူသော ဖာရိရှဲတို့၏ တဆေးကို ရှေ့ဦးစွာ ကြဉ်ရှောင်ကြလော့။" (လု၁၂:၁) ဟုဆိုခဲ့သည်။ ထိုကြောင့် ဘုရားသခင် ကိုးကွယ်ရာတွင် ဟန်ဆောင်ခြင်း မပါရချေ။

**ဇဒ္ဒုကဲတဆေး**

ဇဒ္ဒုကဲတဆေးဆိုသည်မှာ မယုံကြည်ခြင်းကို ဆိုလိုသည်။ "ဇဒ္ဒုကဲများသည် ထမြောက်ခြင်း မရှိ၊ ကောင်းကင်တမန် မရှိ၊ နံ ဝိညာဉ် မရှိဟု ယူကြ၏။" (တ၂၃:၈)။ ထမြောက်ခြင်း မရှိ၊ ကောင်းကင်တမန် နှင့် နံ ဝိညာဉ် မရှိဟု ယူဆလျှင်၊ ဘုရားကိုးကွယ်စရာ အကြောင်း မရှိ။ ယခုခေတ်၌လည်း ထိုကဲ့သို့ ယူဆသော သူများရှိကြသည်။ ထိုသူများသည် လီဘယ်ရယ် (liberal) ဟု ခေါ်သည်။ ထို့ကြောင့် ဇဒ္ဒုကဲတဆေးဆိုသည်။ မှာမယုံကြည်ခြင်းကို ဆိုလိုသည်။

**ဟေရုဒ်၏ တဆေး**

"တပည့်တော် တို့သည် မုန့်ကို ယူခြင်းငှါ မေ့လျော့ ကြသဖြင့်၊ လှေပေါ်မှာ သူတို့၌ မုန့်တလုံး တည်း သာရှိ၏။ ကိုယ်တော် ကလည်း၊ ဖာရိရှဲတို့၏ တဆေးကိုငှင်းဟေရုဒ်၏ တဆေးကိုငှင်း သတိနှင့် ကြဉ်ရှောင်ကြဟု ပညတ် တော်မူ၏။" (မာ၈:၁၄-၁၅) ဟေရုဒ်၏ တဆေးသည် ငါတည်း ဟူသော မာန်မာနကို ဆိုလိုခြင်း ဖြစ်သည်။ ဟေရုဒ်သည် ခရစ်တော်၏ အုပ်စိုးခြင်းကို အလိုမရှိ၊ သူကိုယ်တိုင်အုပ်စိုးချင်သည်။ ထို့ကြောင့် ခရစ်တော် မွေးဘွားခြင်းကို ကြား သောအခါ သတ်ဘို့ရန် ကြံစည်သည်။ ငါတည်း ဟူသော မာန်မာနရှိခြင်းသည်။ ဟေရုဒ်၏ တဆေး ဖြစ်သည်။ ထာဝရ ဘုရား

ထံဆက်ကပ် ပူဇော် သောအခါ ဖါရိရှဲတဆေးတည်း ဟူသော လို့ဝှက်ခြင်း၊ ဇဒ္ဒုကဲတဆည်းတည်း ဟူသော မယုံကြည်ခြင်း၊ ဟေရုဒ်၏ တဆေး ဖြစ်သော ငါတည်း ဟူသော မာန်မာနများ မပါဝင်ရ။

**ဂျုံစေ့**

ဣသရေလ လူများ ပူဇော်လေ့ရှိသော ထိုဘောဇဉ်ပူဇော်ဣာသည် အရိပ် ဖြစ်၍၊ အကောင်အထည် သို့မဟုတ် ပြည့်စုံခြင်းသည် ခရစ်တော်၏ ပူဇော်ခြင်း၌ ဖြစ်သည်။ မုန့်ညက်သည် ဂျုံစေ့မှ ဖြစ်သည်။ ဂျုံစေ့သည်။လည်း အနှံမှ ဖြစ်၍ အနှံသည် လည်း၊ အပင်မှ ဖြစ်သည်။ သို့ဖြစ်လျှင် ခရစ်တော်သည် မည်ကဲ့သို့ မုန့်ညက် ဖြစ်သနည်း။ မုန့်ညက် ဖြစ်ရန် အရင်ဂျုံစေ့ ဖြစ်ရမည်။ ခရစ်တော်သည် လူ့ဇာတိခံ သောအခါ ဂျုံစေ့ ဖြစ်သည်။ သူကိုယ်တိုင်ဤသို့ ဆိုခဲ့သည်။ "ငါအမှန်အကန်ဆိုသည်။ကား၊ မြေ၌ ကျသော စပါးစေ့သည် မပျက်လျှင် တခုတည်း နေ၏။ ပျက်လျှင် မူကား များစွာသော အသီးကို သီးတတ်၏။" (ယော၁၂:၂၄) ဤနေရာ၌ မြေ၌ ကျသော စပါးစေ့သည် သူကို တိုင်ပင် ဖြစ်သည်။ ခရစ်တော်သည် ဂျုံစပါးစေ့ ဖြစ်သည်။ မယ်တော် မာရိဝမ်းမှ မွေးဘွား သောအခါ ဂျုံစေ့လေး ဖြစ်ခဲ့သည်။

**နေလှမ်း**

ဂျုံစေ့သည် ကျိတ်နိုင်ဘို့ရန် နေ၌ အခြောက်လှမ်းရသည်။ မခြောက်ပါကကျိတ်၍ မရချေ။ သို့ဖြစ်လျှင် ခရစ်တော်သည် မည်သည့်အချိန်၌ အခြောက်လှမ်းခြင်း ခံခဲ့ရသနည်း။ ကျမ်းစာ၌၊ "ယေရှုသည် သန့်ရှင်းသော ဝိညာဉ် တော်နှင့် ပြည့်စုံလျက် ယော်ဒန်မြစ်နားမှပြန်စဉ်တွင် ဝိညာဉ် တော်သည် တောသို့ ပို့ဆောင် တော်မူ၏။ အရက်လေးဆယ်ပတ်လုံးမာရ်နတ်၏ စုံစမ်း သွေးဆောင်ခြင်းကို ခံတော်မူ၏။ ထိုကာလ ပတ်လုံးအစာအဟာရကို သုံးဆောင်တော် မမူ။ ထိုကာလ လွန်ပြီးမှမွတ်သိပ် တော်မူ၏။" (လု၄:၁-၂) ထိုသို့ ရက်ပေါင်းလေးဆယ်အစာရှောင် သောအခါ အခြောက်လှမ်းခြင်း ခံရသည်။ ထို့ကြောင့် မွတ်သိပ်ခြင်းသို့ ရောက်သည်။ သို့သော်မုန့်ညက်မ ဖြစ်သေးသောကြောင့် ဘောဇဉ် ပူဇော်သဣာအဖြစ် ပူဇော်၍ မရသေးချေ။

**အမှုန့်ကျိတ်ခြင်း**

ခရစ်တော်သည် ဂေသရှေမန်ဉယျာဉ်၌ ဆုတောင်း သောအခါ အမှုန့်ကျိတ်ခြင်း ခံရသည်။ ထို့ကြောင့် အလွန် ခံစားရ၍ အလွန် ကြောက်ခဲ့သည်။ ဂျုံစေ့သည် အမှုန့်ကျိတ် သောအခါ အသက် မရှိတော့ချေ။

ထို့နည်းတူ ခရစ်တော်လည်း အမှုန့်ကျိတ်ခြင်း ခံသောအခါ သေခဲ့သည်။ ထို့ကြောင့် ဤသို့ ဆုတောင်းခဲ့သည်။

"အိုအဘ၊ အလိုတော် ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှ လွှဲ တော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည် အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည် အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်း တော်မူ၏။ ထိုအခါ ကောင်းကင်တမန် သည် ထင်ရှားလာ၍ ကိုယ်တော်ကိုအား ပေးရ၏။ ပြင်းစွာသော ဝေဒနာကို ခံလျက် အထူးသဖြင့် ကြိုးစား၍ ဆုတောင်း တော်မူ၏။ ချွေးထွက်တော်မူသည်။ကား၊ မြေပေါ်၌ ကျသော သွေးစက်ခဲကဲ့သို့ဖြစ်သတည်း။" (လုကာ၂၂:၄၂-၄၄) သခင်ယေရှုသည် ဂေသရှေမန်ဥယျာဉ်၌ အမှုန့်ကျိတ်ခြင်း ခံသောကြောင့်ကိုယ်ခန္ဓာတော် မှချွေးထွက်တော်မူသည်။ကား၊ မြေပေါ်၌ ကျသော သွေးစက်ခဲကဲ့သို့ဖြစ်သတည်းဟုဆိုသည်။ ထို့အပြင်သူ့ကို အခြားသော အချိန်၌ သတ်မည်ဟု ကြံစည်ကြ သောအခါ၊ ရှောင်ကွင်း တတ်သော်လည်း၊ ဂေသရှေမန်ဥယျာဉ်၌ မူသေပြီး ဖြစ်သောကြောင့် ရန် သူများ ကသတ်ဘို့ရန် ရှာ သောအခါ၊ မရှောင်တော့ဘဲ သူ့ကိုယ်သူအပ်နှံလိုက်သည်။

**မုန့်နယ်ခြင်း**

မုန့်ညက်သည် မုန့် ဖြစ်ဘို့ နယ်ဘို့ လိုသည်။ ကောင်းကောင်းနယ်သော မုန့်သည် ပို၍ ကောင်းသည်။ သို့ဖြစ်လျှင်၊ ခရစ်တော်သည် မည်သည့်နေရာ၌ နယ်ကြသနည်း။ ဂေသရှေမန်ဥယျာဉ်၌ အမှုန့်ကျိတ်ခြင်း ခံပြီးသော နောက်သူ့ကို ကောင်းစွာ နယ် ကြသည်။ ကျမ်းစာ၌ ဤသို့ တွေ့ရသည်။

"ထိုအခါ အချို့တို့သည်ကိုယ်တော်ကို တံထွေးနှင့် ထွေးကြ၏။ မျက်နှာတော်ကို ဖုံးပြီးလျှင် လက်သီးနှင့် ထိုးလျက်၊ ပရောဖက် ပြု၍ ဟော တော်မူ ပါဟုဆိုကြ၏။ မင်းလုလင်တို့ သည်လည်း ပါးတော်ကို လက်နှင့် ပုတ်ကြ၏။ (မာ၁၄:၆၅)

"ခေါင်းတော်ကို ကျူလုံးနှင့် ရိုက်ခြင်း၊ တံထွေးနှင့် ထွေးခြင်း၊ ရှေ့တော် မှာဒူးထောက်၍ ပြပ်ဝပ်ခြင်း ကိုလည်း ပြုကြ၏။ ထိုသို့ကိုယ်တော်ကို ပြက်ယယ်ပြုသည်။ နောက်၊ နီမောင်းသော အဝတ်ကို ချွတ်၍ အဝတ်တော်ကို ဝတ်ပြန်စေပြီး လျှင်၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းငှါ ထုတ်သွားကြ၏။" (မာ၁၅:၁၉) ခရစ်တော်ကို လက်ဝါးကပ်တိုင်၌ မစွဲမှီပြင်းထံစွာ ရိုက်နှက်ခြင်း ခံခဲ့ရသည်။ ထိုအရာသည် မုန့်ညက်ကို ကောင်းစွာ နယ် သကဲ့သို့ဖြစ်သည်။ သို့သော်ပူဇော်၍ မဖြစ်သေးချေ။ မုန့်ညက်နယ်စဉ်တွင်

အဘယ်သူ မျှသွားရေမယိုချေ။ ထို့နည်းတူ ခရစ်တော်ကို ရိုက်နှက်ချိန်တွင် အဘယ်သူ ကမျှလက်မခံကြသေးချေ။

## မုန့်ဖုတ်ခြင်း၊ ကြော်ခြင်း၊ ကင်ခြင်း

မုန့်စိမ်းကို ကောင်းစွာ နယ်ပြီးသော နောက်မီးဖို၌ ဖုတ်ရ၊ ကြော်ရ၊ ကင်ရသည်။ သို့မှသာ စား၍ ရသည်။ ဘုရားသခင် ထံ၌လည်း ပူဇော်၍ ရသည်။ ခရစ်တော်သည် မုန့် ဖြစ်လျှင် မည်ကဲ့သို့ ကြော်ခြင်း၊ ဖုတ်ခြင်း၊ ကင်ခြင်း ခံရသနည်း။ လက်ဝါးကပ်တိုင်တော်၌ ရိုက်သတ်ခြင်း ခံရ သောအခါ ဖုတ်ခြင်း၊ ကင်ခြင်း၊ ကြော်ခြင်း ခံရသည်။ သို့မှသာ သူ့ကို စားနိုင်သည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် သူ့နဘေး၌ ရှိသော လူဆိုးကြီး ကပဌမ ဦးဆုံးစားခဲ့သည်။ သူ့နောက်တကောက်ကောက်လိုက်ခဲ့သော တမန်တော်များမှုကား၊ ထိုမုန့်ကို စားမည့် အစားကြက်ပျောက်ငှက်ပျောက်ပျောက်သွား ကြသည်။ ထိုမုန့်သည် နောက်ပိုင်း၌ လူမြောက်များစွာတို့ ကစား၍ အသက် ရကြသည်။ နောက်ဆုံး၌ ကျွနိုပ်တို့လည်း စားခွင့်ရ ကြသည်။

"ယေရှု ကလည်း၊ ငါသည် အသက် မုန့် ဖြစ်၏။ သင်တို့ ဘိုးဘေးများသည် တော၌ မန္နကို စားလျက် သေရကြ၏။ ကောင်းကင် မှဆင်းသက်သော မုန့်ကို စားသော သူသည် သေခြင်းနှင့် ကင်းလွတ်၏။ ငါသည် ကောင်းကင် မှဆင်းသက်သော အသက် မုန့် ဖြစ်၏။ ဤမုန့်ကို စားသော သူမည်သည် ကား အစဉ်မပြတ် အသက် ရှင်လိမ့်မည်။ ငါပေးသော မုန့်ကား၊ လောကီသား တို့၏ အသက် အဘို့ အလိုငှါ စွန့်သော ငါ၏ အသား ပေတည်းဟု မိန့်တော်မူ၏။" (ယောဖ:၄၈-၅၁)

ခရစ်တော်၏ ပူဇော်ခြင်းသည် ပဌမ၌ ဘုရားသခင် အတွက် ဖြစ်သည်။ ခရစ်တော်သည် မုန့်အဖြစ် ပူဇော် သောအခါ ဘုရားသခင် ရှေ့တော်၌ မွှေးကြိုင်သော အနံ့ ဖြစ်သည်။ ထိုအရာသည် လောကီသားများအတွက် ဖြစ်သည်။ ခရစ်တော်၏ ပူဇော်ခြင်းကြောင့် သူ့ကို ယုံကြည်သော သူတိုင်း သည၊ ် ဘုရားသခင် ရှေ့၌ မွှေးကြိုင်ပြီ ဖြစ်သည်။ မွှေးကြိုင်ခြင်းသည် လည်း မျက်နှာရခြင်း၊ အသရေရခြင်း ဖြစ်သည်။ ထိုကဲ့သို့ မွှေးကြိုင်သော ယဇ်အဖြစ် ပူဇော်ဘို့ရန် ခရစ်တော်ကို ခမည်းတော် ကစေလွှတ်၍၊ သားတော် ကနာခံသောကြောင့် ကျွနိုပ်တို့သည် ဘုရားသခင်က ပြန်လည် လက်ခံလာနိုင်ခြင်း ဖြစ်သည်။ ခမည်းတော်နှင့် သားတော်၏ ကျေးဇူးတော်ကို ချီးမွမ်းကြပါစို့။

ခရစ်တော် ကထိုကဲ့သို့ ပူဇော်ပြီး သောကြောင့်၊ ဘောဇဉ်ပူဇော်သက္ကာကို ပူဇော်စရာ မလိုတော့ချေ။ ခရစ်တော်၏ ပူဇော်ခြင်း၌ ပြည့်စုံပြီ ဖြစ်သည်။ ခရစ်တော်၏ ဘောဇဉ်ပူဇော်သက္ကာပူဇော်ခြင်း၌၊ ဖာရိရှဲ

တဆေးတည်း ဟူသော ဟန်ဆောင်ခြင်း၊ ဇဒ္ဒုကဲတဆေးတည်း ဟူသော မယုံကြည်ခြင်း၊ ဟေရုဒ်တဆေးတည်း ဟူသော မာန်မာနမရှိ။ ခရစ်တော်သည် တဆေးမဲ့မုန့် ဖြစ်သည်။

**သင်ခန်းစာ (၁၃) မေးခွန်းများ**

၁။ ဘောဇဉ်ပူဇော်သက္ကာပူဇော်ရာတွင် မည်သည့်အရာများ ပူဇော်သနည်း။ ……………………..

၂။ ဘောဇဉ်ပူဇော်သက္ကာသည် ဘုရားသခင် ရှေ့၌ ……………………….ဘို့ရန် ဖြစ်သည်။

၃။ ဘောဇဉ်ပူဇော်သက္ကာအထဲမှအများစုကို မည်သူကရရှိသနည်း။ …………………………

၄။ ဟေရုဒ်တဆေးသည် ………………… ဖြစ်သည်။

၅။ ဖာရိရှဲတဆေးသည် ………………… ဖြစ်သည်။

၆။ ဇဒ္ဒုကဲတဆေးဆိုသည်မှာ …………………………… ဖြစ်သည်။

၇။ ခရစ်တော်သည် မည်သည့်အချိန်၌ ဂျုံစေ့ ဖြစ်သနည်း။ ……………………………

၈။ ခရစ်တော်သည် မည်ကဲ့သို့ နေလှန်းခြင်း ခံခဲ့ရသနည်း။ ……………………………

၉။ ခရစ်တော်သည် မည်သည့်နေရာ၌ အကြိတ်ခံရသနည်း။ …………………………..

၁၀။ ခရစ်တော်သည် မည်ကဲ့သို့ နယ်ခြင်း ခံရသနည်း။ …………………………………..

၁၁။ ခရစ်တော်သည် မည်ကဲ့သို့ ကြော်ခြင်း ခံရသနည်း။ ……………………………….

၁၂။ ခရစ်တော်ကို ပဌမ ဦးဆုံးစားသော သူသည် မည်သူနည်း။ …………………………..

၁၃။ ခရစ်တော်၏ ပူဇော်ခြင်းသည် ပဌမ၌ မည်သူအတွက် ဖြစ်သနည်း။ …………………

၁၄။ ယုံကြည်သူ များသည် ဘုရားသခင် ရှေ့၌ မည်ကဲ့သို့ မွှေးကြိုင်နိုင်သနည်း။ ………………

၁၅။ မွှေးကြိုင်ခြင်း ဆိုသည် မှာ……………………………ခြင်း ဖြစ်သည်။

၁၆။ သင်သည် ဘုရားသခင် ရှေ့၌ မွှေးကြိုင်ပြီလော။ …………………မည်သို့ မွှေးကြိုင်သနည်း။ ……………………..

.

**သင်ခန်းစာ (၁၄)**

# အဦးသီးသောအသီး

"အဦးသီးသော အသီးအနှံကို၊ ထာဝရ ဘုရားအား ဘောဇဉ်ပူဇော်သက္ကာပြုလိုလျှင်၊ စပါးနှံကို အရည်စစ်အောင် မီးနားမှာထား၍၊ စပါးစေ့ကို ပွတ်ယူပြီးမှ၊ ဆီကိုလောင်း၍၊ လောဗန်ကို တင်လျက် ပူဇော်သက္ကာကို ပြုရမည်။ ဘောဇဉ်ပူဇော်သက္ကာ ဖြစ်သတည်း။ ပွတ်ယူသော စပါးစေ့အချို့ ဆီအချို့ လောဗန်ရှိသမျှ တည်း ဟူသော ထိုဘောဇဉ်ပူဇော်သက္ကာအတွက် အတာကို၊ ယဇ်ပုရောဟိတ် သည် မီးရှို့ရမည်။ ထာဝရ ဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာ ဖြစ်သတည်း။" (ဝတ်၂:၁၄-၁၆)

"သင်၏ မြေ၌ အဦးသီးသော အသီးအနှံ အကောင်းဆုံးကို၊ သင်၏ ဘုရားသခင် ထာဝရ ဘုရား၏ အိမ်တော် ထဲသို့ ဆောင်သွင်းရမည်။" (ထွက်၂၃:၁၉)

"သင်တို့သည် ငါပေးသော ပြည်သို့ ရောက်၍ စပါးကို ရိတ် သောအခါ၊ အဦးရိတ်သော ကောက်လှိုင်းတစည်းကို၊ ယဇ်ပုရောဟိတ် ထံသို့ ဆောင်ခဲ့ရမည်။ သင်တို့သည် စိတ်တော်နှင့် တွေ့ခြင်းငှါ၊ ယဇ်ပုရောဟိတ် သည် ဥပုသ်နေ့လွန်မှ၊ နက်ဖြန်နေ့တွင် ထိုကောက်လှိုင်းကို ထာဝရ ဘုရားရှေ့တော်၌ ချီလွှဲရမည်။ ကောက်လှိုင်းကို ချီလွှဲသော နေ့၌ အခါမလည် အပြစ် မပါသော သိုးသငယ် အထီးကို ထာဝရ ဘုရားအဘို့ မီး မီးရှို့ရာယဇ်ပြု၍ ပူဇော်ရမည်။" (ဝတ်၂၃:၁၀-၁၂)

ဣသရေလူများသည် နှစ်စဉ်နှစ်တိုင်း၊ အဦးသီးသော အသီးကို ဘုရားသခင် မှာထား တော်မူသည် အတိုင်း ပူဇော်တတ် ကြသည်။ အဦးသီးသော အသီးပူဇော်ရာတွင် စပါးနှံကို မီးနှင့် ချောက်အောင် ကင်၍ ပွတ်ယူပြီးမှဆီလောင်း၍ လောဗန်နှင့် ပူဇော်ရသည်။ သူတို့ ပူဇော်သော အဦးသီးသော အသီးကို အဘယ်ကြောင့် ဘုရားသခင်က ပူဇော်ခိုင်းသည်။ကို သူတို့ မသိကြ။ သူတို့ ပူဇော်သော အရာသည် အရိပ် ဖြစ်သည်။ သို့ဖြစ်လျှင် အကောင်အထည်သည် အဘယ်အရာနည်း။ အဦးသီးသော အသီးသည် လည်းခရစ်တော်၌ ပြည့်စုံခဲ့ပြီ။ မည်ကဲ့သို့ ပြည့်စုံသနည်း။

**ခရစ်တော်၌ ပြည့်စုံခဲ့ပြီ**

"ယေရှုသည် ကြီးသော အသံနှင့် တဖန် ကြွေးကြော်ပြီးလျှင် အသက်တော်ကို လွှတ် တော်မူ၏။ ထိုအခါ ဗိမာန်တော်၏ ကုလားကာသည် အထက် စွန်းမှအောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီး လှုပ်လေ၏။ ကျောက်များ တို့သည် ကွဲပြား ကြ၏။ သင်္ချိုင်းတွင်း တို့သည် ပွင့်လစ်သဖြင့်

ကျိန်းစက်လျက် ရှိသော သန့်ရှင်း သူတို့၏ အလောင်းများစွာ တို့သည် ထကြ၍၊ ကိုယ်တော် ထမြောက် တော်မူသည်။ နောက်၊ ထိုသူတို့သည် သင်္ချိုင်းတွင်း မှ ထွက်၍ သန့်ရှင်းသော မြို့ထဲသို့ ဝင်ပြီး လျှင်၊ လူများစွာ တို့အား ထင်ရှားကြ၏။" (မ၂၇:၅၀-၅၃)။ အထက်ပါ ကျမ်းပိုဒ်များ အရ ခရစ်တော်သည် သေသော သူတို့တွင် အဦးဆုံးထသောသူ ဖြစ်သည်။ ခရစ်တော် အရင်ထမြောက်သော သူများရှိကြသော်လည်း၊ ပုပ်ပျက်တတ်သောကိုယ်ခန္ဓာနှင့် ထမြောက် ကြခြင်း ဖြစ်သည်။

ဘုန်းရှိသောကိုယ်ခန္ဓာ သို့မဟုတ် ဝိဉာဏ်ကိုယ်ခန္ဓာနှင့် ထမြောက်သော သူတို့တွင် ခရစ်တော်သည် ပဌမ ဦးဆုံးထမြောက် သောသူ ဖြစ်သည်။ သူသေ သောအခါ ရှေး သန့်ရှင်း သူများ သင်္ချိုင်းတွင်း မှထကြသော်လည်းကိုယ်တော် ထမြောက် တော်မူ ပြီးမှသာသင်္ချိုင်းတွင်း မှ ထွက် ကြသည်။ ထို့ကြောင့် ရှင်ပေါလုက၊ " ခရစ်တော်သည် သေခြင်း မှထမြောက် တော်မူ၍၊ အိပ်ပျော်သော သူတို့ တွင်၊ အဦးသီးသော အသီး ဖြစ်တော်မူ ပြီ။" (၁ကော၁၅:၂၀) ဟုဆိုသည်။

အဦးသီးသော အသီးတည်း ဟူသော၊ ခရစ်တော်သည် ထမြောက် တော်မူပြီး နောက်၊ နောက်တဖန် အဦးသီးသော အသီးကို ပူဇော်စရာ မလိုတော့ချေ။ သို့သော် ဣသရေလ လူများ အနေနှင့် ခရစ်တော်၌ ထိုသို့ ပြည့်စုံခြင်းကို မသိကြ သောအခါ၊ အဦးသီးသော အသီးကို ပူဇော် နေကြဦးမှာ ဖြစ်သည်။ ခရစ်ယာန်များ အနေနှင့် လည်း၊ ထိုသမ္မာတရားကို မသိကြ သောအခါ၊ တောရွာများ၌ မိမိတို့ တောင်ယာနှင့် လယ်မှ ထွက်သော အဦးသီးသော အသီးအနှံများကို ဘုရား ကျောင်း၌ လှူခြင်း အားဖြင့် ကျေနပ်အားရနေကြမှာ ဖြစ်သည်။ အဦးသီးသော အသီးအနှံများ ပူဇော်ခြင်းသည် ကောင်းပါသည်။ ထိုသို့ ပူဇော်ခြင်းသည် ကျေးဇူးတော် ချီးမွမ်းခြင်း ဖြစ်သည်။ ဘုရားသခင် ခိုင်းသော အဦးသီးသော အသီးပူဇော်ခြင်းသည် သခင်ယေရှု၌ ပြီး ပြည့်စုံပြီ ဖြစ်သည်။

အဘယ်ကြောင့် ခရစ်တော်၏ ရှင်ပြန်ထမြောက် ခြင်းကို အဦးသီးသော အသီးဟု ခေါ်သနည်း။ အကြောင်းမှာ မျိုးစေ့စိုက် သောအခါ၊ မြေကြီး အထဲမှအပင်ထွက်လာ၍ အသီးသီးရာတွင် ပဌမ ဦးဆုံးသော အသီးသည် အဦးသီးသော အသီး ဖြစ်သည်။ ထို့နည်းတူ ခရစ်တော်လည်း မျိုးစေ့စိုက် သကဲ့သို့ မြေကြီး ထဲမြှုပ်နှံခြင်း ခံရ၍၊ သေသော သူတို့တွင် မပုပ်ပျက်နိုင်သောကိုယ်ခန္ဓာဖြင့် ပဌမ ဦးဆုံးထမြောက် သောသူ ဖြစ်သည်။ ထို့ကြောင့် သူကို အဦးသီးသော အသီးဟု ခေါ်သည်။

**သင်ခန်းစာ (၁၄) မေးခွန်းများ**

၁။ အဦးသီးသော အသီးကို မည်သူကပူဇော်ခိုင်းသနည်း။ ……………………

၂။ အဦးသီးသော အသီးကို ပူဇော်ရာတွင် မည်သည့်အရာများ မီးရှို့ပူဇော်ရသနည်း။ …………………..

၃။ အဦးသီးသော အသီးပူဇော်ခြင်းသည် အရိပ် ဖြစ်၍ မည်သူ၌ ပြည့်စုံခဲ့သနည်း။ ………………………..

၄။ အဦးသီးသော အသီးပူဇော်ခြင်းသည် ခရစ်တော် ……………………………ခြင်း၌ ပြည့်စုံခဲ့ပြီ။

၅။ အဦးသီးသော အသီးပူဇော်စရာ လိုသေးသလော။ ………………………..

၆။ ခရစ်ယာန် များ၏ အဦးသီးသော အသီးပူဇော်ခြင်းသည် အဘယ်အရာအတွက် ဖြစ်သနည်း။ ……………………..

၇။ အဘယ်ကြောင့် ခရစ်တော်၏ ထမြောက် ခြင်းကို အဦးသီးသော အသီးဟု ခေါ်သနည်း။ ………………

.

**သင်ခန်းစာ (၁၅)**

# မိဿဟာရယဇ် (Peace or Fellowship Offering)

"နွားကို မိဿဟာယယဇ်ပြုလိုလျှင်၊ အပြစ် မပါသော အထီးအမတကောင်ကောင်ကို၊ ထာဝရ ဘုရားရှေ့တော်၌ ဆက်ရမည်။ ပူဇော်သော နွား၏ ခေါင်းပေါ်မှာ မိမိ လက်ကို တင်၍၊ ပရိသတ်စည်ဝေးရာတဲတော် တံခါးနားမှာသတ်ပြီး လျှင်၊ အာရုန်၏သား ယဇ်ပုရောဟိတ် တို့သည်၊ အသွေးကို ယဇ်ပလ္လင် အပေါ်၌ ပတ်လည်ဖြန်းရမည်။ အအူကို ဖုံးသော ဆီဥ၊ အအူနှင့် ဆိုင်သမျှသော ဆီဥ၊ ခါးအတွင်း နား၌ ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့် တကွအသည်း ပေါ်၌ ရှိသော အမြှေးတို့ကို၊ မိဿဟာယ ယဇ်ကောင် ထဲကယူ၍ ထာဝရ ဘုရားအား မီးဖြင့် ပြုသော ပူဇော်သက္ကာကို ဆက်ပြီးမှ၊ အာရုန်၏သား တို့သည် ယဇ်ပလ္လင် အပေါ်၌ ရှိသော ထင်းမီးပေါ်မှာ တင်သော ယဇ်ကောင်နှင့်အတူ မီး မီးရှို့ရမည်။ ထာဝရ ဘုရားအား မီးဖြင့် ဆက်ကပ်၍၊ မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း။" (ဝတ်၃:၁-၅)။ မိဿဟာယ ယဇ်ပူဇော် သောအခါ အသွေး၊ ဝမ်းတွင်း ဆီနှင့် ကျောက်ကပ်နှစ်ခုသာ ဘုရားသခင် အတွက် ပေးရသည်။ ကျန်သော အသား များကို ယဇ်ပူဇော်သော သူကစားရသည်။ မိဿဟယယဇ်ပူဇော်ခြင်းသည် နှစ်မျိုးရှိသည်။ ၎င်းတို့ မှာကျေးဇူးတော် ဝန်ခံဘို့ ရာမိဿဟာယယဇ်နှင့် သစ္စာ ပြု၍ ပူဇော်သော မိဿဟာယ ယဇ်တို့ ဖြစ်သည်။ ထိုယဇ်နှစ်မျိုး၏ ခြားနားချက်မှာ၊ ကျေးဇူးတော် ဝန်ခံဘို့ ရာပူဇော်သော မိဿဟာယ ယဇ်အသားကို၊ ပူဇော်သော နေ့ခြင်းတွင် စားရမည်။ နံနက်တိုင်အောင် မကြွင်းစေရ (ဝတ်ရ:၁၅)။ သစ္စာ ပြု၍ ယဇ်ပူဇော်သည် ဖြစ်စေ၊ ကိုယ်အလိုအလျောက်ပူဇော်သည် ဖြစ်စေ၊ ပူဇော်သော နေ့ခြင်း တွင်၊ ယဇ်အသားကို စား၍ အကြွင်းကိုလည်း နက်ဖြန်နေ့စားရမည်။" (ဝတ်ရ:၁၆) ဤ္ကသရေလ လူများသည် မိဿဟာယ ယဇ်ကို ပူဇော်တတ် ကြသည်။ သူတို့ ပူဇော်သော ယဇ်သည် လူနှင့် ဘုရားရန်သူ ဖြစ်ကြောင့် မိဿဟာယပြုဘို့ လိုကြောင်းကို ဖေါ် ပြသည်။ သူတို့ ပူဇော်သော ယဇ်သည် အရိပ် ဖြစ်သည်။

## ရန်သူဖြစ်

လူသည် ဘုရား၏ ရန်သူ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်နှင့် ပတ်သက်၍ အဘယ်အရာကို မျှမကြားချင်၊ ဘုရား တရားပြောလာလျှင် အိပ်ငိုက် ကြသည်။ ထွက်ပြေးချင် ကြသည်။ လူသည် ဘုရား၏ ရန်သူ ဖြစ်သောကြောင့် ဘုရား၏ အကြောင်း ကိုလည်း စိတ်မဝင်စား၊ သိလည်း မသိ။ မည်မျှပင် ကြားသော်လည်း နားမလည် နိုင်၊ ပြန် မပြောနိုင်။ ဘုရားသခင် နေသော ကောင်းကင်

နိုင်ငံသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဒုက္ခ ဆင်းရဲခြင်း၊ ပြဿနာများမရှိဟု သိရသော်လည်း ကောင်းကင် နိုင်ငံကို စွဲလန်းခြင်း မရှိ။ သွားချင် စိတ်မရှိကြ။ ဘုရားသခင်က စာတန် ပိုင်သော ဤလောကကို မချစ်ဘို့ ပြောနေသော်လည်း၊ လောကနှင့်လောက အရာကို သာလျှင် စွဲလန်း ကြသည်။ ဘုရားသခင်နှင့် ရန် ဖြစ်နေမှန်းလည်း မသိ၊ သိလျှင်လည်း ပူပန်သော စိတ်မရှိ။ ဘုရားကိုးကွယ်လျှင်လည်း ဘုရား ကျေနပ် ဘို့ထက် မိမိ ကျေနပ်ဘို့ ပို၍ အရေးကြီးသည်။ ထို့ကြောင့် ဘုရားသခင်ကို အပေါ်ယံကိုးကွယ်၍ စိတ်နှလုံးမူကား လောက အရာသာလျှင် စွဲလန်းသည်။ ထိုအရာကို သခင်ယေရှု ကဤသို့ ပြောခဲ့သည်။ "လျှို့ဝှက်သော သူတို့၊ ဟေရှာယသည် သင်တို့ကို ရည်မှတ်လျက် ဤလူမျိုးသည် နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍ နှုတ်ခမ်းနှင့် ငါ့ကို ရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့် ဝေးလှ၏။ လူတို့ စီရင်သော ပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသပေးလျက် ပင်ငါ့ကို အချည်းနှီးကိုးကွယ်ကြ၏၊ ဟု နောက် ဖြစ်လတံ့သော အရာကို လျောက်ပတ်စွာ ဟောခဲ့ပြီဟု ပြန်၍ မိန့်တော်မူ၏။" (မ၁၅:၇-၉)

## မည်ကဲ့သို့ ရန်သူဖြစ်

လူသည် မည်ကဲ့သို့ ဘုရား၏ရန်သူ ဖြစ်လာသနည်း။ လူသား များ၏ဘခင် အာဒံကို ဘုရားသခင်က သူ၏ မိတ်ဆွေ သူ၏သား အနေဖြင့် ဖန်ဆင်းခဲ့သည်။ ကျမ်းစာ၌ "အာဒံအဘ ဘုရားသခင် ပေတည်း၊ "ဟုဆိုသည်။ (လု၃:၃၈)။ သို့သော်အာဒံသည် ဘုရား၏ ရန်သူ စာတန်ကို ထောက်ခံ၍၊ သူ၏ စကားကို နားထောင် သောကြောင့် ဘုရား၏ ရန်သူ ဖြစ်လာသည်။ အာဒံမှဆင်းသက်လာသော လူသား တိုင်းလည်း၊ ဘုရား၏ ရန် သူများ အဖြစ် မွေးဘွားလာ ကြသည်။ ထို့ကြောင့် ဘုရား၏ အလေ့အလာကို နားမလည် ကြ၊ စိတ်လည်း မဝင်စားကြ။

## ဘုရားဖက်မှ ရန်ငြိမ်း

သို့သော် ဘုရားသခင်သည် လူကို တဖက်သပ်မေတ္တာနှင့် ချစ်သောကြောင့်၊ ရန်ငြိမ်း၍ မိဿဟာယဖွဲ့ဘို့ စီစဉ်သည်။ သို့သော်ထိုအရာကို လူသားများသိမှာ မဟုတ်သောကြောင့်၊ အရိပ်နေဖြင့် ဣသရေလ လူများကို ကြိုတင် သင်တန်းပေး၍၊ မိဿဟာယယဇ်ကို ပူဇော် စေခဲ့သည်။ သို့သော်ဘုရား သင်၏အချိန် စေ့သောအခါ၊ သူ့သားတော် ယေရှုခရစ်ကို ဤလောကသို့ စေလွှတ်၍ လူနှင့် ဘုရားရန်ငြိမ်းစေဘို့ရန် သူ့ကိုယ်သူ မိဿဟာယ ယဇ်ကို ပူဇော် စေခဲ့သည်။ ထိုသို့ ခရစ်တော် ပူဇော်ခြင်းကြောင့် လူနှင့် ဘုရားသခင်သည် ရန်ငြိမ်း၍ မိဿဟာယ ဖွဲ့ခွင့်ရကြပြီ ဖြစ်သည်။ ကျမ်းစာ၌ ဤသို့ တွေ့ရသည်။ "ရန်သူ ဖြစ်လျက် ပင် ဘုရားသခင်၏ သားတော် အသေခံ တော်မူခြင်း အားဖြင့်

ငါတို့သည် ဘုရားနှင့် မိဿဟာယဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်။ မှန်လျှင်၊ မိဿဟာယဖွဲ့ပြီးမှ အသက်တော် အားဖြင့် ကယ်တင် တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာ ရှိ၏။” (ရော၅:၁၀)။ ” ဘုရားသခင်သည် ယေရှုခရစ် အားဖြင့် ငါတို့၏ ရန်ကို ငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေ တော်မူ၏။ ထိုမိဿဟာယ တရားကို ဟောရသော အခွင့်အရာကို ငါတို့၌ အပ်ပေး တော်မူ၏။ ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော် အထဲ၌ ရှိနေလျက်၊ လောကီသား တို့၏ အပြစ်များကို မှတ်တော် မမူ၊ ရန်ကို ငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေ တော်မူ၏။ ထိုမိဿဟာယတရားကိုလည်း ငါတို့၌ အပ်ပေး တော်မူ၏။ ထို့ကြောင့် ငါတို့သည် ခရစ်တော်၏ သံတမန် ဖြစ်ကြ၏။ သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့ အားဖြင့် နှိုးဆော်သွေးဆောင် တော်မူ သကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ ကိုယ်စား ဖြစ်၍ သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏။” (၂ကော၅:၁၈-၂၀)

**ဣသရေလ လူများ**

ဣသရေလ လူများ၏ မိဿဟာယယဇ်ပူဇော်ခြင်းသည် သခင်ယေရှု ပူဇော်ခြင်း အားဖြင့် ပြည့်စုံပြီ ဖြစ်သည်။ သို့သော်လည်း သူတို့သည် မသိသောကြောင့်၊ အရိပ်ကို ဆက်လက်၍ လုပ်ချင် ကြသေးသည်။ ခရစ်တော် ပူဇော်ပြီး နောက်နှစ်ပေါင်းလေးဆယ်မလိုအပ်ဘဲ ဆက်လက် ပူဇော်သောကြောင့် အေဒီရ၀တွင် သူတို့ ပူဇော်သော နေရာဗိမာန်တော်ကို ရောမစစ်သားများအား ဖျက်စီးခွင့်ပေးလိုက်သည်။ ထို့ကြောင့် သူတို့သည် ဘုံပျောက်သွားကာ မိဿဟာယယဇ်မပူဇော်နိုင်ဘဲ ယနေ့ တိုင်အောင် ရှိကြသည်။

**ခရစ်ယာန်များ**

ခရစ်ယာန် ထဲ၌လည်း ထိုမိဿဟာယယဇ်ပူဇော်ခြင်း၏ အဓိပ္ပါယ်နှင့် ဘုရား သင်၏ ရည်ရွယ်ချက်ကို မသိသော သူများစွာ ရှိကြသည်။ အဘယ်ကြောင့် မသိကြသနည်းဟူမူကား၊ အကြောင်းရင်းများစွာ ရှိသည်။ ဘုရားသခင်၏ အလိုတော်ကို စိတ်မ၀င်စား၊ ဂရုမစိုက်သောကြောင့်ရင်း ပြောမည့်သူ မရှိသောကြောင့်ရင်း မိဿဟာယ ပူဇော်ခြင်းသည် ဣသရေလ လူများ၏ ထုံးစံ ဖြစ်၍ ငါတို့နှင့် မဆိုင်ဟု ထင်သောကြောင့်ရင်း ဖြစ်သည်။ သို့သော် ခရစ်တော်၏ မိဿဟာယ ယဇ်ပူဇော်ခြင်းသည် လူတိုင်း အတွက် ဖြစ်သည်။ ဘုရားနှင့် ရန်ငြိမ်းခြင်းသည် ခရစ်တော်၏ ပူဇော်ခြင်း အားဖြင့် သာလျှင် ဖြစ်နိုင်သည်။ ထိုသမ္မာတရားကို သိခြင်း အားဖြင့် လူသည် ဘုရားနှင့် ရန်ငြိမ်း၍ ငြိမ်သက်ခြင်း အမှန်ကို ရရှိနိုင်ပြီ ဖြစ်သည်။

**လူလူချင်းမိဿဟာယ**

"သင်တို့သည် အထက် ကဝေးလျက် ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ်၌ ဖြစ်၍ အသွေးတော် အားဖြင့် အနီးသို့ ရောက်ကြပြီ။ အဘယ်သို့ နည်းဟူမူကား၊ ထိုသခင်သည် ငါတို့၏ ရန်ငြိမ်းခြင်း အကြောင်း ဖြစ်တော်မူ၏။ ဝိနည်းအထုံးအဖွဲ့နှင့် စပ်ဆိုင်သော ပညတ်တရားတည်း ဟူသော ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းကို ကိုယ်ခန္ဓာတော်တွင် ပယ်ရှင်း တော်မူ သဖြင့်၊ ပိုင်းခြားလျက် ရှိသော စပ်ကြားအုတ်တန်တိုင်း နံရံကို ဖြိုဖျက်၍ လူမျိုးနှစ်စုတို့ကို တစုတည်း ဖြစ်စေ တော်မူ၏။ အကြောင်းမူကား၊ ရန်ကို ငြိမ်းစေပြီး လျှင်၊ ကိုယ်တော်၌ ထိုလူနှစ်စုတို့ကို လူသစ်တဦးတကိုယ်တည်း ဖြစ်စေခြင်းငှါ ပြင်ဆင်၍၊ တလုံးတဝတည်း ဖြစ်ပြီးသော ထိုလူနှစ်စုတို့ကို လက်ဝါးကပ်တိုင်တော် အားဖြင့် ရန်ကို သတ်ဖြတ်လျက်၊ ဘုရားသခင်နှင့် မိဿဟာယ ဖွဲ့စေမည်အကြောင်း တည်း။ ထိုခရစ်တော်သည်။လည်း ကြွလာ၍၊ ဝေးလျက် ရှိသော သင်တို့ အားရင်းနီးလျက် ရှိသော ငါတို့ အားရင်းရန်ငြိမ်းခြင်း တရားတည်း ဟူသော ဧဝံဂေလိ တရားကို ဟော တော်မူ၏။ ထိုသို့ ခရစ်တော် အားဖြင့် ငါတို့ နှစ်ဦးသည် စိတ် ဝိညာဉ် တလုံးတဝတည်း ဖြစ်၍၊ ခမည်းတော် ထံသို့ တိုးဝင်ရမည့် အခွင့်ကို ရကြပြီ။" (၂:၁၃-၁၈)

အထက်ပါ ကျမ်းပိုဒ်အရ ခရစ်တော်၏ ပူဇော်ခြင်းသည် ဘုရားနှင့် လူစပ်ကြားရန်ငြိမ်းခြင်း သာမကလူလူချင်း အကြား၌ လည်းရန်ငြိမ်းခြင်း ဖြစ်စေသည်။ လူသည် ဘုရားနှင့် ရန်ဖြစ်သည် သာမကအခြားလူများ နှင့်လည်းရန် ဖြစ်နေကြသည်။ လူမျိုးမတူသောကြောင့်ဓလေ့အကျင့်ဓလေ့များ မတူသောကြောင့်၎င်း ရန်ဖြစ်နေကြသည်။ ယုဒလူများ ကတပါးအမျိုးသား များကို အပြစ်သား ဆိုကာမပေါင်းဖော်ချင် ကြ။ တပါးအမျိုးသားများကလည်း ယုဒလူများကို မပေါင်းဖော်ချင် ကြ။ သို့သော်သခင်ယေရှု အသေခံခြင်း အားဖြင့် ရန်ကို ငြိမ်းစေ၍ မိဿဟာယဖွဲ့နိုင်ကြပြီ။ ထို့ကြောင့် ရှင်ပေါလုက၊ " ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျာ်းမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့ အပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။" (ဂလာ၃:၂၈) ဟုဆိုခဲ့သည်။ သို့သော်ဝမ်းနည်းဘွယ်အရာအဖြစ် အပျက်မှာ၊ ယခုနောက်ဆုံးသော ကာလ၌ ခရစ်တော် ကလူမျိုးများ ကြားပိုင်းခြားလျက် ရှိသော စပ်ကြားအုတ်တန်တိုင်း နံရံကို၊ လက်ဝါးကပ်တိုင်၌ အသေခံခြင်း ဖြင့် ဖြိုဖျက်၍ လူမျိုးနှစ်စုကို တစုတည်း ဖြစ်စေ တော်မူ ချိန်တွင်၊ လူမျိုးများ အကြား အုတ်တန်တိုင်း နံရံများကို တည်ဆောက် နေကြသည်။ လူမျိုးတိုင်းက ဘုရားသခင် ဖြစ်စေလိုသော ဆန္ဒထက် မိမိတို့ ဆန္ဒကို ဦးစားပေး ကြသည်။ လူမျိုးရေးအသင်းတော် များကို တည်ထောင်ခြင်း အားဖြင့် ခရစ်တော် ဖြိုဖျက်သော အုတ်တန်တိုင်း နံရံများကို တည်ဆောက် ကြသည်။ မဟုတ်လော။ လူမျိုးရေး အသင်းတော်များတည်ဆောက်နေလျှင် အဘယ်ကဲ့သို့ လူမျိုးခြားများကို ပေါင်းဖော် နိုင်မည်နည်း။

မည်ကဲ့သို့ ကယ်တင်ခြင်း အကြောင်း ပြောပြနိုင်မည်နည်း။ မည်ကဲ့သို့ ဘုရားသခင်၏ မေတ္တာတော်ကို ဖေါ်ပြနိုင်မည်နည်း။ ထိုသမ္မာတရားကို သိ၍ လက်ခံယုံကြည်သော သူတိုင်း လူမျိုးခွဲခြားခြင်း၊ အဆင့်ခွဲခြင်း၊ ရန် ဖြစ်ခြင်းများမ ရှိသင့်တော့ချေ။ လူတိုင်းနှင့် သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံလာနိုင်မှာ ဖြစ်သည်။ ထိုသို့မဟုတ်၊ လူမျိုးရေးကို ရှေ့တန်းတင်နေလျှင် ဘုရားသခင်၏ ရည်ရွယ်ချက်သည် ကျွန်ုပ်တို့ အားဖြင့် မပြည့်စုံ၊ ခရစ်တော် အသေခံခြင်း သည် အကျိုးမနပ်၊ အချည်းနှီးသာလျှင် ဖြစ်စေသည်။ မည်မျှပင် ကျေနပ်အားရသော်လည်း၊ ကိုယ့်လူမျိုးများ လာ၍ တောင့်တင်းလာသော်လည်း ဘုရားသခင်၏ ကောင်းကြီး ပေးခြင်း မခံနိုင်ချေ။ ထို့ကြောင့် ဘုရားသခင်၏ ရည်ရွယ်ချက်၊ သခင် ခရစ်တော်၏ အသေခံခြင်း အကျိုးနပ်စေရန်လူမျိုးအလိုက်အသင်းတော်များမတည်ဆောက်ဘဲ လူမျိုးတိုင်း ပါဝင်နိုင်သော အသင်းတော်များတည်ဆောက်ကြစို့။

**သင်ခန်းစာ (၁၅) မေးခွန်းများ**

၁။ မိဿဟာယယဇ်သည် ဘယ်နှစ်မျိုးခွဲထားသနည်း။ ……………………ထိုအရာများမှာ၊ ………………..နှင့် ………………………..တို့ ဖြစ်သည်။
၂။ မိဿဟာယယဇ်ပူဇော်ရာတွင် ဘုရားသခင် ထံမည့်သည် အရာများ မီးရှို့ရသနည်း။ ……….
၃။ ကျန်သော အသား များကို မည်သူကစားရသနည်း။ ……………………………….
၄။ လူသည် ဘုရား၏ ရန်သူ ဖြစ်ကြောင်း အောက်ပါအချက်များ အားဖြင့် ထင်ရှားသည်။ ……………
၅။ လူသည် ဘုရားသခင်က ……………………………….နှင့် ချဉ်းကပ်၍ နှုတ်ခမ်းနှင့် ……………………………….ကြ၏။ စိတ်နှလုံးမူကား ဘုရားနှင့် …………………….၏။
၆။ လူသည် မည်ကဲ့သို့ ဘုရား၏ ရန်သူ ဖြစ်ရသနည်း။ ……………………………
၇။ ဣသရေလ လူများသည် မိဿဟာယယဇ်ပူဇော်ခြင်း၏ ရည်ရွယ်ချက်ကို နားလည်ကြပါသလား။ ……………………အဘယ်ကြောင့် မိဿဟာယယဇ်မပူဇော်ကြတော့သနည်း။ ……………………………….
၈။ အဘယ်ကြောင့် ခရစ်ယာန်များမိဿဟာယယဇ်အကြောင်း နားမလည် ကြသနည်း။ …….
၉။ မိဿဟာယယဇ်ပူဇော်ခြင်းသည် မည်သို့ပြည့်စုံသနည်း။ ………………………..
၁၀။ မိဿဟာယယဇ်ပူဇော်ခြင်းသည် ဘုရားနှင့် လူအကြားရန်ငြိမ်းစေသည် သာမက……………… ကြားလည်းရန်ငြိမ်းစေသည်။
၁၁။ လူမျိုးရေးအသင်းတော် များသည် ရှိသင့်သလော။ …………………………..
၁၂။ မည်သည့်အသင်းတော်များတည်ထောင်သင့်သနည်း။ ……………………………………

.

**သင်ခန်းစာ (၁၆)**

# အပြစ် ဖြေရာယဇ်ပူဇော်ခြင်း Sin Offering

ဘုရားသခင်က မောရှေအားဖြင့်၊ အပြစ် ဖြေရာယဇ်ပူဇော်နည်းကို၊ ဣသရေလ လူများအား သင်ပေးခဲ့သည်။ အပြစ် ကျူးလွန် သောအခါ နောင်တ ရရုံနှင့် မရပါ။ ဆုတောင်း၍ လည်း အပြစ်သား၏ ဆုတောင်းခြင်းကို ဘုရားသခင်က နားမထောင် (ဟေရှာ၅၉း၂)။ အပြစ်၏ အခသည် သေခြင်းဖြစ်သည်။ ထို့ကြောင့် အပြစ်ကို အသက်နှင့် လျော်ရသည်။ ဆပ်ရသည်။ ထိုအရာကို နားလည်နိုင်ရန် အောက်ပါကျမ်းပိုဒ်ကို ကြည့်ကြစို့။ "တဖန် မောရှေအား ထာဝရ ဘုရားက၊ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆိုရမည်မှာ၊ တရားကို မသိ၊ ထာဝရ ဘုရား၏ ပညတ်တော်ကို လွန်ကျူးပြစ်မှား၍၊ မပြုအပ်သော အမှုကို ပြုမိသည်။ အရာတွင်၊ ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် လူများကို အပြစ် ထဲသို့ သွေးဆောင်၍ ကိုယ်တိုင် ပြစ်မှားလျှင်၊ ထိုအပြစ် အတွက် အပြစ်ဖြေရာဘို့ အပြစ် မပါ၊ အသက် ပျိုသော နွားထီးကို၊ ပရိသတ်စည်းဝေးရာတဲတော် တံခါးနားထာဝရ ဘုရားရှေ့တော်သို့ ဆောင်ခဲ့၍၊ ထာဝရ ဘုရားအား ဆက်ရမည်။ ထိုအခါ နွား၏ ခေါင်းပေါ်မှာ မိမိလက်ကို တင်၍၊ ထာဝရ ဘုရားရှေ့တော်၌ နွားကို သတ်ရမည်။ ဘိသိက်ခံသော ယဇ်ပုရောဟိတ် သည် နွား၏ အသွေးကို ယူ၍၊ ပရိသတ်စည်းဝေးရာတဲတော်သို့ ဆောင်ခဲ့ပြီး လျှင်၊ မိမိ လက်ညှိုးကို အသွေး၌ နှစ်၍ သန့်ရှင်းရာ ဌာနတော် ကုလားကာရှေ့ ထာဝရ ဘုရားရှေ့တော်၌ ခုနစ်ကြိမ်ဖြန်းရမည်။ တဖန် ယဇ်ပုရောဟိတ် သည် ပရိသတ်စည်းဝေးရာတဲတော် အတွင်း၊ ထာဝရ ဘုရားရှေ့တော် မှာရှိသော နံ့သာပေါင်းမွှေးကို မီးရှို့ရာပလ္လင်ဦးချိုတို့၌ နွားအသွေးကို ထည့်၍၊ ကြွင်းသော အသွေးကို၊ ပရိသတ်စည်းဝေးရာတဲတော် တံခါးရှေ့၌ ရှိသော၊ မီးရှို့ရာယဇ်ပလ္လင် ခြေရင်းနားမှာ သွန်ရမည်။ မိဿဟာယ ယဇ်ပြုသော နွား၏ ဆီဥကို ယူ သကဲ့သို့၊ အပြစ် ဖြေရာယဇ်ပြုသော နွားအအူကို ဖုံးသော ဆီဥ၊ အအူနှင့် ဆိုင်သမျှသော ဆီဥ၊ ခါးအတွင်း နား၌ ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့် တကွအသည်း ပေါ်၌ ရှိသော အမြှေးတည်း ဟူသော နွားဆီဥရှိသမျှကို ယူ၍၊ မီးရှို့ရာယဇ်ပလ္လင်ပေါ်မှာ ရှို့ရမည်။ နွား၏ ခေါင်း၊ ခြေထောက်၊ အအူ၊ ချေးနှင့် တကွအရေ၊ အသား၊ ရှိသမျှ တည်း ဟူသော၊ နွားတကောင်လုံးကို တပ်ပြင်မှာ ပြာသွန်ထားရာ ရှင်းလင်းသော အရပ်သို့ ယူသွား၍ ထင်း အပေါ်၌ မီးရှို့ရမည်။ ပြာသွန်၍ ထားရာအရပ်၌ မီးရှို့ရမည်။" (ဝတ်ပြု၄း၁-၁၁)။ ဤနေရာ၌ အပြစ် ကျူးလွန်သော သူသည် ဘိသိက်ခံသော ယဇ်ပုရောဟိတ် ဖြစ်သည်။

ယဇ်ပုရောဟိတ် သည် ဘုရားသခင်၏ လူ၊ ဘုရားသခင်၏ အမှု ဆောင် ဖြစ်သည်။ သူကျူးလွန်သော အပြစ်လည်း တမင်သက်သက် မဟုတ်၊ တရားကို မသိ၍ ကျူးလွန် မိခြင်း ဖြစ်သည်။ သို့သော်ထာဝရ ဘုရားက၊ ထိုအပြစ် အတွက် အပြစ် မပေးဘဲ မနေ၊ လူသားများကဲ့သို့ နားလည်မှု အားဖြင့် ခွင့်မလွှတ်။ ကျမ်းစာက၊ " ဘုရားသခင် ထာဝရ ဘုရားသည် လောင်သော မီး၊ အပြစ် ရှိသည်ဟု ယုံလွယ်သော ဘုရား ဖြစ်တော်မူ၏။"ဟုဆိုထားသည်။ (တရားဟော၄:၂၄)။ မီးသည် ယုံကြည်သူ မယုံကြည်သူ အားလုံးလောင်စေသည်။ သိသည် ဖြစ်စေ မသိသည် ဖြစ်စေလောင်တတ်သည်။ ထို့နည်းတူ ဘုရားသခင်သည် သိသည် ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ အပြစ် ကျူးလွန်လျှင် ပြစ်ဒဏ်ခံစေမည်သာ ဖြစ်သည်။ သို့မှသာ တရားသော တရားသူကြီး ဖြစ်ပေမည်။

## ယဇ်ပုရောဟိတ် သေရမည်

ယဇ်ပုရောဟိတ် သည် အပြစ်ကြောင့် သေရမည်သာ ဖြစ်သည်။ သို့သော် ဘုရားသခင်သည် တရားသော ဘုရား ဖြစ်သည် သာမက၊ သနားခြင်း ဂရုဏာရှိသော ဘုရားလည်း ဖြစ်သောကြောင့် ယဇ်ပုရောဟိတ် သေရမည့် အစားနွားကို အသေခံ စေသည်။ နွား၌ အပြစ် မရှိ၊ သို့သော်ယဇ်ပုရောဟိတ် အစားအသေခံ ရမည်။ အပြစ်၏ အခသည် သေခြင်း ဖြစ်သောကြောင့်၊ အသက် ပေးရမည်။ သို့သော်ယဇ်ပုရောဟိတ် ကိုယ်တိုင်အသက် ပေး၍ အသေခံ လျှင်၊ အပြစ် လွှတ်ခြင်းကို ခံစား နိုင်မည် မဟုတ်။ ထို့ကြောင့်ကိုယ်စားအသေခံ မည့်သူ လိုအပ်သည်။ ယဇ်ပုရောဟိတ် ကိုယ်စား ဘုရားသခင်က နွား၏ အသက်ကို တောင်းသည်။

## နွားခေါင်းပေါ်လက်တင်

ယဇ်ပုရောဟိတ် သည် နွား၏ ခေါင်းပေါ်တွင် မိမိ လက်ကို တင်ရသည်။ နွားကို ကောင်းကြီး ပေးသည် မဟုတ်။ ဤနွားသည် ကျွန်ုပ်ကိုယ်စားအသေခံ ရမည်၊ အသက် ပေးရမည်ဟုဆိုလိုခြင်း ဖြစ်သည်။ နွား၏ အသက်သည် ယဇ်ပုရောဟိတ်၏ အသက်ကို ကိုယ်စားပြုမှာ ဖြစ်သည်။

## နွားကိုသတ်

ထိုနွားကို သတ်၍ ဘိသိက်ခံသော ယဇ်ပုရောဟိတ် သည် နွား၏ အသွေးကို ယူ၍၊ ပရိသတ်စည်းဝေးရာတဲတော်သို့ ဆောင်ခဲ့ပြီး လျှင်၊ မိမိ လက်ညှိုးကို အသွေး၌ နှစ်၍ သန့်ရှင်းရာ ဌာနတော် ကုလားကာရှေ့ ထာဝရ ဘုရားရှေ့တော်၌ ခုနစ်ကြိမ်ဖြန်းရမည်။ ကုလားကာအတွင်း ၌ ပဋိညာဉ်သေတ္တာတော် ပေါ်တွင် ထာဝရ ဘုရား ကျိန်းဝပ်သည်။ တဖန် ယဇ်ပုရောဟိတ် သည်

ပရိသတ်စည်းဝေးရာတဲတော်တွင်း၊ ထာဝရ ဘုရားရှေ့တော် မှာရှိသော နံ့သာပေါင်းမွှေးကို မီးရှို့ရာပလ္လင်ဦးချိုတို့၌ နွားအသွေးကို ထည့်ရမည်။ နံ့သာပေါင်းမွှေးကို မီးရှို့ရာယဇ်ပလ္လင်၌ မီးရှို့ခြင်းသည် ဆုတောင်းခြင်းကို ပုံဆောင်သည်။ (ဆာလံ ၁၄၁:၂၊ ဗျာ၅:၈၊ ၈:၃)။ ဦးချိုသည် တိရစ္ဆာန်များ၏ တန်ခိုး ဖြစ်သည်။ ထို့ကြောင့် နံ့သာပေါင်းမွှေး မီးရှို့ရာပလ္လင်ဦးချိုတို့သည်၊ ဆုတောင်းခြင်း၏ တန်ခိုးကို ဖေါ်ပြသည်။ ကြွင်းသော အသွေးကို၊ ပရိသတ်စည်းဝေးရာ တဲတော် တံခါးရှေ့၌ ရှိသော၊ မီးရှို့ရာယဇ်ပလ္လင်ခြေရင်းနားမှာသွန်ရမည်။ မီးရှို့ရာယဇ်ပလ္လင်သည် လက်ဝါးကပ်တိုင်ကို ပုံဆောင်သည်။ ထိုနွား၏ အသွေးကို သုံးနေရာ၌ အသုံးပြုသည်။

## ဆီဥနှင့် ကျောက်ကပ်

အပြစ် ဖြေရာယဇ်ပြုသော နွားအအူကို ဖုံးသော ဆီဥ၊ အအူနှင့် ဆိုင်သမျှသော ဆီဥ၊ ခါးအတွင်း နား၌ ရှိသော ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့် တကွအသည်း ပေါ်၌ ရှိသော အမြှေးတည်း ဟူသော၊ နွားဆီဥရှိသမျှကို ယူ၍၊ မီးရှို့ရာ ယဇ်ပလ္လင်ပေါ်မှာ ရှို့ရမည်။ ဝမ်းတွင်း ဆီမှန်သမျှနှင့် ကျောက်ကပ်နှစ်ခုသည် ဘုရား ဥစ္စာ ဖြစ်၍၊ မည်သည့်ပူဇော်သက္ကာတွင် မဆို မီးရှို့ရာယဇ်လ္လင်တွင် မီးရှို့ရသည်။

## တပ်ပြင်၌ မီးရှို့

နွား၏ ခေါင်း၊ ခြေထောက်၊ အအူ၊ ချေးနှုနှင့် တကွအရေ၊ အသား၊ ရှိသမျှ တည်း ဟူသော၊ နွားတကောင်လုံးကို တပ်ပြင်မှာပြာသွန်ထားရာရှင်းလင်းသော အရပ်သို့ ယူသွား၍၊ ထင်း အပေါ်၌ မီးရှို့ရမည်။ ပြာသွန်၍ ထားရာအရပ်၌ မီးရှို့ရမည်။ ပူဇော်သော သူကနွားသားကို မစားရ။ အားလုံးထာဝရ ဘုရား အတွက် ဖြစ်သည်။ နွားကို မီးရှို့လိုက် သောအခါ ပြာ ဖြစ်သွားသည်။

## အပြစ် ခွင့်လွှတ်

ထိုသို့ နွား၏ အသွေးကို ဖြန်း၍၊ အသား များကို မီးရှို့ကာပြာ ဖြစ်သွားမှသာ၊ ယဇ်ပုရောဟိတ်၏ အပြစ်ကို ဘုရားသခင်က ခွင့်လွှတ်သည်။ ထိုသို့မဟုတ်ဘဲ ယဇ်ပုရောဟိတ် ကကျွန်တော် နောင်တ ရပါပြီ၊ နောက်တဖန် အပြစ် မကျူးလွန် တော့ပါ၊ ကျွန်ုပ်ကို သနား တော်မူပါ၊ ဟု ဆုတောင်းရုံဖြင့် သူ၏ အပြစ်ကို မလွှတ်။ ဘုရားသခင်၏ တရားရုံးတော် မှတရားစီရင်ချက်အရ၊ အပြစ် အတွက် အသက် ပေးမှသူ၏ အပြစ်ကို လွှတ်နိုင်သည်။ သို့သော်ယဇ်ပုယောဟိတ်သည် သူ၏ အသက်ကို မပေးနိုင်။ ပေးလိုက်ပါကအပြစ်သား ဘဝနှင့် သေလွန်သွား၍၊ အပြစ် လွှတ်ခြင်းကို ခံစား နိုင်မည် မဟုတ်။

ထို့ကြောင့် သူ့ကိုယ်စားနွားကအသက် ပေးရသည်။ အဘယ်ကြောင့် နွား၏ အသွေးကို ဖြန်းရသနည်းဟူမူကား၊ ခန္ဓာကိုယ်၏ အသက်သည် အသွေး၌ ရှိသည်။ (ဝတ်ပြု ၁၇း၁၁)။ ဘုရားသခင်က ယဇ်ပုရောဟိတ်၏ အသက်ကို အပြစ် အတွက် တောင်းသည်။ သူ့ကိုယ်စားနွားကအသက်ကို ပေးသည်။ နွားသည် သူ့ကိုယ်စားအသက် ပေးကြောင်းကို အသွေးအားဖြင့် သက်သေပြခြင်း ဖြစ်သည်။ ထိုအသွေးကို မြင် သောအခါ ဘုရားသခင်က ယဇ်ပုရောဟိတ် သည် မိမိ၏ အပြစ် အခအသက်ကို ပေးပြီဟု လက်ခံသည်။ ပြစ်ဒဏ်လျော်ပြီးသော ယဇ်ပုရောဟိတ်ကို၊ ဘုရားသခင်က နောက်ထပ်အပြစ် မပေးနိုင်တော့ချေ။ အပြစ် မရှိတော့သော ယဇ်ပုရောဟိတ် သည် ဘုရားသခင်က၊ ဖြောင့်မတ်သည်ဟု သတ်မှတ်လိုက်သည်။ နွား၏ ပြာသည်။လည်း အပြစ် ဒဏ်လျော်ပြီး ကြောင်းကို သက်သေပြသည်။ နွားသည် ပြာ ဖြစ်သွားသော နောက်၊ နောက်ထပ်မည်သို့ မျှလုပ်စရာ မရှိတော့ချေ။

**ခရစ်တော်၌ ပြည့်စုံ**

လူ၏ အပြစ် အတွက် တိရစ္ဆာန်များ ကအသေခံ ပေးခြင်းသည် အရိပ်မျှသာ ဖြစ်သည်။ အမှန်မှာ တိရစ္ဆာန်များသည် လူကိုကိုယ်စားမပြုနိုင်ချေ။ အကြောင်းမူကား လူ၏ တန်ဘိုးသည် တိရစ္ဆာန်၏ တန်ဘိုးထက် နှိုင်းဆ၍ မရနိုင်အောင် ကြီးမားသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ သားတော်ကို လူ့ဇာတိခံစေလျက်၊ လူကိုယ်ခန္ဓာကို ပေးခဲ့ကာလ ူသား များကိုယ်စားအပြစ် ကျွေးဆပ်ဘို့ ကမ္ဘာမတည်မရှိမှီကတည်း ကစီမံထားခဲ့သည်။ သို့သော် လူသား များက ခရစ်တော်၏ အသေခံခြင်းကို နားလည်မှာ မဟုတ်သောကြောင့်၊ တိရစ္ဆာန်များကို အရိပ်အဖြစ် အသေခံ စေသည်။ ဘုရားသခင်၏အချိန် စေ့သောအခါ၊ သားတော်ကို လူ့ဇာတိခံခိုင်း၍ ဤလောကသို့ စေလွှတ်ခဲ့သည်။ ထို့ကြောင့် သားတော်၏ လူ့ဇာတိခံခြင်းသည် လူသား များ၏ အပြစ် အတွက် အပြစ် ဒဏ်လျော်ပေးဘို့ရန် ဖြစ်သည်။ ကျမ်းစာက၊ " ခရစ်တော်သည် ကျမ်းစာ လာသည် အတိုင်း ငါတို့ အပြစ်ကြောင့် အသေခံ တော်မူ၏။"ဟုဆိုထားသည်။ (၁ကော၁၅း၃)။ တဖန်၊ "ယခုမှာလူလက်ဖြင့် မလုပ်၊ ဤလောက ဓာတ်နှင့် မစပ်ဆိုင်၊ သာ၍ ကြီး မြတ်စုံလင်သော တဲတော်၌၊ နောက်မင်္ဂလာ အကျိုးတို့၏ ယဇ်ပုရောဟိတ် မင်း ဖြစ်သော ခရစ်တော်သည် ငါတို့အဘို့ ထာဝရ ရွေးနှုတ်ခြင်း ကျေးဇူးကို ခံရ၍ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့် မဟုတ်၊ မိမိ အသွေးတော်နှင့် သန့်ရှင်းရာ ဌာနထဲသို့ တခါတည်း ဝင် တော်မူ၏။"ဟုဆိုသည်။ (ဟေ၉း၁၁-၁၂) ဆက်လက်၍ " ယေရှုခရစ်၏ကိုယ်တော်ကို တခါတည်း ပူဇော်သော အားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။" (ဟေ၁၀း၁၀) ဟုဆိုသည်။

## အပြစ် အခသေခြင်း

အပြစ်၏ အခသည် သေခြင်း ဖြစ်သည်ဟု ကျမ်းစာ ထဲ၌ ဤသို့ တွေ့ရသည်။ "အပြစ် တရား၏ အခကား သေခြင်း ပေတည်း။" (ရော၆:၂၃)။ ရော၅:၁၂၌ လည်း၊ "အပြစ် တရားသည် တယောက်သော သူအားဖြင့် ဤလောကသို့ ဝင်၍ အပြစ် တရားကြောင့် သေခြင်း တရားဝင်သည် နှင့် အညီလူ အပေါင်းတို့သည် အပြစ် ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။" (ရော၅:၁၂) ထိုအရာသည် ကမ္ဘာဦးကျမ်းထဲ၌ ဘုရားသခင်က အာဒံနှင့် ဧဝထံပေးသော ပညတ်မှစသည်။ ကျမ်း၌၊ "ထိုအခါ ထာဝရ အရှင် ဘုရားသခင်သည် လူကို ယူ၍ ဒေင်ဥယျာဉ်ကို ပြုစုစောင့်ရှောက်စေခြင်းငှါ ထား တော်မူ၏။ ထာဝရ အရှင် ဘုရားသခင်က လည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏ အသီးကို၊ သင်သည် စားရသော အခွင့်ရှိ၏။ ထိုအပင်၏ အသီးကို ကား မစားရ။ စားသော နေ့တွင် ဧကန်အမှန်သေရမည်၊ ဟု လူကို ပညတ်ထား တော်မူ၏။" (က၂:၁၅-၁၇) အဘယ်ကြောင့် ဘုရားသခင်သည် အပြစ် အတွက် ပြစ်ဒဏ်ကို သေခြင်းဟု သတ်မှတ်သနည်း။ အဘယ်ကြောင့် ထောင်ဒဏ်၊ ကြိမ်ဒဏ်၊ အလုပ်ကြမ်းတို့ မသတ်မှတ်သနည်း။ ဥပမာအားဖြင့် ရှင်းပြရသော်၊ ဖခင်တယောက် ကသူ့သားကို ကား ပေးထားသည်။ ထိုကားသည် ကျောင်းတက် သောအခါ အသုံးပြုဘို့၊ ဘုရား ကျောင်းတက်၊ မိဿဟာယဖွဲ့ သောအခါ အသုံးပြုဘို့ ဖြစ်သည်။ သို့သော်သား ကကျောင်းမတက်၊ ဘုရား ကျောင်းနှင့် မိဿဟာယမသွား၊ သူငယ်ချင်းများနှင့် အပျော်အပါး သွားဘို့ရန် အသုံးပြုနေသောကြောင့်၊ သူ့အဖေကသူပေးထားသော ကားကို ပြန်သိမ်းယူလိုက်သည်။

## အသက် တောင်း

ထိုနည်းတူ ဘုရားသခင်က လူကို အသက် ပေးထားသည်။ ထိုအသက်သည် ဘုရားသခင် အလိုတော် အတိုင်း အသုံးပြုဘို့ ဖြစ်သည်။ သို့သော်လူသည် ဘုရားသခင်၏ အလိုတော် အတိုင်း အသက် မရှင်၊ ကိုယ့်အလိုအတိုင်း သာအသက်တာကို အသုံးပြုအသက် ရှင်နေသည်။ (ဘုရားသခင် အလိုတော် အတိုင်း အသက် မရှင်ခြင်းသည် အပြစ် ဖြစ်သည်။) ထို့ကြောင့် ဘုရားသခင်က သူပေးထားသော အသက်ကို လူထံမှ ပြန်တောင်းသည်။ ဘုရားသခင်က အပြစ် အတွက် အသက်ကို ပြန်တောင်းသည်။ သို့သော်လူက ဘုရားသခင် တောင်းသော အရာအစားအပြစ် အတွက် ဆယ်ဘို့ တဘို့၊ အလှူတော် ငွေ၊ အကျင့်၊ ဆုတောင်းခြင်း၊ ကျမ်းစာ ဖတ်ခြင်း၊ ဘုရား ကျောင်းမှန်မှန် တက်ခြင်း၊ ဆက်ကပ်ခြင်း၊ ဆင်းရဲသား များကို မစခြင်း၊ ကုသိုလ်ကောင်းမှု စသော အရာများကို ပေးဘို့ ကြိုးစားသည်။ ထိုအရာများသည် ဘုရား တောင်းသော အရာများ မဟုတ်ပါ။ အသက် သာလျှင် ဖြစ်သည်။

## အသက် မပေးနိုင်

လူသည် ဘုရား တောင်းသော မိမိ အသက်ကို မပေးနိုင်။ ပေးလိုက်ပါကအပြစ် သား၏ အသက်သည် ငရဲထဲသို့ ရောက်သွားမှာ ဖြစ်သည်။ ဘုရားသခင်သည် လူကို ချစ်သနားသောကြောင့်၊ ထိုသို့ ငရဲထဲသို့ မရောက်စေချင်။ သို့သော်အပြစ် အတွက် တရားမစီရင်ဘဲ မနေနိုင်။ အကယ်၍ လူကို သနားသောကြောင့် တရားမစီရင်ပါကမတရားသော တရားသူကြီး၊ မျက်နှာလိုက်သော တရားသူကြီး၊ ပြောသည့်အတိုင်း မလုပ်သော တရားသူကြီး ဖြစ်မည်။

## ကိုယ်စားပေးမည့်သူ ပြင်ဆင်

ဘုရားသခင်သည် လူကို သနားသောကြောင့်၊ သူ့ကိုယ်စားအသက် ပေးသူကို ပြင်ဆင် ပေးသည်။ ထိုအသက်သည် သူ၏ သားတော် ခရစ်တော် ပင် ဖြစ်သည်။ ခရစ်တော်သည် ခမည်းတော်၏ အလိုတော် အတိုင်း အသက် ပေးခြင်း ဖြင့် လူသား အားလုံးကိုယ်စား၊ အပြစ် ဒဏ်သေခြင်းကို ဆပ်ခဲ့ပြီဖြစ်သည်။ ထိုအရာကို လူသားများအနေဖြင့် ယုံကြည် လက်ခံဘို့ သာလျှင် ဖြစ်သည်။ မိတ်ဆွေ၊ သင်၏ အပြစ် အတွက် ခရစ်တော်က၊ အသက် ပေးပြီ ဖြစ်သောကြောင့်၊ သင်သည် သေစရာ မလိုတော့ချေ။ သေလျှင်လည်း ပြန်လည် ရှင်ပြန်ထမြောက် မှာ ဖြစ်သောကြောင့် အိပ်ပျော်သည်ဟု၊ ကျမ်းစာက ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် အပြစ် ဖြေရာယဇ်ပူဇော်စရာ မလိုတော့ချေ။ ခရစ်တော်၏ ပူဇော်ခြင်း၌ ပြီး ပြည့်စုံပြီ ဖြစ်သည်။

## သင်ခန်းစာ (၁၆) မေးခွန်းများ

၁။ ထာဝရ ဘုရားသည် အပြစ် ကျူးလွန်လျှင် အပြစ် မပေးဘဲ နေသလော။ အဘယ်ကြောင့် နည်း။ ………………

၂။ ထာဝရ ဘုရားသည် ………………………သော တရားသူကြီး ဖြစ်သည်

သာမက………………ဘုရားလည်း ဖြစ်သည်။

၃။ ဘုရားသခင်က ယဇ်ပုရောဟိတ် ကိုယ်စားဘယ်အရာကို အသေခံ စေသနည်း။ ………………

၄။ နွား၏ အသက်သည် ယဇ်ပုရောဟိတ်၏ ……………………ကိုကိုယ်စားပြုသည်။

၅။ နွား၏ အသွေးကို သုံးနေရာ၌ အသုံးပြုသည်။ ထိုနေရာများကို ဖေါ်ပြပါ။ ……………………………

၆။ ကျောက်ကပ်နှင့် ဆီဥကို မည်သည့်နေရာ၌ မီးရှို့ရသနည်း။ ……………………………

၇။ ကျန်သော နွားတကောင်လုံးကို မည်သည့်နေရာ၌ မီးရှို့ရသနည်း။ ……………………………..

၈။ နောင်တ ရ၊ ဆုတောင်းရုံနှင့် ယဇ်ပုရာဟိတ်၏ အပြစ်သည် ဘုရား သင်ကလွှတ်နိုင်သလော၊

…………………………
၉။ နွား၏ အသွေးသည် နွား၏ အ…………………နွား၏ အသက်သည် ယဇ်ပုရောဟိတ်၏ အ…………….ကိုကိုယ်စားပြုသည်။
၁၀။ တိရစ္ဆာန်များသည် လူကိုယ်စားအသက် ပေးနိုင်သလော။
………………………..အဘယ်ကြောင့် တိရစ္ဆာန်များကို ပူဇော်ကြသနည်း။ ………………………..
၁၁။ ဘုရားသခင်သည် လူသား များ၏ အပြစ် အတွက် မည်သူကို အသက် ပေးခိုင်းသနည်း။
……………………..
၁၂။ ဘုရားသခင်က အပြစ် အတွက် အသက်ကို ဘာကြောင့် တောင်းသနည်း။ ……………………….
၁၃။ ဘုရား အလိုတော် အတိုင်း အသက် မရှင်ခြင်းသည် …………………………… ဖြစ်သည်။
၁၄။ ခရစ်တော်က လူသား အားလုံးကိုယ်စားအသက် ပေးပြီ ဖြစ်သောကြောင့် သင်သည် အပြစ် ရှိသေးသလော။ ……………..….
၁၅။ သင်သည် အပြစ် အတွက် သေစရာ လိုသေးသလော။ ………………………………
၁၆။ အပြစ် ဖြေရာယဇ်ပူဇော်စရာ လိုသေးသလော။ …………………………..